www.burmeseclassic.com

အချစ်ဟာသလုံးချင်းဝတ္ထုသစ်

# မိုးဆက်လင်းထက်



# ဒဏ်ရာရှင်းတမ်း

www.burmeseclassic.com

www.burmeseclassic.com



မိုးဆက်လင်းဝရေး

# ဒလက်ရော

## ရှင်းတမ်း

BURMESE CLASSIC

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

- ၅၀၁၃၇၃၀၉၀၉
- ၅၀၁၃၃၂၀၉၀၉

| | | |
|---|---|---|
| | | ဟိန်းမင်းဇော် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၄၃၀၀) |
| | | ၈၈၊ ဒုထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅.၈၃

မိုးဆက်လင်းထက်

ဇာတ်ရာ ရှင်းတမ်း။ မိုးဆက်လင်းထက်။ - ရန်ကုန်။ တော်ဝင်မြို့မစာပေ ၊ ၂၀၀၉ ။

၁၆၄ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) ဇာတ်ရာရှင်းတမ်း



## ဝေါခမ်

ပြုံးဆင်းလာသောကျောင်းသူ၊ ကျောင်းသားတွေကို လင်းဘုန်းထွဋ် ငေးကြည့်နေမိသည်။ ဒီပုံအတိုင်းဆို ကျောင်းလခကို တော်တော်နဲ့ သွင်းလို့ရဦးမှာမဟုတ်ဟု တွေးလိုက်မိ၏။

ဒါတောင် ကျောင်းလခ သွင်းရက်ထက် နှစ်ရက်နောက်ကျခံပြီးမှ လာသွင်းခြင်းဖြစ်သည်။ ဒီလို သုံးရက်မြောက်နေ့မှာ လာသွင်းတာတောင် ကျောင်းသားရေးရာရှေ့မှာ လူကများနေသေးသည်။

သူ ငေးကြည့်နေရင်း အနောက်က ကျောကို လှမ်းပုတ်လိုက်သောကြောင့် လှည့်ကြည့်မိရာ ဝေဖြိုးဖြစ်နေသည်။ ဒီကောင်လည်း သူလို ကျောင်းလခလာသွင်းတာပဲ ဖြစ်မည်ဟုတွေးလိုက်မိ၏။

ဝေဖြိုးက စိတ်ပျက်တဲ့ အမူအရာနဲ့ သူ့ကို ကြည့်ရင်း . . .

"ဒီလောက်လူများတာ ဘယ်လိုလုပ်မလဲ"

"ဘယ်တတ်နိုင်မလဲကွာ . . . သူများတွေလည်း ဒီလိုပဲ လုပ်နေကြတာပဲ"

ဝေဖြိုးက သက်ပြင်းချရင်း . . .

"ငါတော့ နောက်နေ့မှ သွင်းမလားလို့"

သူ ဘာမှပြန်မပြောဘဲ ရှေ့ကလူအုပ်ကို ပြန်ငေးနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝေဖြိုးပြောလည်း ပြောချင်စရာပင်။ လူတွေက ရှုပ်ယှက်ခတ်အောင် များပြားလှ၏။ ထိုအပြင် တစ်ယောက်နဲ့တစ်ယောက် ပြောဆိုနေသံများမှာလည်း ဆူညံကာနေ၏။

ထို့ကြောင့် ဝေဖြိုးဘက်ပြန်လှည့်ကာ . . .

"ဒါဆိုလည်း ကန်တင်းသွားရအောင်ကွာ . . . ငါလည်းနောက်မှပဲ လာသွင်းတော့မယ်"

သူနှင့်ဝေဖြိုး ကန်တင်းဘက်သို့ထွက်လာခဲ့လိုက်၏။ ကန်တင်းရောက်တော့ စားပွဲလွတ်တစ်လုံး ရှာကာ ထိုင်ရင်း . . .

"မင်း ဘာသောက်မှာလဲ"

"ငါ ကျဆိမ့်တစ်ခွက်"

ထို့နောက် ကျဆိမ့်တစ်ခွက်နှင့် သူ့အတွက် နန်းကြီးသုပ်တစ်ပွဲမှာလိုက်သည်။

"ပြီးရင် မင်းအတန်းတက်မှာလား"

ဝေဖြိုးက ခေါင်းခါပြကာ . . .

"ငါ ယုယုနဲ့ ချိန်းထားတယ်"

သူ ပြုံးလိုက်ရင်း . . .

"ဘယ်သွားကြမလို့လဲ"

"အခု သမ္မတမှာ ရုံတင်တဲ့ကား ကြည့်ချင်တယ်ပြောလို့ကွာ . . . လိုက်ပြလိုက်ဦးမယ်"

လင်းဘုန်းထွဋ် သက်ပြင်းချရင်း . . .

"မင်းကို ကြည့်ရတာ မလွတ်လပ်လိုက်တာ"

ဝေဖြိုးက သူ့စကားကို ကြားတော့ မျက်မှောင်ကြုတ်ရင်း

"မင်းက ဘာကို ဆိုလိုတာလဲ"

"ဪ ကိုယ့်ဘာသာကိုယ် နေချင်သလို နေလို့မရဘူးလို့ပြောတာ"





"ဟာ ဟော့ကောင် . . . အဲဒါ ဒုက္ခမဟုတ်ဘူးကွ သုခ . . . သုခ . . . အေးလေ မင်းမှ အဲဒီလို သုခမျိုး မခံစားဖူးဘာ"

လင်းဘုန်းထွဋ်က လက်ခါပြရင်း . . .

"ဒါမျိုးတော့ မခံစားချင်ပါဘူးကွာ . . . စာရင်းရှုပ်လို့"

ထိုအချိန်မှာ မှာထားတဲ့ လက်ဖက်ရည်နှင့် နန်းကြီးသုပ်ရောက်လာသောကြောင့်စကားပြတ်သွားကြ၏။ ဝေဖြိုးက လက်ဖက်ရည် တစ်ငုံလောက်သောက်ပြီး လင်းဘုန်းထွဋ်ကို ကြည့်ကာ . . .

"မင်းက ဘာလို့ မိန်းမတွေကို စိတ်မဝင်စားတာလဲ"

လင်းဘုန်းထွဋ်က ဝေဖြိုးရဲ့အမေးကို ရုတ်တရက်မဖြေနိုင်သေး။ စားလက်စ နန်းကြီးသုပ်ကို အရင်ဆုံးမျိုချကာ ရေနွေးတစ်ကျိုက်လောက် သောက်ပြီးမှ . . .

"မင်းကို စိတ်မဝင်စားဘူးလို့ ဘယ်သူပြောလို့လဲ"

"သိဘူးလေ . . . မင်းပုံစံကြီးက အဲလို ပုံကြီးပေါက်နေလို့"

လင်းဘုန်းထွဋ်က ခေါင်းတစ်ချက် ခါပြကာ . . .

"မင်းမှားနေပြီ . . . ငါက မိန်းမတွေကို စိတ်မဝင်စားတာမဟုတ်ဘူးကွ . . . သူတို့နဲ့ ရည်းစားတော်ရမှာကို စိတ်မဝင်စားတာ"

"ဒါဆို မင်းက ရည်းစားမထားတော့ဘူးလား"

"အဲလိုလည်း မဟုတ်သေးဘူးလေ . . . တကယ်ချစ်တဲ့လူတွေ့ရင်တော့ ထားမှာပေါ့"

"ဒါဆို မင်းမှာ အရင်တုန်းက ရစ်ခုန်ခဲ့ဖူးတဲ့သူတွေ ဘာတွေတော့ရှိဖူးမှာပေါ့"

လင်းဘုန်းထွဋ်က ခေါင်းညိတ်ပြရင်း . . .

"ရှိဖူးတယ် . . . အခုတော့ သူလည်း ယောကျ်ားယူသွားပြီလို့တောင် ကြားတယ်"

"ဟင် မင်းက သူ့ကို ရအောင် မကြိုးစားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာကို ကြိုးစားရမှာလဲ"

"မင်း သူ့ကို ရင်ခုန်တယ်ဆို"

"အေးလေ . . . အဲဒါ ဘာဖြစ်လဲ"

"ဟာ . . ရင်ခုန်ရင်အချစ်ပေါ့ကွ . . မင်းက သူ့ကို ကြိုးစားရမှာပေါ့"

"ဟာ ဒါတော့ မဟုတ်လောက်ဘူးထင်တယ်"

ဝေဖြိုးက မျက်မှောင်ကြုတ်သွားကာ . . .

"ဘာလို့လဲ"

"ငါ သူ့ကို ရင်ခုန်တယ်ဆိုတာ အဲဒီတုန်းက ကျောင်းဆင်းတော့ သူ ပြေးထွက်လာတာ"

လင်းဘုန်းထွဋ်က စကားကိုခဏရပ်ကာ မီးညှိထားတဲ့ စီးကရက်ကို ဖွာလိုက်သည်။ ပြီးတော့ ဝေဖြိုးဘက်ကို တစ်ချက်လှည့်ကြည့်၏။ ဝေဖြိုးက သူ့စကားကို စိတ်ဝင်တစား နားစိုက်ထောင်ရင်း ငေးကြည့်နေမှန်းသိတော့ ကျေနပ်သွားကာ ဆက်ပြော၏။

"အဲဒီတုန်းက သူ ပြေးထွက်လာတာ ကံကောင်းလို့ ကားတိုက်မိတော့မလို့ . . . ငါ အချိန်မီအော်လိုက်လို့ပေါ့ . . . တကယ်ပြောတာ . . . ငါ သူ ကားတိုက်ခံရတော့မှန်းလည်းသိရော ရင်ခုန်လိုက်တာကွာ . . . အဲဒါအချစ်လား"

ဝေဖြိုး ကြောင်တောင်တောင်ဖြစ်သွားပြီးမှ . . .

"ခွီးပဲ . . . ငါက အကောင်းအောက်မေ့လို့ နားထောင်နေတာ . . . မင်းက ငါ့ကိုနောက်နေတာကိုး . . . မင်းစကားနားထောင်နေရတာနဲ့ ရုပ်ရှင်မမီဘဲနေဦးမယ် . . . ငါသွားတော့မယ်"

ဝေဖြိုး လက်မှနာရီကိုကြည့်ကာ ခေါင်းခါခါ၊ လည်ခါခါနှင့် ထထွက်ကာသွား၏။ လင်းဘုန်းထွဋ် ပြုံးရင်းကျန်ခဲ့သည်။ ပြီးတော့ သက်ပြင်းကိုချသည်။ သူ့ကို ရင်ခုန်အောင်လုပ်နိုင်တဲ့ မိန်းကလေး မရှိတော့ဘူးလားဟု တွေးလိုက်မိ၍ဖြစ်တော့၏။





## ဂဂါဖူး

ဆိုရင် ဟောဒီတစ်မေဂျာလုံး မသိတဲ့လူ မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူမက ဒီမေဂျာရဲ့ကွင်း ဖြစ်နေသောကြောင့် ဖြစ်လေသည်။ သူမကျောင်းတက်ချိန် ကျောင်းဆင်းချိန်များတွင် သူမအခန်းရှေ့ကော်ရေတာမှာ စောင့်နေသော ငနဲသားများက မနည်းမနောပင်။

ဆေးတက္ကသိုလ်ကပါသည်။ နည်းပညာတက္ကသိုလ်ကပါ၏။ တစ်ခါတရံ စစ်ဗိုလ်၊ သင်္ဘောသားတွေပါ ဘယ်ကဘယ်လို သတင်းရပြီး ရောက်လာကြမှန်းမသိပေ။

သို့သော် ယနေ့အချိန်အထိ ဂဂါဖူးဆိုတဲ့ ကောင်မလေးရဲ့ အချစ်ပန်းကို ဘယ်ပုရိသ ယောကျ်ားတစ်ယောက်ကမှ ခူးဆွတ်မယူနိုင်သေးပေ။

သို့သော် သူမ၏ အလှဝဲဂယက်နှင့် အချစ်ပင်လယ်ကို ဖြတ်ကူးရင်း ခြေကုန်လက်ပန်းကျ၍ နစ်မြုပ်သွားကြသော ငနဲသားများကတော့ မနည်းတော့ပြီဖြစ်သည်။

အခုလည်း ဆံပင်အနည်းငယ်ရှည်၍ နေကာမျက်မှန်တပ်ကာ မတ်တတ်ရပ်နေသည်။ ပြီးတော့ ဂဂါဖူး လာမည့်လမ်းကို မျှော်ရင်း သက်ပြင်းတချချ လုပ်နေ၏။ အချိန်အတော်ကြာသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



သူမ မလာသေးသောကြောင့် တိုင်ကို စတိုင်ကျကျမှီထားရာမှ ခန္ဓာကိုယ်ကိုမတ်ကာ စီးကရက်တစ်လိပ်ကို ထုတ်ဖွာလိုက်သည်။

ထိုအချိန်မှာ ကားတစ်စီး လမ်းအတိုင်းဝင်လာသည်။ အဆောင်ရှေ့ ကွက်လပ်ရောက်တော့ ကားက ညင်သာစွာရပ်သွား၏။ ထို့နောက် ကားပေါ်မှ ကျောင်းသူတစ်ယောက် ဆင်းလာသည်။ ထိုကျောင်းသူကို မြင်လိုက်ရသည်နှင့် ခုန စီးကရက်ဖွာနေသော ကောင်ခမျာ အထက်အရာရှိကို တွေ့လိုက်သောစစ်သားတစ်ယောက်လို သတိအနေအထား ချက်ချင်းဖြစ်ကာသွား၏။ အဲဒီလောက်ဆို ကားပေါ်ကဆင်းလာတဲ့ ကောင်မလေးက ဘယ်သူဆိုတာ သဘောပေါက်လောက်ပြီထင်သည်။

ထိုလူက ထိုကောင်မလေးအနားရောက်တာနှင့် လေသံသဲ့သဲ့နှင့် . . .

"ဂင်္ဂါ"

သူမ မျက်စိအကြည့်က ရှေ့တစ်ပေလောက်ကိုမျက်လွှာလေးချပြီး ကျော်ကြည့်ထားရာမှ ခေါ်သူဘက်ကို အနည်းငယ်လေး စောင်းကြည့်လိုက်သည်။

သူမက အကြည့်ကို ဒီဂရီအနည်းအကျဉ်းလေးသာ စောင်းလိုက်ရသော်လည်း အကြည့်ခံလိုက်ရသော သူအဖို့မှာတော့ ကမ္ဘာတစ်ခြမ်းပျက်သွားရလောက်အောင် ရင်ထဲမှာ ဝုန်းဒိုင်းကြဲကာသွား၏။ သူမက တစ်ချက်ပြုံးလိုက်ကာ . . .

"ရှင် . . . ကျွန်မ နာမည် ခေါ်လိုက်သလားလို့"

ထို ငတိက . . .

"ဟုတ် . . . ဟုတ်ပါတယ်"

သူမကလမ်းလျှောက်မပျက် ခပ်အေးအေးပင်ပြန်မေးလိုက်သည်။





"ဆိုစမ်းပါဦး ဘာကိစ္စလဲ . . ."

"ဟိုဟာ . . . ဟိုလေ . . ."

သူမ နောက်ကိုခပ်ရှိုးရှိုးလေးလိုက်လာသော ငတိမှာ ခေါင်းက ဆံပင်ကိုဖွလိုက်၊ နှာခေါင်းကိုပွတ်လိုက်နှင့် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေသည်။

သူမကတော့ ထိုငတိဘာဆက်ပြောမလဲ နားထောင်ရင်းနှင့် ဆက်လျှောက်လာသည်။ ခဏကြာတော့ သူမရှေ့သို့ စာအိတ်လေးတစ်အိတ်ရောက်ကာလာ၏။

ထိုငတိက ထိုစာအိတ်ကို စင်မြင့်ပေါ်သို့ ဆုယူရန်တက်လာသော ကျောင်းသားတစ်ယောက်လို ခြေထောက်နှစ်ဖက် စုံရပ်၍ လက်နှစ်ဖက်နှင့် တရိုတသေကိုင်ကာ ပေးခြင်းဖြစ်သည်။

သူမ ထိုအမူအရာကို ကြည့်၍ရယ်ချင်သွားကာ အားရပါးရပြုံးလိုက်မိ၏။ သူမအပြုံးကို ထိုငတိက ဘယ်လို သဘောပေါက်သွားသည်မသိ တော်တော်လေး အားတက်ကာသွား၍ . . .

"ကျွန်တော့်ရဲ့ စာလေးကို လက်ခံပေးပါနော်"

သူမက စာအိတ်လေးကို စက္ကန့်ပိုင်း အနည်းငယ်လောက် စိုက်ကြည့်လိုက်ပြီး အသာအယာဆွဲယူလိုက်ကာ . . .

"လက်ခံပေးမယ်လေ . . . ဒါပေမဲ့ ဖတ်ဖြစ် မဖတ်ဖြစ်တာတော့ မသေချာဘူးနော်"

ငတိမျက်နှာချက်ညိုးသွားသည်။ သို့သော် ချက်ချင်းကပြန်ဆယ်လိုက်ကာ . . .

"ဂင်္ဂါဖူး ဆိုတဲ့ကောင်မလေးတစ်ယောက်က သူ့ကိုပေးတဲ့ ရည်းစားစာတစ်စောင်ကို အလွယ်တကူ ဖတ်လိမ့်မယ်လို့ မထင်မိပါဘူး ဒါပေမဲ့ဗျာ . . .

ကျွန်တော့်အလှည့်ကျမှ ရာသီဥတုသာယာပြီး စိတ်ကြည်



www.burmeseclassic.com

www.burmeseclassic.com



လင်လို့ ဒီစာလေးကို ဖောက်ဖတ်လိမ့်မယ် ဆိုရင်တော့ ကျွန်တော့် လောက် တံကောင်းနိုင်သူ ရှိပါ့မလား"

ဒီလိုဖြစ်လာမယ်လို့ ကြိုတင်တွက်ဆထား၍ အိမ်ကထွက် လာကတည်းက ထိုစာသားများကို အလွတ်ကျက်လာပုံရသည်။

ဂဂ်ါဖူး တစ်ချက်ပြုံးလိုက်၏။

ထို့နောက် ခေါင်းတစ်ချက်ညိတ်ပြကာ . . .

"ရှင်ကံကောင်းပါစေလို့ ကျွန်မဆုတောင်းပါတယ် . . ."

ပြောပြီး ခြေလှမ်းသွက်သွက်နှင့် စာသင်ခန်းထဲဝင်သွား တော့၏။ ငတိကတော့ စာသင်ခန်းအပေါက်ဝတွင် ယောင်လည်လည် လုပ်ရင်း ကျန်ခဲ့လေတော့သည်။

ဂဂ်ါဖူး စာသင်ခန်းထဲရောက်တော့ သူမထိုင်နေကျနေရာ မှာ နှင်းဆီပန်းတစ်စည်းကို တွေ့လိုက်ရသည်။ နှင်းဆီပွင့်တွေက ငွားငွားစွင့်စွင့်လှပပြီး အခုမှ လတ်လတ်ဆတ်ဆတ်ခူးလာပုံရသည်။ ထိုနှင်းဆီပွင့်တွေကြားတွင် စာတစ်စောင် ညှပ်ကာထားသည်။ သူမ နှင်းဆီစည်းကို အသာအယာ မ,ယူရင်း တစ်ချက်ပြုံးလိုက်မိသည်။

ဒီလို ကဗျာဆန်ဆန် လုပ်ဆောင်ချက်ဆိုလျှင် စိတ်ပညာ အဓိကမှ ကိုကိုတင်ဝင်း ဖြစ်လိမ့်မည်ဟု တွေးလိုက်မိ၍ ဖြစ်ပါသည်။







## လင်းအာရုံတွင်

တစ်ယောက် လွယ်အိတ်တစ်လုံး၊ ထီးတစ်ချောင်းနှင့် ထမင်း ချိုင့်တစ်ခုကိုပိုက်ကာ အလုပ်ရှုပ်ကာနေသည်။

လွယ်အိတ်ကို ပခုံးမှလွယ်၍ ကမင်းချိုင့်တစ်ဖက်၊ ထီးတစ် ဖက်ကို ကိုင်လာပြန်တော့လည်း သိပ်အဆင်မပြေလှ။

ထမင်းချိုင့်က လောလောလတ်လတ်ထည့်လာ၍ တော် တော်လေးပူနေသေးသည်။ ထို့ကြောင့် လမ်းလျှောက်လျှင် သူ့ရဲ့ပေါင် နှင့် ထမင်းချိုင့်က မကြာခဏ လာလာကပ်၍ ဒုက္ခရောက်ရ၏။ တစ် ဖက်က ထီးကျတော့လည်း ခုန မိုးရွာထား၍ ဆောင်းလာသော ကြောင့် စိုရွှဲကာနေသည်။ ထို့ကြောင့် လွယ်အိတ်ကိုပါ ထီးနဲ့ထိပြီး စိုမှာစိုး၍ လက်အနည်းငယ်မြှောက်ကာ ကိုင်လာရသည်။

ထို့အတူ တစ်ဖက်ကလည်း ထမင်းချိုင့်ကို ပေါင်နဲ့ထိမှာစိုး၍ လက်မြှောက်ကာ ကိုင်လာသောကြောင့် ရုတ်တရက်ကြည့်လျှင် ချိုင်းမှာကိန္နရာနာပေါက်၍ လမ်းလျှောက်လာသူနှင့် တူနေသည်။

သူ့ပုံစံကို ကြည့်၍ ဝေဖြိုးက . . .

"မင်းပုံစံက ဘာဖြစ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြိုးက သူ့လက်ထဲမှ ထမင်းချိုင့်ကို ကြည့်ကာ . . .

"ဒီနေ့ကျမှ ထူးထူးဆန်းဆန်း ထမင်းချိုင့်တွေ ဘာတွေ ထည့်လို့ ဘယ်လိုဖြစ်တာလဲ"

"ဒီနေ့ အိမ်မှာ ဖားသားဟင်းချက်တယ်လေ . . . အဲဒါ ငါ ကြိုက်တတ်မှန်းသိလို့ ဒေါ်လေးက ထည့်ပေးလိုက်တာ"

ဝေဖြိုး မျက်လုံး အရောင်တောက်သွားကာ . . .

"ဟုတ်လား . . . ဖားသားဆို ငါလည်း အရမ်းကြိုက်တာ"

"မင်း စားချင်တယ်ပေါ့"

"ဒါဆို ထမင်းချိုင့်ကိုင်ပြီး လိုက်ခဲ့ . . . ရော့"

ဒီလိုနဲ့ သူ့ဘဝက အဆင်ပြေသွားသည်။ ဝေဖြိုးက ထမင်းချိုင့်ကိုကိုင်၍ လင်းဘုန်းထွဋ်နောက်လိုက်ကာလာ၏။

အခန်းထဲ ရောက်တော့ လွယ်အိတ်နဲ့ ထမင်းချိုင့်ကိုထားကာ ကန်တင်းကို ပြန်ထွက်ခဲ့တော့သည်။ ထီးကိုတော့ မိုးရွာလျှင်ဆောင်းဖို့ ပြန်ယူလာခဲ့ပါသည်။

ကျောင်းခန်းအပြင်ရောက်တော့ ဝေဖြိုးက သူ့ပခုံးကိုဖက်ကာ . . .

"လင်းဘုန်းထွဋ် . . . မင်း ကျောင်းပြီးရင် ဘာလုပ်မလဲ"

ရုတ်တရက် မေးလာသော အမေးကြောင့် လင်းဘုန်းထွဋ် တစ်ချက် စဉ်းစားသွားသည်။ ပြီးတော့မှ . . .

"အတည်တကျတော့ ငါ မစဉ်းစားရသေးဘူးကွ . . . အင်း ဒါပေမယ့် ငါ့မိဘတွေရဲ့ လက်ငုတ်လက်ရင်း ခြံအလုပ်ပဲ ပြန်လုပ်ဖြစ်မယ်ထင်တယ်"

လင်းဘုန်းထွဋ်တို့ မိဘတွေက ရှမ်းပြည်နယ်ဘက်မှာ လိမ္မော်ခြံတွေ ပိုင်ဆိုင်ကြသည်။

ဒါကို သူက ဆိုလိုခြင်းဖြစ်၏။





ပြီးတော့ သူတို့က ဒီမှာ လက်ဖက်ခြောက်ပွဲရုံတစ်ခုလည်း ဖွင့်ထားကြ၏။

ဝေဖြိုးက သက်ပြင်းချကာ . . .

"ငါကတော့ သင်္ဘောလိုက်ဖို့ ဆုံးဖြတ်ထားတယ်"

"ကောင်းသားပဲ . . . မင်းအဖေကလည်း ကပ္ပတိန်ဆိုတော့ မင်းအတွက် လွယ်တာပေါ့ . . . ဪ ဒါနဲ့ ထွန်းကိုဆိုတဲ့ တစ်ယောက် တောင် သင်္ဘောတက်သွားတာ ဒီတစ်ခေါက်ကြာတယ်နော် . . . ဒီ ကောင် မင်းဆီကိုရော ဆက်သွယ်သေးလား"

ဝေဖြိုး ခေါင်းခါပြလိုက်ကာ . . .

"မဆက်သွယ်ဘူး . . . မင်းဆီရော"

"ငါ့ဆီလည်း ဖုန်းမဆက်ဘူးကွ . . . ဒီကောင်နေနိုင်လိုက်တာ"

"အလုပ်ရှုပ်နေလို့ နေမှာပါကွာ . . . ဒီကောင်တွေအလုပ်ကလည်း သိတဲ့အတိုင်း ကုန်းပေါ်ရောက်မှ ဖုန်းလေးဘာလေးဆက်လို့ အဆင်ပြေတာမလား"

ထို့နောက် သူတို့ကန်တင်းရောက်လာကြသည်။

သူတို့ လက်ဖက်ရည်တစ်ယောက်တစ်ခွက်စီ မှာပြီးနောက် လင်းဘုန်းထွဋ်က ဝေဖြိုးအား . . .

"မင်းတို့ မနေ့က သွားကြည့်တဲ့ ရုပ်ရှင်ကောင်းလား"

ဝေဖြိုးက ခေါင်းညိတ်ပြကာ . . .

"ရယ်ရတယ်ကွ . . . ယုယုဆို ပါးစပ်တောင် မစေ့ဘူး"

ယုယု နာမည်ကြားတော့မှ လင်းဘုန်းထွဋ်က တစ်ခု သတိရသွားကာ . . .

"မင်းနဲ့ ယုယု အခြေအနေကရော ဘယ်လိုလဲ"

"ဘာကို မေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . အရာအားလုံးကိုပေါ့"

ဝေဖြိုးက ခေါင်းကို အသာအယာညိတ်ပြကာ . . .

"အဆင်ပြေတယ်လို့ပဲ ဆိုရမှာပေါ့ကွာ . . . သူနဲ့ငါနဲ့က တော့ နှစ်ဦးနှစ်ဖက် ချစ်ပြီးကြိုက်ပြီး ရည်းစားတွေ ဖြစ်လာကြတော့ ပြဿနာတော့ မရှိဘူးပေါ့ . . . ဒါပေမဲ့ သူ့အိမ်ကတော့ ဒီအရွယ်တွေနဲ့ ရှေ့ရေးကို ရေရာတဲ့ အဖြေတစ်ခု မထွက်ခင် လက်မတွဲသင့်သေးဘူးလို့တော့ ပြောတယ်"

"ဒါတွေကတော့ မိန်းကလေးရှင်အနေနဲ့ ပြောတာ မဆန်းပါဘူးကွာ . . . အဲ သဘောတူတယ်ဆို ပြီးတာပဲ"

ဝေဖြိုးက ခေါင်းကို အသာအယာညိတ်ပြကာ . . .

"ငါ့ကိုတော့ မငြင်းပါဘူး . . . ဒါပေမဲ့ ငါ့အလုပ်က အခု ကျောင်းသားဆိုတဲ့အလုပ်တစ်ခုပဲ ရှိသေးတော့ တစ်ယောက်နဲ့ တစ်ယောက် လွန်လွန်ကျူးကျူးတွေ မရှိအောင် တားတာနေမှာပေါ့"

"နောက်ဆို မင်းလည်း သဘောတက်သွားရင် ဒါတွေက အလိုလိုပြေလည်သွားမှာပါကွာ"

ဝေဖြိုးက ခေါင်းတညိတ်ညိတ်လုပ်သည်။ ဘာမှတော့ ဆက်မပြောပေ။ သို့သော် တစ်စုံတရာကို အလေးအနက်ထားပြီး တွေးနေပုံတော့ရ၏။ သူတို့စကားဝိုင်းလေးက ခေတ္တငြိမ်သက်သွားသည်။ လင်းဘုန်းထွဋ်လည်း လက်ဖက်ရည်ကိုသောက်ရင်း စဉ်းစားခန်းဝင်နေမိ၏။

သူကတော့ တခြား ထွေထွေထူးထူး မရှိပေ။ ကျောင်းပြီးလျှင် မိဘတွေရဲ့ ခြံလုပ်ငန်းကို ဝင်ရောက်ဦးစီးလိုက်ရုံသာရှိသည်။ သို့သော် လူ့စိတ်ဆိုတာ လက်တစ်ဖျစ်မှာတင် ကုဋေတစ်သန်းလောက် ပြောင်းလဲနိုင်သောကြောင့် သူ့အတွေးများကလည်း ဟိုဒီလွင့်တာနေ၏။

သို့သော် ဘာမှတော့ ရေရေရာရာ မရှိလှပေ။





## ဒီနေ့တော့

ရင်ဖုံးအင်္ကျီလေးနှင့် အောက်က ဒီဇိုင်းစိပ်စိပ် ချိတ်ထဘီလေး ဝတ်သွားမည်ဟု စဉ်းစားထားသည်။ ခေတ်နဲ့အညီ အပြေးလိုက်ကာ ဝတ်စားဆင်ယင်နေကြသော ဒီခေတ်ကြီးတွင် သူမရဲ့ ရိုးရှင်းလှသော မြန်မာဆန်ဆန် အဝတ်အစားလေးက ထင်းခနဲ ပေါ်လွင်နေမှာ သေချာသည်။

နဂိုကတည်းက ထင်ရှားနေသော သူမက အခုလို ဝတ်စားလိုက်တော့ အလှပေါ်အယဉ်ဆင့်ကာ ဂုဏ်တင့်လို့နေပြန်၏။

သူမ စာသင်ဆောင်ရှေ့က ကော်ရေတာပေါ် ခြေချလိုက်သည်နှင့် အားလုံးရဲ့မျက်လုံးတွေက သူမဆီ စုပြုံရောက်လာကြသည်။ သူမက အင်္ကျီ ထဘီကိုသာ မြန်မာမှုပြုလာသည်မဟုတ်။ လွယ်အိတ်ကအစ အင်းလေးဂျပ်ခုတ်လွယ်အိတ်ကို လွယ်လာသည်။

ပြီးတော့ စာအုပ်နှစ်အုပ်လောက်ကို ရင်ဘတ်ရှေ့မှထား၍ ပိုက်ကာ သူမရဲ့ထုံးစံအတိုင်း မျက်လွှာလေးကို လေးဆယ့်ငါး ဒီဂရီလောက်ချပြီး လျှောက်လာခဲ့ခြင်းဖြစ်၏။

လေ့ကျင့်မထားပါဘဲနှင့် မွေးရာပါ ပါရမီအရ သူမ လမ်းလျှောက်တာကလည်း ဆင်မယဉ်သာလို အချိုးကျ လှပနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတချို့က သူမကိုကြည့်၍ . . .

"ဘာထွင်လာပြန်ပြီလဲ မသိဘူး . . . တရားရိပ်သာနဲ့ တက္ကသိုလ်မှားဝင်လာပြီနဲ့တူတယ်"

ဟု မကြားတကြား ပြောကြ၏။ ဒါကိုတော့ သူမကို မနာလိုလို့ ပြောကြတာဟု မှတ်ယူထားပြီးသား ဖြစ်၍ အထူးတလည် စိတ်ဆိုးမနေတော့ပေ။

သူမ လမ်းလျှောက်လာရင်း စာသင်ခန်းနှစ်ခန်းလောက် အလွန်တွင် တိုင်ကွယ်က မိုက်ကယ်ဆိုသောလူ ထွက်လာသည်။ သူမ ရှေ့ကိုရောက်တော့ တပ်ထားတဲ့နေကာမျက်မှန်ကို ဟန်ပါပါ ကောက်ချွတ်ပစ်လိုက်၏။

ဒါကတော့ . . . ဟောလိဝုဒ်မှ နာမည်ကြီးကားတွေထဲက မင်းသားတွေ စတိုင်လ်ဖမ်းလိုက်ခြင်းပါ။

သို့သော် မိုက်ကယ် ကံဆိုးသွားရှာသည်။ သူက မျက်မှန်ကို ရုတ်တရက် ကောက်ချွတ်လိုက်စဉ် မျက်မှန်ကိုင်းတစ်ဖက်က ရုတ်တရက် ပြုတ်ထွက်ကာသွား၏။

မိုက်ကယ် သူ့မျက်မှန်ကို ကြောင်တောင်တောင်ကြီး ကြည့်နေပြီးမှ သူမကို . . .

"ဂဂီ ပလိ(စ်) (please)"

ဂဂီက ခြေလှမ်းကို ရုတ်တရက်ရပ်လိုက်ရင်း . . .

"နင် ဘာပြောမလို့လဲ . . . ငါအတန်းဝင်တော့မလို့"

မိုက်ကယ်က သူနဲ့တစ်ခန်းတည်းဖြစ်၍ တစ်ယောက်နဲ့ တစ်ယောက်သိနေသည်။ သို့သော် သိပ်အခင်မင်ကြီးတော့ မဟုတ်ပေ။ တစ်တန်းတည်းသားချင်းတွေဆိုတော့ မျက်မှန်းတန်းမိနေခြင်းဖြစ်သည်။

တစ်ခါ တစ်ခါ ဒီကောင် ဒီလိုပဲ ကြောင်တောင်တောင်လိုက်လုပ်တတ်တယ်ဆိုတာ သူမ သိထား၍ အဆန်းမဟုတ်တော့ပေ။





ဟိုတစ်ခါကလည်း နွဲ့ယဉ်ဝင်းသီချင်းကို အားကသည်ဆို၍ ပုဆိုးနဲ့ တိုက်ပုံဝတ်ကာ သူမကို စကားလိုက်ပြောဖူးသည်။ အခုလည်း ဘာထပ်လုပ်ဦးမည်မသိ။

"နင်ကလည်းဟာ တစ်တန်းတည်းသားချင်းတွေကို တွေ့လိုက်ရင် ဒီလိုချည်းပဲ"

"ဟဲ့ နင့်လို ငါက အားနေတာ မဟုတ်ဘူး . . . ငါ အတန်းတက်ဦးမယ်ပြောတာ ဘာဖြစ်လဲ"

"ဘာမှတော့ မဖြစ်ပါဘူးဟာ . . . ငါက နင်နဲ့စကားပြောနေရရင် လောကကြီးက အရာအားလုံးသာယာသွားလို့ပါ"

"အောင်မာ . . . နင်သာယာအောင်ပဲ ငါက အားအားယားယား စကားပြောပေးရဦးမှာလား"

သူမ ပြောရင်း ရှေ့ဆက်လျှောက်လာလိုက်၏။ မိုက်ကယ်က သူမနောက်ကို အယားဖားယားလိုက်လာကာ . . .

"ဟဲ့ . . . ဟဲ့ နေပါဦး . . . ငါက အကောင်းပြောမလို့ပါ နင်ကလည်း"

ရှေ့မှ လက်ကိုပိတ်ထား၍ ဟန့်တားမှုကြောင့် သူမခြေလှမ်းကို ရုတ်တရက်ရပ်ပစ်လိုက်ကာ . . .

"နင် အဲလိုလုပ်ရင် ငါ ဆရာမနဲ့တိုင်မှာနော်"

မိုက်ကယ်က သူမစကားကို စပ်ဖြီးဖြီးလုပ်ရင်း စာအိတ်ခပ်ကြီးကြီးတစ်အိတ်ထုတ်ပေး၏။

"အဲဒါ ဘာလဲ"

"စာ . . ."

"ကျွတ် . . . ခက်တာပဲ . . . မနက်စောစောစီးစီး ဘယ်လိုကောင်နဲ့ လာတွေ့နေလဲ မသိဘူး"

"ဟဲ့ . . . နင့်ကို ငါက လာလည်းပေးရသေးတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးမတင်တဲ့အပြင် ငါ့ကိုတောင်ပြန်ကောနေသေးတယ် ဟုတ်လား"

"အံမယ် အံမယ် . . . နင်ကများ"

"နေဦး . . . နင် ဆက်မပြောနဲ့ဦး . . . ဒါက ဘာလဲရော သိရဲ့လား"

"ငါ ဘယ်သိမှာလဲ"

"ဒါ နင့်ကို ခင်မေဦးက ပေးခိုင်းလိုက်တာ"

ခင်မေဦးအသံကြား၍ သူမမျက်မှောင်ကြုတ်ကာသွားသည်။

"သူက ဘယ်သွားလို့ ငါ့ကို ပေးခိုင်းလိုက်တာလဲ"

"သူက ဒီနေ့ကျောင်းမလာဘူး . . . အဲဒါ ဒီဖိတ်စာကို နင့်ကိုပေးခိုင်းလိုက်တာ"

"ဘာဖိတ်စာလဲ"

"သိချင် ဖတ်ကြည့်ပေါ့ဟ"

သူမ မိုက်ကယ့်လက်ထဲက ဖိတ်စာကို ရုတ်တရက်ဆွဲယူလိုက်၍ . . .

"အကြောင်းကြောင်းနဲ့ ဘယ်လိုကောင်မှန်းမသိဘူး"


ဟုပြောကာ အခန်းထဲ လှမ်းဝင်လိုက်တော့၏။ မိုက်ကယ်နဲ့ ဒီမနက်တွေ့လိုက်ရတာ သူမအတွက် တစ်ခုတော့ကောင်းသည်။

ဒီကောင် သူမဘေးနားမှ အကြောင်းကြောင်းလိုက်လုပ်နေ၍ သူမကို ဒီမနက်ချဉ်းကပ်ဖို့ပြင်ဆင်လာသော သကောင့်သားတို့ လက်လျှော့သွားရတော့၏။

ဇွဲနဘဲကြီးစွာ သူမ အတန်းပြီးအောင်စောင့်နေသော ဇော်တိ တစ်ယောက်နှစ်ယောက်သာ ကော်ရေတာမှာ ရစ်သီရစ်သီလုပ်ရင်း ကျန်ရစ်ခဲ့သည်မှလွဲ၍ ဘယ်သူမှ မရှိတော့ပေ။








ကလည်းဟယ် . . . နင့်အစ်မ မင်္ဂလာဆောင် ဖိတ်စာပေးတာပဲ နောက်မှပေးလို့ရရဲ့သားနဲ့ . . . ဒီအကြောင်းကျားကိုမှ ပေးခိုင်းရလား"

သူမ စကားကြောင့် ခင်မေဦးက ရယ်သည်။ ထို့နောက် ခင်မေဦးရဲ့ ထုံးစံအတိုင်း လက်ကလေးကို ခါကာ ခါကာနှင့် သူမကို ပြန်ပြော၏။

"ငါလည်း ဒီရက်ပိုင်း အဲဒီမင်္ဂလာဆောင်ကိစ္စနဲ့ အလုပ်ရှုပ်နေတာနဲ့ပဲ သတိရတုန်းပေးထားတာ . . . မိုက်ကယ်က ခင့်ဖို့ ကောင်းပါတယ်ဟာ . . . သူနဲ့ငါနဲ့က အိမ်နီးချင်းဆိုတော့ သူ့ကိုပဲ ပေးခိုင်းရတော့တာပေါ့"

ခင်မေဦး ပြောတာကိုတော့ သူမလက်ခံသည်။ မိုက်ကယ်က အကြောင်းကြောင်းနိုင်သော်လည်း ခင်ဖို့တော့ကောင်းသည်။ သူငယ်ချင်းတွေ အကူအညီလိုလျှင်လည်း မညည်းမညူလုပ်ပေးတတ်၏။

ခင်မေဦးဆို သူမ ကျောင်းလခကို ကိုယ်တိုင်သွားမသွင်းတာ တောင် ကြာလှပြီ။ မိုက်ကယ့်ကို သွင်းခိုင်းနေ၍ ဖြစ်သည်။ မိုက်ကယ် ကလည်း ခင်မေဦးကို သဘောကျနေလား မသိ။ သူမ ခိုင်းတာဆို

www.burmeseclassic.com



အကုန်လုပ်ပေးတတ်သည်။ ခင်မေဦးကလည်း သူမတို့အခန်းထဲက နာမည်ကြီး အချောအလှလေးတွေထဲမှာ တစ်ယောက်အပါအဝင် ဖြစ်၍ ယောကျ်ားလေး တော်တော်များများက အခိုင်းတော်ခံချင်နေကြပါသည်။

"ဒါနဲ့ နင့်ကို အကူအညီတောင်းရဦးမယ်"

ခင်မေဦး အပြောကြောင့် ဂဂီလှည့်ကြည့်ကာ . . .

"ဘာလဲ"

"နင် ငါ့အစ်မ မင်္ဂလာဆောင်မှာ သတို့သမီးအရံလုပ်ပေးပါလား"

"ဟာ မလုပ်ချင်ပါဘူး . . . ရှက်စရာကြီး . . . ပြီးတော့ ငါက အဲဒါမျိုးတစ်ခါမှ မလုပ်ဖူးတာ"

ခင်မေဦးက ပြုံးစစနှင့် သူမလက်မောင်းလေးကို ညှစ်လိုက်ကာ . . .

"နင်ကလည်းဟယ် . . . ကူညီပါ . . . နင့်လို ချောချောလှလှလေးက သတို့သမီးအရံ လုပ်တော့ ကောင်းတာပေါ့ဟ"

"နင်ကျတော့ မလုပ်ဘူးလား"

"ဟီး ဟီး လုပ်ချင်တာပေါ့ . . . ငါ့အစ်မက ငါ့ကို မလုပ်ခိုင်းလို့"

"ဘာလို့လဲ"

"သိပါဘူးဟယ် . . . သူ့မင်္ဂလာဆောင်မှာ သူ့ညီမကို သတို့သမီးအရံ လုပ်ခိုင်းရမှာ ရှက်တယ်တဲ့"

"ဘာဆိုင်လို့လဲ"

"သိဘူးလေ"

ဘာမှန်းမသိ သူတို့ရယ်မိကြသည်။ အရယ်ရပ်တော့ ခင်မေဦးက စကားကိုဆက်သည်။





"အဲဒါ ငါက နင့်ကို အကြံပြုတော့ သူတို့တွေက ချက်ချင်း လက်ခံကြတယ် . . . အဲဒါ နင့်ကို ရအောင်ပြောတဲ့"

ဂဂီ စိတ်ညစ်စွာ ခေါင်းကုပ်မိသည်။ ခင်မေဦးအစ်မနဲ့လည်း ခင်နေ၍ ဘယ်လိုငြင်းရမှန်းမသိပေ။

"ငါ တစ်ယောက်တည်းလား"

"ဘယ်ကလာ . . . သတို့သားဘက်က တစ်ယောက်ပါတယ် . . . သူ့ညီမဝမ်းကွဲတဲ့"

"ဒါနဲ့ သတို့သားအရံတွေကရော"

"ငါတို့ဘက်က ငါ့အစ်ကို တစ်ယောက်ရယ် . . . သူတို့ဘက်က တစ်ယောက်ပါတယ်"

ဂဂီလုပ်သင့် မလုပ်သင့်စဉ်းစားရင်း ငိုင်နေမိသည်။ ဂဂီ ပုံစံကိုကြည့်၍ နည်းနည်းလောက်ထပ်ပြောရင် ရပြီဆိုတာ ခင်မေဦး သဘောပေါက်၏။ ထို့ကြောင့် . . .

"လုပ်ပါဟယ် . . . နင်ကလည်း . . . နင့်အလှည့်ကျရင် ငါ ပြန်လုပ်ပေးမှာပေါ့"

ဂဂီက ခင်မေဦးကို မျက်စောင်းထိုးလိုက်ကာ . . .

"ရည်းစားဖြင့် မှုံလို့တောင်ရှုစရာမရှိတာ . . ငါက ဘယ်သူ့ကို လက်ထပ်ရမှာလဲ"

"အမလေး . . . အမလေး နင်ကများ ပြောရတယ်ရှိသေးတယ် . . . နင်က မရှုချင်လို့ပါ . . . နင်ရှုချင်ရင် အရှုခံချင်တဲ့လူတွေ အများကြီး"

ခင်မေဦးစကားကြောင့် သူမ ခေါင်းမော့ကာ အားရပါးရ ရယ်မောလိုက်သည်။ ပြီးမှ . . .

"အဲဒီလောက်လည်း မြှောက်ပြောမနေပါနဲ့ဟာ . . . ငါ လုပ်ဆို လုပ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင့်မေဦးမျက်နှာ ချက်ချင်းပြုံးသွား၍ . . .

"ဒီလိုမှပေါ့ဟ . . . ဒီသတင်းသာ ငါ့အစ်မသိရင် သိပ်ဝမ်းသာသွားမှာ သိလား"

ထို့နောက် စာသင်ခန်းထဲ ဆရာမဝင်လာ၍ သူတို့စကားရပ်လိုက်ကြတော့သည်။







## လင်းဘုန်းထွဋ်

က လက်ထဲမှာ ကိုင်ထားသောစာအိတ်လေးကို ဖင်ပြန်ခေါင်းပြန်ကြည့်နေမိသည်။

ထိုအချိန်မှာ ဝေဖြိုးက သူ့ဘေးနားရောက်လာ၍ လင်းဘုန်းထွဋ်ကိုကြည့်တာ . . .

"အဲဒီစာက ဘာလဲ"

လင်းဘုန်းထွဋ်က . . .

"ငါ့အဒေါ်ရဲ့ မိတ်ဆွေတစ်ယောက်က လူကြုံပေးလိုက်တဲ့စာပါ . . . သူ့သမီးက ရက္ခဗေဒ ဒုတိယနှစ်တက်နေတယ်တဲ့ . . အဲဒါ ငါ့ကိုသွားပေးဖို့ လူကြုံထပ်ထည့်ပေးလိုက်တာ"

"ဘယ်လို . . . ငါ နားမရှင်းဘူး"

"မင်းကလည်း ဝေးလိုက်တာကွာ . . . ငါ့ အဒေါ်ရဲ့အသိက နယ်မှာနေတယ် . . . သူ့သမီးက အခု ငါတို့ကျောင်းမှာ ရက္ခဗေဒ ဒုတိယနှစ်တက်နေတယ် . . .

အဲဒါ ငါကလည်း ဒီကျောင်းကဆိုတော့ သူ့သမီးဆီကို ဒီစာပို့ပေးဖို့ ငါ့အဒေါ်ဆီ အကူအညီတောင်းရင်း လူကြုံနဲ့ ဒီစာထည့်ပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြိုးက အခုမှ ရေရေရာရာသဘောပေါက်သွားကာ သူ့ဘေးနားဝင်ထိုင်ရင်း . . .

"စာတိုက်က ဘာလို့ မပို့တာလဲ"

"လူကြုံကလည်း ရှိနေတော့ မြန်မြန်ရောက်အောင်နေမှာပေါ့"

"ထားပါ . . . ဒါနဲ့ အခန်းထဲမှာ တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ"

"ငါလည်း ဘယ်မှ သွားချင်စိတ်မရှိတာနဲ့ ထိုင်နေတာ . . . ဒါနဲ့ မင်းက ဘယ်တွေလျှောက်သွားနေတာလဲ"

"ယုယုနဲ့ ကန်တင်းမှာ သွားထိုင်နေတာ"

"မင်းလည်း တစ်နေ့တစ်နေ့ ဒီအလုပ်ပဲ ရှိတယ်နော်"

လင်းဘုန်းထွဋ်ရဲ့ အရွဲ့စကားကို ဝေဖြိုးက ရယ်လိုက်ကာ

"မနာလိုမဖြစ်နဲ့လေ . . . မင်းတောင် အဲဒီလို အလုပ်မျိုး လုပ်ချင်လို့ ရှိလို့လား"

"နေပါကွာ . . . ဒါမျိုးအလုပ်တော့ ဝါသနာမပါပါဘူး"

"နေပါတယ် . . . နေပါတယ် စောင့်ကြည့်ရသေးတာပေါ့ မင်းလိုကောင်မျိုးတွေပဲ တကယ့် တကယ်တမ်းချစ်ပြီဆို အနားကတောင် ခွာမယ့်ကောင်တွေမဟုတ်ဘူး"

လင်းဘုန်းထွဋ်က စကားဆက်ပြောမနေတော့ဘဲ မတ်တတ်ထရပ်လိုက်ကာ . . .

"ငါ ရက္ခဘက် ဒီစာသွားပေးလိုက်ဦးမယ် . . . မင်းလိုက်မှာလား"

ဝေဖြိုးက ခေါင်းခါပြရင်း . . .

"မလိုက်တော့ဘူး . . . ငါ ယုယုနဲ့ချိန်းထားသေးတယ်"

"ဟင် မင်းတို့က အခုလေးတင်တွေ့ပြီး ပြန်လာတာမဟုတ်လား"





ဝေဖြိုးက ရယ်ရင်း . . . .

"ဟုတ်တယ် . . . သူ အခု အခန်းကို ခဏပြန်သွားတယ် . . ကိစ္စရှိလို့ မြို့ထဲသွားမယ် ပြောတယ် . . . ငါ လိုက်သွားပေးရမှာ"

"ဘယ်တော့လဲ"

"တော်ကြာ သူလာမှာ"

"ဒါဆိုလည်း နေခဲ့တော့ကွာ"

လင်းဘုန်းထွဋ် လက်ခါပြရင်း တစ်ယောက်တည်း ထွက်လာခဲ့လိုက်တော့သည်။ သူတို့မေဂျာက အင်္ဂလိပ်စာ(အီးမေဂျာ)ဆောင်ဖြစ်၍ ရုက္ခမေဂျာအဆောင်နဲ့တော့ နည်းနည်းလှမ်းသည်ဟု ဆိုရမည်။ ထို့ကြောင့် လမ်းမလျှောက်ချင်တော့၍ အဆောင်ရှေ့မှာ ရပ်ထားသော ကားကို ယူ၍ ထွက်လာခဲ့တော့၏။

ရုက္ခဆောင်ရှေ့ရောက်တော့ ကားကို သင့်တော်ရာနေရာတစ်ခုမှာထိုးရင်း ဝင်လာခဲ့လိုက်သည်။

အခန်းရှေ့ရောက်တော့ အတန်းထဲမှာ ဆရာမက စာသင်နေ၍ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေတာ တွေ့ရ၏။ အပြင်ကော်ရေတာကို ကြည့်လိုက်တော့ ကျောင်းသားနှစ်ယောက် သုံးယောက်လောက်ကို တွေ့ရ၍ အနီးဆုံး ကျောင်းသားတစ်ယောက်ထံသူ လှမ်းသွားလိုက်ကာ . . .

"သူငယ်ချင်းက ဒီမေဂျာကလား မသိဘူး"

"ဗျာ"

အမေးခံရသော ပုဂ္ဂိုလ်က သူ့စကားကြောင့် ကြောင်တောင်တောင် ပြန်ကြည့်နေ၍ . . .

"ဟို . . . ဒီရုက္ခမေဂျာကလားလို့ မေးတာပါ"

ထိုကျောင်းသားက ခေါင်းခါပြ၍ . . . .

"မဟုတ်ဘူးဗျာ . . . ကျွန်တော်က ဧည့်သည်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ထိုအချိန်မှာပဲ ထိုကျောင်းသားအမူအရာက ပျာပျာသလဲနှင့် အသင့်အနေအထားမျိုးဖြစ်သွားကာ ကော်ရေတာထိပ်သို့ လှမ်းကြည့်လိုက်တာ တွေ့လိုက်ရ၍ သူလည်း ပေါင်ပြီး လိုက်ကြည့်မိသည်။ ကော်ရေတာထိပ်တွင် မရမ်းဆီရောင် ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်၍ ကြွကြွရွရွလေး လျှောက်လာသော မိန်းကလေးတစ်ယောက်ကို သူ လှမ်းတွေ့လိုက်ရ၏။

ထိုမိန်းကလေး၏ အသားအရေနှင့် မရမ်းဆီရောင်အကျီလေးမှာ လွန်စွာလိုက်ဖက်လှသည်ဟု သူ ထင်မြင်မိသည်။ ထို့အတူ မိန်းကလေး၏ ရုပ်ရည်ကလည်း ပြောဖွယ်ရမရှိအောင် ပြေပြစ်ချောမောလှ၏။

သို့သော် သူ့ရင်ထဲမှာ ထူးထူးခြားခြား ရင်ခုန်သွားတာတော့ မရှိပါ။ မိန်းကလေး လှလှပပ မြင်လျှင် အသိအမှတ်ပြု ခံစားတတ်သော ယောက်ျားတို့၏ ပုံမှန်စိတ်သဘောအတိုင်းသာ ခံစားမိခြင်း ဖြစ်သည်။ သူ့အတွက် အခုအချိန်မှာ ခေါင်းထဲရှိနေတာက လူကြုံ ပေးလိုက်တဲ့ ဒီစာကို ပိုင်ရှင်ထံ ဘယ်လိုရောက်အောင်ပေးရမလဲ ဆိုတာပဲ ဖြစ်သည်။

သူမ လမ်းလျှောက်လာစဉ် အပြင်မှာရှိနေသည့် ကျောင်းသား သုံးယောက်အနက် ပထမဆုံးနေရာဦးထားသည့် ကျောင်းသားက သူမနားသို့ ချဉ်းကပ်သွားကာ စကားပြောနေသည်။ သူမ ခဏ ရပ်ကာ ထိုလူနှင့် စကားရပ်ပြောနေတာ တွေ့ရ၏။ ထို့နောက် သူမ ဆက်လျှောက်လာစဉ် ထိုကျောင်းသားက ခေါင်းကုတ်ကာ ယောင်ချာချာနှင့် လှည့်ထွက်သွားတာ တွေ့ရသည်။

"ခင်ဗျားလည်း သူ့ကို လာစောင့်တာပဲလား"

"ဗျာ"





ရုတ်တရက် သူ့ရှေ့က ကျောင်းသားက မေးလာသောကြောင့် သူကြောင်တောင်တောင်ဖြစ်ကာသွား၏။

"ဘာကိုလဲ"

သူ့ပုံစံကို ကြည့်၍ ထိုကျောင်းသားက . . .

"ခင်ဗျား သူ့ကို လာစောင့်တာ မဟုတ်ဘူးလား"

"သူ . . . သူက ဘယ်သူလဲ"

"သူက ဂင်္ဂါလေ . . . ဒီမေဂျာက"

ရုက္ခဗေဒမေဂျာက ဆို၍ သူ ရုတ်တရက်ပျော်ကာသွား၏။ ဒါဆို ဒီစာကို သူမထံ အကူအညီတောင်းပြီး ပေးလိုက်လို့ရပြီ။ ဒီစာပေးရမယ့်သူ့ နာမည်ကို မေဂျာအချင်းချင်းဖြစ်၍ သူမ သိနိုင်လိမ့်မည်။ ထို့ကြောင့် စာပေးရမည့်ကျောင်းသူနာမည်ကို စိတ်ထဲမှာ ပြန်ရွတ်ကြည့်နေမိသည်။

နာမည်က ဝေဝေဝင်း။ သူ နာမည်ကို ထပ်ခါတလဲလဲရွတ်ရင်း တွေးနေစဉ်မှာပင် သူ့ဘေးက ကျောင်းသားက . . .

"တော်ပါပြီဗျာ . . . ဒီလောက် နာမည်မကြီးဘူး ထင်လို့ လာကြည့်မိတာ . . . အခုတော့ လောင်းထားတာတွေ ရှုံးပြီထင်ပါတယ်"

သူဘာသာသူ ရေရွတ်သလိုလို သူ့ကိုပဲ ပြောသလိုလိုနှင့် ညည်းရင်း ထိုကျောင်းသားက သူ့ရှေ့က ထွက်ကာသွားတော့သည်။ သူသာ ထိုကျောင်းသား ဘာကိုပြောသွားမှန်းမသိ၍ စာအိတ်ကလေးကို ကိုင်ကာ ကြောင်တောင်တောင်နှင့် လိုက်ကြည့်ရင်း ကျန်ရစ်ခဲ့တော့၏။

ထိုစဉ် သူ့ရှေ့သို့ ကောင်မလေးရောက်လာပြီး သူ့အား တစ်ချက်ကြည့်သည်။ ထို့နောက် အဓိပ္ပာယ်ဖော်မရသော အပြုံးတစ်ခုကို သူမတပ်ဆင်၍ ရှေ့က ဖြတ်သွားမလို့လုပ်စဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခင်ဗျာ . . ."

ထိုကျောင်းသူက သက်ပြင်းချရှင်း သူ့ကို လှည့်ကြည့်သည်။ ထို့နောက် လက်ထဲက စာကို တစ်ချက်စိုက်ကြည့်ပြီး အသာလှမ်းယူလိုက်ကာ . . .

"ကျွန်မ အတန်းရှိသေးလို့ အချိန်သိပ်မရှိတော့ဘူး . . . နောက်တော့ စကားပြောတာပေါ့ . . . စာကိုတော့ ယူသွားလိုက်မယ်လေ . . . ဪ ဖတ်ဖြစ် မဖတ်ဖြစ်တော့ မသေချာဘူးနော်"

"ဟင်"

သူ ကြောင်ပြီး ကြည့်နေစဉ် သူ့လက်ထဲက စာအိတ်လေးက သူမ လက်ထဲသို့ ရွေ့ခနဲပါသွားတော့သည်။ သူ ရုတ်တရက်ဆိုတော့ ဘာလုပ်ရမှန်းမသိ ဖြစ်ကာသွား၏။ သူ အသိပြန်ဝင်ချိန်မှာ သူမက အခန်းထဲရောက်သွားပြီဖြစ်သည်။

"ဟာ မဟုတ်ဘူး . . . ဒီမှာခင်ဗျ . . . ဒီမှာ"

သို့သော် သူ နောက်ကျသွားပြီ။ သူမက အခန်းထဲ ရောက်လို့တောင် သူ့ခုံမှာ ထိုင်မလို့လုပ်နေပြီ။ သူ့အသံနှင့် သူ့အမူအရာကြောင့် အခန်းထဲမှ လူတချို့နှင့် စာသင်နေတဲ့ ဆရာမက လှည့်ကာကြည့်၏။

ရုတ်တရက် ဖြစ်လိုက်တဲ့အခြေအနေအရပ်ရပ်ကြောင့် သူ ဘာမှ နားမလည်တော့ဘဲ အခန်းဝမှ ငေါင်ငေါင်ကြီး ရပ်နေမိ၏။

ထိုအချိန် ဆရာမက သူ့ကို လှမ်းပြီး . . .

"မင်း ဘယ်သူ့ကို တွေ့ချင်လို့လဲ"

သူ အသိဝင်လာကာ . . .

"ဟို . . . ဟိုဟာ"

"ဒီမှာ စာသင်နေတယ်လေကွယ် . . . မင်းတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို အခန်းအပြင်မှာပဲ ဖြေရှင်းရင်ကောင်းမယ် အခုလို စာသင်နေတဲ့အချိန်မှာတော့ လေးစားမှုထားသင့်တယ်လို့





ဆရာမ ထင်တယ်"

သူ့တစ်ကိုယ်လုံး ထူပူကာသွား၏။ လောလောဆယ် ဘယ်စကားကို ဘယ်ကစပြီး ပြောရမှန်း သူ မသိတော့ပေ။ သူ့ကို ကြည့်ပြီး ဆရာမ တစ်မျိုးထင်သွားပြီဆိုတာ သူ သဘောပေါက်လိုက်သည်။ ထို့ကြောင့် ပြဿနာကြီးမလာခင် ဒီနေရာက အမြန်လစ်တာ အကောင်းဆုံးဟု သူတွေးလိုက်ကာ . . .

"ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာမ . . . ဆောတီးပါ"

ပြောပြီး ချာခနဲ လှည့်ထွက်လိုက်ပါတော့သည်။ သူ့ခန္ဓာကိုယ်က လမ်းလျှောက်နေသော်လည်း မြေကြီးနဲ့ ထိနေသည်ဟု မထင်ရ။ လူတစ်ကိုယ်လုံး လေပေါ်လွင့်နေသလို မှတ်ထင်နေရသည်။

တစ်ကိုယ်လုံးလည်း ထူပူပြီး ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်လို့ ဖြစ်ခဲ့မှန်းတောင် မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဂဂါဖူး

က စာအိတ်လေးကို ကိုင်ကာငေးကြည့်နေသည်။ ပြီးတော့ လက်ညှိုးနဲ့ လက်ခလယ်ကြားတွင် ညှပ်၍ တစ်ပတ်လှည့်ကာ ကြည့်သည်။ ထူးခြားမှု ဘာမှမရှိ။ တစ်ခုပဲ ပြောစရာရှိသည်။

ဒီလူပေးတဲ့ စာအိတ်က တခြားသူတွေလို အမွှေးရနံ့တွေ ဘာတွေပါသည့်အရောင်လှလှလေးတွေ ရေးခြယ်ထားသော စာအိတ် မဟုတ်။ ရိုးရိုးစာအိတ်အဖြူ။ ပြီးတော့ အမွှေးနံ့သာ ပါဖို့နေနေသာ သာ စာအိတ်က ဟောင်းတောင်နေ၍ ခရီးတော်တော်များများကို ဖြတ်သန်းလာရသော လူမမာရုပ်ပေါက်နေသည်။

သူမ စာအိတ်ကို[illegible]ရင်း ခေါင်းကို စိတ်ပျက်စွာ ခါလိုက်မိသည်။ သူမဘဝမှာ ရည်းစားစာပေါင်းများစွာနှင့် ချစ်ခွင့်ပန်သော စကားလုံး အနုအရွ အလှအပပေါင်းများစွာကို ကြုံခဲ့ဖူးသည်။ သို့သော် ဒီလိုမျိုးတော့ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသေးပေ။

စာကို ပေးပြီးလို့သွားတော့လည်း နောက်က အတင်းလိုက်ခေါ်သည်။ နောက်ဆုံး သူမ အတန်းရှေ့မှာပါ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသည်အထိ အခြေအနေဆိုးသွားခဲ့၏။





ဒီလူ ဦးနှောက်က ပုံမှန်မှ ဟုတ်ရဲ့လားဟု တွေးလိုက်မိသည်။ ထိုစဉ် ခင်မေဦး သူမဘေးရောက်လာ၍ . . .

"ဟဲ့ ဘာလုပ်နေတာလဲ . . . မုန့်စားဆင်းသွားတာရော သိရဲ့လား"

သူမက ခင်မေဦးစကားကို မကြားသလိုနေကာ စာအိတ်ကိုသာ ကြည့်နေသည်။ ခင်မေဦးလည်း စာအိတ်ကို လိုက်ကြည့်၍ ခုနဖြစ်ပျက်ခဲ့တဲ့ဖြစ်ရပ်ကို သတိရသွားကာ . . .

"အေး . . . ငါ နင့်ကို မေးမလို့ မေ့နေလိုက်တာ ကြည့်စမ်း ဟဲ့ . . . ခုန လူက ဘယ်သူလဲ"

ဂဂါက ခေါင်းခါပြရင်း . . .

"ငါလည်း မသိဘူး"

"ဟဲ့ မသိဘဲနဲ့ နင့်ကို အတင်းလိုက်ခေါ်ရလား"

"အဲဒါပဲ ငါ စဉ်းစားနေတာပေါ့ဟ"

ခင်မေဦးက စာအိတ်ကို လက်ညှိုးထိုးပြရင်း . . .

"ဒါနဲ့ ဒီစာအိတ်က အဲ့ဒီလူပေးသွားတာ မလား"

ဂဂါ ခေါင်းညိတ်ပြကာ . . .

"ဟုတ်တယ်လေ . . . ငါလည်း အတန်းထဲဆရာမ ဝင်နေတာနဲ့ . . . အေး . . . ပြီးရော ဆိုပြီး ဆွဲယူလာလိုက်တာ"

ခင်မေဦးက မျက်မှောင်ကြုတ်လိုက်ကာ . . .

"ယူလာရင် ပြီးတာပဲ . . . သူက ဘာလို့ နင့်ကို အတင်း လိုက်ခေါ်ရတာလဲ"

"ငါလည်း အဲဒါ စဉ်းစားနေတာဟ . . . သူ ပေးတဲ့ စာ ငါ ယူပြီးသွားပြီပဲဟာ . . . အေးအေးဆေးဆေးပြန်ပေါ့ . . အခုတော့ မဟုတ်ဘူး"

"အေးလေ . . ဆရာမတော့ဘောင် စိတ်တိုသွားတာကြည့်ပါလား"



www.burmeseclassic.com

"အဲဒါပြောတာပေါ့ . . . နောက်ဆုံးတော့ ဘာပဲပြောပြော ငါ့ကြောင့် စာသင်ချိန် အနှောင့်အယှက်ဖြစ်ရတယ်ဆိုတော့ ငါ မ တောင်းဖြစ်တာပေါ့"

ခင်မေဦးက စာအိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်ကာ . . .

"ငါတို့ ဖွင့်ဖတ်ရအောင်ဟာ"

ပထမတော့ ဂဂ်ီ တားမလို့လုပ်လိုက်သော်လည်း နောက် တော့ စိတ်ကူးတစ်မျိုးပြောင်းသွားကာ . . .

"ဖတ်ရင်လည်း ဖတ်လေ . . . ဘာတွေရေးထားလဲ သိရ တာပေါ့ . . . အင်း ပြောမယ့်သာပြောရတာပါ . . . ရည်းစားစာဆိုမှ တော့ စကားလုံးလှလှတွေ လျှောက်စီထားတဲ့ ငါ ဖတ်နေကျဟာမျိုး တွေထဲကပဲ နေမှာပါ"

ခင်မေဦးက စာအိတ်ကို ဖွင့်လိုက်သည်။ ပြီးတော့ အထဲမှ စာရွက်ခေါက်ကို ဆွဲထုတ်လိုက်၏။

"ဟဲ့ . . . . အထူကြီးဟဲ့ . . . တော်တော်ရေးထားပုံရတယ်"

သူမလည်း ခင်မေဦးလက်ထဲက စာရွက်ခေါက်ကြီးကို ကြည့် ကာ မျက်မှောင်ကြုတ်သွားသည်။ စာရွက်က လျှောက်လွှာစာရွက်လို ဟာမျိုးနဲ့ ရေးထားကာ အနည်းလေး သုံးလေးမျက်နှာလောက်ရှိလိမ့် မည်ဟု ခန့်မှန်းရ၏။ ထိုအချိန်မှာပင် ခင်မေဦးက စာရွက်ခေါက်ကို ဖြန့်လိုက်တော့သည်။

သို့/

သမီးလေး ... သမီးကျောင်းမှာ အဆင်ပြေရဲ့လား ... အမေကတော့ သမီးကို နေ့တိုင်းသတိရပါတယ်သမီးရယ် ...ဟိုတစ်နေ့က တောင် ဆရာတော်ကျောင်းကို ဥပုသ်သွားစောင့်ရင်း ဆရာတော်ဘုရားက သမီးကိုတောင် မေးနေသေးတယ် ... အောင်ဘုလည်း အိမ်မှာပဲလေ ... ဪ ဒါနဲ့သမီးကို ပြောရဦးမယ် ..ရွာမြောက်ဘက်က ကိုကြွင်ငွေ သိတယ်မ လား ... ဆုံးပြီ။





"ဟင်"

ဂဂ်ီနဲ့ ခင်မေဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်ကြသည်။ သူတို့၏ မျက်လုံးထဲတွင် မယုံနိုင်လောက်အောင် အံ့သြခြင်းတွေ ပါနေ၏။

ပြီးတော့ စာကို ဆက်ဖတ်သည်။

ပိုးထိလို့လေ ... အဲဒီကိစ္စပြီးတော့ ရွာကို ဆေးမှူးလေး အသစ် ပြောင်းလာသေးတယ် ... တော်သေးတာပေါ့ သမီးရယ် အဲဒီ ... ဆေးမှူး လေးလည်း ရောက်လာတဲ့နေ့ပဲ သမီးအဘွားဖျားတာပဲလေ ... ကောင်လေးက ဆေးလိုက်တယ် သမီးရဲ့ ... ဆေးလေးတစ်လုံး လာထိုးပေးသွားတာနဲ့ သက်သာသွားတာပဲ ... ဪ ဒါနဲ့ အမေ လကုန်ရင်ငွေထပ်ပို့ပေးမယ်နော်... အောင်ဘုကတော့ သမီးကို မျှော်ရှာပါတယ်ကွယ် ... အရီးလေး ကြင်မိန့်က လည်း အခု နောက်တစ်ဗိုက်လေ ...

ဂဂ်ီ စာကို ဆွဲယူကာ ဖျန်းခနဲရိုက်၍ စားပွဲပေါ် တင်လိုက် ၏။ သူမ မျက်နှာမှာ ဟင်းမာခက်ထန်မှုတွေ ချက်ချင်းခုန်တက်ကာ လာသည်။

"ဒါ ငါ့ကို သက်သက်ချိုးတာ"

ခင်မေဦးက ဂဂ်ီကို ကြည့်၍ . . .

"စိတ်ထိန်းပါဟာ . . . ဒါမျိုးတွေက ဖြစ်တတ်ပါတယ် . . ဒီလို လူရှုပ်လူပွေတွေနဲ့ မပတ်သက်ရင် ပြီးတာပဲ"

ဂဂ်ီ ခင်မေဦးစကားကို မကြားသည့်အလား အတန်းရှေ့က ကျောက်သင်ပုန်းကြီးကို ငေးစိုက်ကာ ကြည့်နေမိသည်။ သူမမျက်ဝန်း က ကျောက်သင်ပုန်းကို ကြည့်နေသော်လည်း မိုင်ပေါင်းများစွာ ဝေး တဲ့ အရပ်ကို မျှော်ကြည့်နေသလိုထင်ရ၏။ ပြီးတော့ နှုတ်ခမ်း တစ် ဖက်ကို အနည်းငယ်ရွဲ့ကာ ပြုံးထားသည်။

ထို့နောက် စားပွဲပေါ်မှ စာကို သူခေါက်ရိုးအတိုင်း ပြန်

www.burmeseclassic.com



ခေါက်တာ စာအိတ်ထဲသို့ကျကျနန ပြန်ထည့်၍ လွယ်အိတ်ထဲသို့ ထည့်လိုက်ပါတော့သည်။

ပြီးမှ ခင်မေဦးဘက် အပြုံးတစ်ခုတပ်ဆင်ရင်း လှည့်ကြည့်ကာ . . .

"ဒီလို အရူးတစ်ယောက်ကြောင့် ထွက်သွားတဲ့ ငါ့ဒေါသအတွက် ဆောတီးပါဟာ"

ခင်မေဦးကလည်း သူမကို အဓိပ္ပာယ်ပါပါ ပြုံးပြရင်း ခေါင်းညိတ်ပြလိုက်ပါတော့သည်။








မိန်းမကို ငါ လုံးဝမကျေနပ်ဘူးကွာ . . . တောက်"

ဝေဖြိုးက ငေးကာ ကြည့်နေသည်။ လင်းဘုန်းထွဋ်ပြောပြ၍ အကြောင်းစုံကို သူသိပြီးဖြစ်သည်။ ထို့ကြောင့် အဖြစ်အပျက်ကို သူလည်း အံ့သြနေသည်။ လင်းဘုန်းထွဋ်က ဆက်ပြီး . . .

"နေရင်းထိုင်ရင်း သူများအခန်းရှေ့မှာ ငါ အရှက်ကွဲရတယ် . . . သူနဲ့လည်း ဘာဆိုင်တာ မှတ်လို့ကွာ . . ငါ့စာကိုများ ဘာမပြောညာမပြော ယူသွားတယ်"

ဝေဖြိုးက တစ်စုံတစ်ခုကို စဉ်းစားဟန်လုပ်ပြီးမှ . . .

"ဒီကိစ္စ တစ်ခုခုတော့ လွဲချော်နေတယ်လို့ ငါထင်တယ်ကွ . . . မိန်းကလေးတစ်ယောက်အနေနဲ့တော့ ဒီလိုမျက်နှာပြောင်တိုက်ရဲမယ်မထင်ဘူး . . . အင်း ငါ့အထင်တော့ မင်းက သူ့ကို ရည်းစားစာပေးတယ်လို့များ ထင်သွားလားမသိဘူး"

လင်းဘုန်းထွဋ်က ခေါင်းကို ချာခနဲခါပြလိုက်ကာ . . .

"မဖြစ်နိုင်ဘူးကွ . . . ရည်းစားစာပေးတယ်လို့ ထင်ရအောင် သူနဲ့ငါနဲ့က သိမှမသိတာ . . . ပြီးတော့ ငါ့ပုံစံကလည်း သူ့ကို ရည်းစားစာပေးတဲ့အမူအရာမျိုးမှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းတလေးတွေဆိုတာ တစ်ခါတရံ ယောက်ျားလေးတိုင်းက သူတို့ကို စိတ်ဝင်စားနေတယ်လို့ ထင်တတ်ကြတယ်ကွ"

"အဲဒါကြောင့် မိန်းကလေးတွေကို ငါ ကြောက်တာ"

"ဒါပေမဲ့ မိန်းကလေးတိုင်း မဟုတ်ပါဘူးကွ . . တချို့တလေကို ပြောတာပါ"

"ထားပါတော့ . . . မင်းမှာက ယုယုရှိနေတော့ ဒီလိုပဲ ဘာဘာလုပ်ပြီးပြောမှာပေါ့"

ဝေဖြိုးက ရယ်သည်။ ပြီးတော့ လင်းဘုန်းထွဋ်ရဲ့ ပခုံးကို ပုတ်ကာ . . .

"မင်းက အဲဒီကိစ္စကို ဘယ်လိုထင်လဲ"

"ငါလည်း မစဉ်းစားတတ်ဘူး . . . ဒါပေမဲ့ အဲဒီစာကိုတော့ ရအောင် ပြန်ယူရမယ် . . . အဲဒီစာကို မရလို့မဖြစ်ဘူးကွ . . . သူပိုင်ရှင်ဆီ မရောက်ရင် ငါ့အဒေါ်က ငါ့ကိုသတ်လိမ့်မယ်"

ဝေဖြိုးက လင်းဘုန်းထွဋ်ရဲ့စကားကို လက်ခံတဲ့အနေနဲ့ ခေါင်းညိတ်သည်။ ပြီးတော့ . . .

"အဲဒီတော့ မင်းက ဘယ်လိုလုပ်ချင်လဲ"

"တော်ကြာ သွားယူမယ်ကွာ . . . မင်းလိုက်ခဲ့"

"ဟမ်"

ဝေဖြိုး တစ်ချက်တော့ တွန့်သွားသည်။ လင်းဘုန်းထွဋ်က ဝေဖြိုးကို ကြည့်ပြီး . . .

"ဘာလဲ . . . မင်းက မလိုက်ချင်ဘူးလား . . . ယုယုနဲ့ ချိန်းထားပြန်ပြီလား . . . မင်းတို့အခုပဲ မြို့ထဲက ပြန်လာတာဆို . . . အင်းလေ မလိုက်ချင်လည်းနေပါ . . ငါတစ်ယောက်တည်း သွားမယ်"

လင်းဘုန်းထွဋ် သူ့အပေါ် တင်းသွားပြီဆိုတာ သိလိုက်၍ ဝေဖြိုး မျက်နှာစပ်ဖြုံဖြုံဖြစ်သွားကာ . . .





"လိုက်မှာပေါ့ကွာ . . . ငါက မလိုက်ဘူးပြောလို့လား"

ဝေဖြိုးစကားဆုံးတော့ လင်းဘုန်းထွဋ်က ထိုင်ရာမှ ထရပ်လိုက်ကာ . . .

"ဒါဆို အခုသွားမယ်"

"အခုလား"

"အေး"

ထို့နောက် သူတို့ ရုက္ခဗေဒဘက်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



**အမှန်းရှေ့**

ရောက်တော့ စာသင်ချိန်ဖြစ်၍ အတန်းက မဆင်းသေးပေ။ လင်းဘုန်းထွဋ်က အခန်းအပြင်မှနေ၍ အခန်းထဲကို ကြည့်သည်။ သူမ ယခင်ထိုင်နေကျခုံနေရာကို မှန်း၍ရှာကြည့်၏။ ကောင်မလေး၏ ရုပ်ရည်သွင်ပြင်က တစ်ခါမြင်ဖူးလျှင် ဒုတိယအကြိမ် မမှတ်မိစရာမရှိသော ရုပ်ရည်ဖြစ်သောကြောင့် ဂင်္ဂါကို သူ ရှာတွေ့သွားလေသည်။ ဝေဖြိုးက သူ့လက်ကို ကုပ်ပြီး . . .

"တွေ့လား . . . ဘယ်ကောင်မလေးလဲ"

လင်းဘုန်းထွဋ်က လေသံနှင့် . . .

"အလယ်ရိုး တတိယခုံတန်းမှာ ထိုင်နေတဲ့ မရမ်းဆီရောင်ဝတ်ထားတဲ့ကောင်မလေး"

ဝေဖြိုးက လင်းဘုန်းထွဋ်ပြရာသို့ လှမ်းကြည့်လိုက်စဉ် စက္ကန့်ပိုင်းမျှ မျက်လုံးက အသေကြီးဖြစ်သွားသည်။ ပတ်ဝန်းကျင်နှင့်လည်း အချိန်အနည်းငယ်အဆက်ပြတ်သွားပုံရ၏။ ပြီးမှ လင်းဘုန်းထွဋ်အား

"ဟ . . . ကောင်မလေးက တော်တော်ချောတာပဲကွ . . . ဒါနဲ့များ မင်းက စိတ်တိုနေရသေးတယ်"







လင်းဘုန်းထွဋ်က ဝေဖြိုးအား ဘုကြည့်တစ်ချက်လှည့်ကြည့်တာ . . .

"သူ့ဘာသာသူ ဘယ်လောက်လှလှ ငါက ဘာလုပ်ရမှာလဲ . . . ဘာလဲ လှတဲ့လူတိုင်းနဲ့ ပြဿနာဖြစ်လို့ရှိရင် ကိုယ်ကပဲ အရှုံးပေးရမှာလား"

ဝေဖြိုးက စိတ်ပျက်စွာ ခေါင်းကို ခါလိုက်ပြီး . . .

"မင်းဆိုတဲ့ကောင်က တော်တော်ဖုံးဝေးတဲ့ ကောင်ပဲ"

ဟုဆိုသည်။ လင်းဘုန်းထွဋ်ကတော့ ဝေဖြိုးစကားကို မကြားသည့်အလား ကောင်မလေးကိုသာ ဂရုတစိုက်ကြည့်နေမိသည်။

ဂင်္ဂါကတော့ လင်းဘုန်းထွဋ် အခန်းအပြင်ရောက်နေတာကို ခသိပေ။ သူမက ဆရာမစကားပြောနေတာကိုသာ ဂရုတစိုက်နားထောင်နေမိ၏။ သို့သော် သူမဘေးတွင် ထိုင်နေသော ခင်မေဦးကတော့ လင်းဘုန်းထွဋ်တို့ရောက်ပြီး ခဏအကြာမှာပင် သတိထားမိသွား၏။

ပထမတော့ ဂင်္ဂါကို လာရောက်ကြည့်ရှုသည့်လူတွေထဲကပဲဖြစ်လိမ့်မည်ဟု တွေးလိုက်မိသော်လည်း လင်းဘုန်းထွဋ်ရဲ့ရုပ်ကို မြင်ဖူးသလိုလိုရှိ၍ စဉ်းစားကြည့်ရင်းမှ သတိရသွားကာ . . .

"ဟဲ့ ဂင်္ဂါ အပြင်မှာ ရောက်နေတဲ့လူက ခုန နင့်ကို ဟိုဟာဖြစ်သွားတဲ့ လူမလား"

ဂင်္ဂါ ရုတ်တရက်ဆိုတော့ ခင်မေဦးစကားကို နားမလည်နိုင်၍ . . .

"ဘာလဲဟ . . နင်ကလည်း"

ခင်မေဦးက မျက်နှာရိပ်မျက်နှာကဲနှင့် အခန်းအပြင်သို့ မျက်စပစ်ပြကာ . . .

"ဟိုမှာလေဟယ် . . . အပြင်တို့ကြည့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဂဂီ အပြင်ကို ကြည့်လိုက်သည်။ ထိုစဉ် လင်းဘုန်းထွဋ်က သူ့ကို စိုက်ကြည့်နေတာနှင့် အကြည့်ချင်း သွားဆုံ၏။

"ဟင်"

ဂဂီ ရင်ထဲမှာ တစ်ချက်ခုန်ကာသွားသည်။ လင်းဘုန်းထွဋ်ကို သူမချက်ချင်းမှတ်မိလိုက်၍ ဖြစ်သည်။ ဒီလူ ဘာပြန်လာလုပ်တာလဲ။ သူ့ကို ဘာဒုက္ခပေးဦးမလို့လဲဟု တွေးလိုက်မိ၏။ ထို့ကြောင့် မကျေနပ်စိတ်က မျက်ဝန်းပေါ် ရုတ်တရက် ခုန်တက်လာကာ လင်းဘုန်းထွဋ်အား မျက်စောင်းတစ်ချက်ထိုး၍ မျက်နှာလွှဲလိုက်ပါတော့သည်။

လင်းဘုန်းထွဋ် ရုတ်တရက် အံ့ဩသွား၏။ ဒီကောင်မလေး သူ့ကို ဘာကြောင့် မျက်စောင်းထိုးရတာလဲဟု တွေးနေမိသည်။ တကယ်တမ်း အမှားကျူးလွန်တာက သူ မဟုတ်၊ သူမသာ ဖြစ်သည်။ မကျေနပ်ခြင်း မကျေနပ်လျှင် သူကသာ မကျေမနပ်ဖြစ်ရလိမ့်မည်။

အခုတော့ သူမကစပြီး သူ့ကို မကျေနပ်သလို မျက်စောင်းတောင် ထိုးလိုက်သေး၏။ ရင်ထဲမှာတော့ နည်းနည်းခံပြင်းသွားလေသည်။ ဝေဖြိုးကလည်း ဂဂီမျက်စောင်းထိုးလိုက်တာကို တွေ့သွား၍

"ဟာ ဟေ့ကောင် . . မင်းကိုမျက်စောင်းတွေ ထိုးနေတယ်"

"တွေ့သားပဲ . . . သူကများ ငါ့ကို"

ဝေဖြိုးက မျက်မှောင်ကြုတ်၍ တစ်ချက် စဉ်းစားလိုက်ကာ

"မဟုတ်သေးဘူးနော် . . . တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာတစ်ခုခုလဲ"

"ငါလည်း မပြောတတ်ဘူး . . . မင်းတို့ကြားမှာ တစ်ခုခုတော့ လွဲနေပြီ"

"ဟာ . . . တွေ့ကတည်းက စလွဲနေလို့ ငါစာ ပါသွားပါတယ်ဆိုမှ လွဲနေပြီလုပ်နေသေးတယ်"





"ငါပြောတာ အဲဒါမဟုတ်ဘူးကွ"

"အဲဒါဆို ဘာလဲ"

"ငါလည်း မသိဘူး"

"မသိရင်လည်း ပြောမနေနဲ့ . . . အရေးကြီးတာ ငါ့စာပြန်ရဖို့ပဲ"

ထိုအချိန်မှာပဲ အတန်းက ပြီးသွားသည်။ ဆရာမ ထွက်သွားပြီးနောက် ကျောင်းသူကျောင်းသား တော်တော်များများ ထွက်လာကြ၏။ လင်းဘုန်းထွဋ်တို့ကတော့ ထိုနေရာမှာတင် မတ်တတ်ရပ်ပြီး အခြေအနေကို ရပ်ကြည့်နေသည်။ ကောင်မလေးတတော့ ထုတ်ထားတဲ့ စာအုပ်တွေကို လွယ်အိတ်ထဲ ထည့်နေတာတွေ့ရသည်။

ပြီးတော့ အပြင်ကို တစ်ချက်လှမ်းအကဲခတ်သည်။ သူ့ကို တွေ့တော့ မျက်နှာတစ်ချက် တင်းသွားကာ လွယ်အိတ်ကို ခုံကြားမှ ထုတ်၍ စားပွဲပေါ်သို့ ဘုန်းခနဲဆောင့်ချတာ တွေ့လိုက်ရသည်။

"အံမယ် . . . ဘာတွေများ ဒေါသကြီးနေပါလိမ့်"

လင်းဘုန်းထွဋ် သူ့ဘာသာ ရေရွတ်သလိုလိုနှင့်ပြော၏။ ပြီးတော့ အခြေအနေကို ဆက်ကြည့်နေလိုက်သည်။ အချိန်နည်းနည်းကြာမှ ကောင်မလေး ထွက်မလာလျှင် အခန်းထဲဝင်ပြီး စာကို သွားတောင်းမည်ဟု သူ ဆုံးဖြတ်ထားသည်။

သို့သော် ကောင်မလေးက ခဏအကြာမှာ အတန်းပြင်သို့ ထွက်လာပါတော့သည်။ သူမ တစ်ယောက်တည်းမဟုတ်၊ ဘေးက ကောင်မလေးတစ်ယောက်ပါ ပါလေသည်။ လင်းဘုန်းထွဋ် ခန္ဓာကိုယ်ကို အသင့်အနေအထားယူလိုက်တော့၏။

ဝေဖြိုးကတော့ ကောင်မလေးထွက်လာတာ မြင်ကတည်းက နောက်ကိုတစ်ချက်ဆုတ်သွားကာ လင်းဘုန်းထွဋ်ရဲ့ကျောနောက်သို့ မသိမသာလေး ကွယ်၍ ရပ်နေလိုက်ပါတော့သည်။ အဲဒီ့လောက် အားကိုးရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပြဿနာ

တစ်ခုကို ချက်ချင်းရင်ဆိုင်၍ ဖြေရှင်းတတ်သော အကျင့်မှာ သူမရဲ့မွေးရာပါဉာဉ်တစ်ခုဖြစ်သည်။ သူမ ဒီကျောင်းသားကို မြင်ကတည်းက ရင်ထဲမှာ မီးတစ်စလို ဒေါသစိတ်တွေ စတင် လောင်ကျွမ်းလာ၏။ အခုလည်း အတန်းပြီးသည်အထိ မပြန်သေးဘဲ အခန်းအပြင်မှာ ပေကပ်ကပ်နှင့် ဆက်ရပ်နေတာတွေ့ရသည်။

ဒါ . . . သက်သက် သူ့ကို စိန်ခေါ်တာ၊ ဒါ . . . သက်သက် သူ့ကို စိတ်အနှောင့်အယှက်ပေးတာ။ ပြီးတော့ ရိုက်ချိုးခြင်းခံထားရတဲ့ မိန်းမသားတစ်ယောက်ရဲ့မျက်နှာကို အောင်နိုင်သူတစ်ယောက်လို လာကြည့်တာ . . ။

ဒါမျိုးတော့ ဘယ်ရလိမ့်မလဲ . . .

ဂင်္ဂါ ရုတ်တရက်ထရပ်ကာ ခင်မေဦးကိုခေါ်ပြီး အခန်းအပြင်သို့ထွက်လာခဲ့လိုက်တော့၏။ အခန်းအပြင်ရောက်တော့ လင်းဘုန်းထွဋ်က သူမအနား ကပ်လာကာ . . .

"ဒီမှာ ခင်ဗျာ . . မနက်က ကျွန်တော့်ဆီက ယူသွားတဲ့ စာလေးပြန်ပေးပါ"

ဂင်္ဂါ တစ်ချက် အံ့ဩကာသွား၏။ အမှန်ဆို သူမဘက်





စပြီး ဒီလူကို ရန်တွေ့ရန်သာရှိသည်။ အခုတော့ သူမက စပြီး ဘာမှ မပြောခင် လင်းဘုန်းထွဋ်က စပြောနေ၍ဖြစ်၏။ ဂင်္ဂါ သူမမျက်နှာကို တင်းနိုင်သမျှ မာအောင်တင်းကာ . .

"အဲဒီကိစ္စပဲ ရှင့်ကိုပြောမလို့ . . ရှင် ကျွန်မကို ဘာ သဘောနဲ့ ဒီလိုလုပ်တာလဲ"

သူမအသံက ဒေါသသံပါ၍ မာသည်။ ပြတ်သားသည်။ လင်းဘုန်းထွဋ်က မျက်မှောင်တစ်ချက်ကြုတ်လိုက်ကာ . . .

"ဘာပြောတယ် . . . ခင်ဗျား ကျွန်တော့်ကို ဘာပြောလိုက်တယ်"

ဂင်္ဂါက သူမ၏ ဆံနွယ်တွေကို တစ်ချက်ခါလိုက်ကာ . . .

"ရှင့်ကို ကျွန်မ မြန်မာစကားပြောနေတာ နားမလည်ဘူးလား"

လင်းဘုန်းထွဋ် ရင်ထဲမှာ တင်းခနဲဖြစ်ကာသွား၏။ ကိုယ့်ဘက်က အမှားမရှိဘဲ အသားလွတ်ကြီး အပြောက်ခံနေရသောကြောင့် တော်တော်စိတ်ဆိုးကာ သွားသည်။ ထို့ကြောင့် . . .

"နားလည်တယ် . . . နားလည်တယ် . . . ဒါပေမဲ့ ငါ နားမလည်တာ မင်းရဲ့လုပ်ရပ်ပဲ . . . နေပါဦး . . . မင်းကို ငါ မေးပါရစေဦး . . . မင်းက ငါ့လက်ထဲက စာကို ဘာလို့မပြောမဆို ယူသွားတာလဲ . . . မင်းကြောင့် ငါ မနက်က ဒီနေရာမှာ အရှက်ကွဲခံရတယ်ဆိုတာတော့ မင်းသိမှာပါ"

ဂင်္ဂါ မျက်လုံး တစ်ချက်ကျယ်ကာသွားပြီး . . .

"ဘယ်လို ဘယ်လို ရှင့်ဆီကစာကိုပဲ ကျွန်မက ယူတယ်ဟုတ်လား"

"ဟုတ်တယ်"

မိုးတွင်းကြီး မိုးခေါင်သွားပါဦးမယ်ရှင် . . . ဂင်္ဂါဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမက ဘယ်ယောကျ်ားတစ်ယောက်ဆီက စာကိုမှ အတင်းတောင်း မယူဘူး . . . ဘာလဲ ရှင့်ကိုယ်ရှင် မင်းသားများ မှတ်နေလား . . . မှတ်ထား ရှင်က ကမ္ဘာမှာ နာမည်ကြီးမင်းသား ဖြစ်နေဦးတော့ . . ဂင်္ဂါ ဒါမျိုးတစ်သက်လုံး မလုပ်ဘူး"

ပတ်ဝန်းကျင်မှ ဖြတ်သွားဖြတ်လာများနှင့် အတန်းထဲမှ ကျောင်းသူ ကျောင်းသားများက သူတို့ကို ဝိုင်းကြည့်နေကြသည်။ လင်းဘုန်းထွဋ်ဘဝမှာ ဒီလိုမျိုး မိန်းကလေးတစ်ယောက်နှင့် ခွန်းတုံ့ခွန်းပြန် ရန်မဖြစ်ဖူး၍ တော်တော်ရှက်ကာနေသည်။ ထို့အပြင် ပတ်ဝန်းကျင်က လူတွေပါ ဝိုင်းကြည့်နေ၍ ရှက်စိတ်မွှန်ထွန်ကာ ဒေါသစိတ်ဘက်သို့ ရုတ်ခြည်းကူးပြောင်းသွားတော့၏။

"မင်း စကားကို ဆင်ခြင်ပြောပါ . . . မနက်က ငါ့လက်ထဲ စာကို ငါမပေးတဲ့ မင်းဘာသာမင်း ဆွဲယူသွားတယ်ဆိုတာ ငါ့ အပြင် မင်း အသိဆုံး . . . နောက်ပြီး အဲဒီစာကလည်း မင်းနဲ့ဘာမှ သက်ဆိုင်တဲ့စာမဟုတ်ဘူး . . . မင်းတို့မေဂျာမှာရှိတဲ့ ငါ့မိတ်ဆွေ တစ်ယောက်ဆီ လာပေးတဲ့စာ . . . အဲဒါကို မင်းက ဘာလို့ယူသွား လဲ . . ပြော"

လင်းဘုန်းထွဋ် စကားအဆုံးမှာ ဂင်္ဂါတစ်ချက်တော့ တွေဝေသွားသည်။ အထင်နဲ့အမြင်လွဲမှားသွားသည့် မနက်က လုပ်ရပ်အတွက်ကြောင့် သူမ အမှားကြီး မှားသွားပြီလား။ ထိုအတွေးနှင့်အတူ ရင်ထဲမှာ ဒိန်းခနဲဖြစ်ကာသွား၏။ သို့သော် ချက်ချင်း ဣန္ဒြေဆောင်တာ ရယ်မောလိုက်ရင်း . . .

"ဟား ဟား ရယ်ရတယ်နော် . . . ယောကျ်ားတွေများ ကောင်မလေးတစ်ယောက်ကို အရှက်ခွဲချင်တာနဲ့ စာထဲမှာ ရေးချင်တာရေးပြီး . . . ပေးပြီးတော့မှ အခုလို လာလုပ်ရတယ်လို့ . . . နေပါဦး . . . ရှင်က ဂင်္ဂါဖူးဆိုတဲ့ မိန်းမကို လူလယ်ခေါင်မှာ အရှက်





ခွဲပြမယ်ဆိုပြီး ရှင့်သူငယ်ချင်းတွေနဲ့များ လောင်းထားတာရှိလား"

လင်းဘုန်းထွဋ် ဒေါသကြောင့် မျက်စိနှစ်လုံးပြာကာသွားသည်။ ဂင်္ဂါနေရာမှာ ယောကျ်ားတစ်ယောက်ဆိုလျှင် ထိုနေရာတင် အမှုန့်ကြိတ်ပစ်လိုက်ပြီ။ ထို့ကြောင့် တောက်တစ်ချက်ခေါက်လိုက်ကာ မဲ့ပြုံးတစ်ချက်ပြုံးရင်း . . .

"လက်စသတ်တော့ အဲဒီစာကို ငါက မင်းကို ပေးတယ်လို့ မင်းက ထင်နေတာကိုး . . . ကဲ ဟုတ်ပြီ ဒါဆို မင်းကိုငါ တစ်ခု မေးမယ် . . . မင်းက ယောကျ်ားလေးတိုင်း မင်းကို ကြွေနေတယ်လို့ မင်းထင်နေတာလား"

"ဘာ"

"ငါပြောတာ ရှင်းရှင်းလေးပါ . . . ယောကျ်ားတိုင်း မင်းကို ကြွေနေတယ်လို့ မင်းထင်နေတာလားလို့"

ဂင်္ဂါ နှုတ်ခမ်းနှစ်လွှာ တဆတ်ဆတ်တုန်လာသည်။ ရုတ်တရက် ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်နေစဉ် လင်းဘုန်းထွဋ်က ဆက်ပြီး . . .

"မင်း မြဲမြဲမှတ်ထား . . လောကမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ရောဂါက ဘာဆေးနဲ့မှ ကုလို့မရဘူးဆိုတာပဲ"

စကားကို ခဏရပ်ကာ ဂင်္ဂါဖူး၏ မျက်ဝန်းကို မျက်တောင်မခတ်စိုက်ကြည့်၍ . . .

"ငါ့စာပြန်ပေးပါ . . . အဲဒါ မင်းအတွက် မဟုတ်ဘူး"

ဂင်္ဂါဖူး အရုပ်ကြီးတစ်ရုပ်လိုရပ်ရင်း လင်းဘုန်းထွဋ်ကို ကြောင်ကြည့်နေ၏။

"ငါ့စာပြန်ပေးပါ"

လင်းဘုန်းထွဋ် ထပ်ပြောသည်။

သူ့ရင်ထဲမှာလည်း ဘယ်လိုအမျိုးအမည်တပ်ရမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



သော လှိုင်းတံပိုးတို့ ဗလောင်ဆူကာနေ၏။ လူတွေကလည်း ရပ်ကြည့်နေကြသောကြောင့် အလွန်လည်း ရှက်မိသည်။

သို့သော် ရှက်ပြီး လှည့်ထွက်သွားလျှင် ယောကျ်ားဆိုသည့် မာနတစ်ခုနှင့် သူ့ရဲ့သိက္ခာတရားသည် ထိုနေရာမှာတင် အဆုံးစီရင်ပစ်ခဲ့ရလိမ့်မည်။ ဒါ့ကြောင့် အမှန်တရားကိုတော့ လူသေရင် သေပါစေ ဖော်ထုတ်သွားခဲ့ရလိမ့်မည်။ ထို့ကြောင့် စိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ပြန်ထိန်းကာ တတိယအကြိမ် ထပ်ပြောလိုက်၏။

"ငါ့စာပြန်ပေးပါ"

လင်းဘုန်းထွဋ်စကားကြောင့် ဂဂ်ီ ခန္ဓာကိုယ်လေး တစ်ချက်တုန်သွားကာ . . .

"ဒီစာကို ရှင်က မိတ်ဆွေတစ်ယောက်ကို ပေးဖို့ရှိတယ်ဆိုဟုတ်လား"

သူမရဲ့အမေးကို လင်းဘုန်းထွဋ်က . . . .

"မင်းကို လိမ်ပြောလို့ ဘာအကျိုးထူးမှာလဲ"

သူမ နှုတ်ခမ်းတစ်ဖက်ကို ရွဲ့ကာ ပြုံးလိုက်သည်။ ပြီးတော့

"ဒါဆို အဲဒီမိတ်ဆွေ နာမည်ပြော"

လင်းဘုန်းထွဋ် 'ဝေဝေဝင်း' ဆိုတဲ့နာမည်ကို ရုတ်တရက်စဉ်းစား၍ မရနိုင်အောင်ဖြစ်သွား၏။ လူက တစ်ကိုယ်လုံး ပူထူနေ၍ ဦးနှောက်ရဲ့ မှတ်ဉာဏ်က ချက်ချင်း ပုံဖော်မပေးနိုင်ခြင်းလည်းဖြစ်နိုင်သည်။ သို့သော် 'ဝ' သုံးလုံး ပါတာတော့ သိသည်။ လင်းဘုန်းထွဋ် တွေဝေသွားတာကိုကြည့်၍ ဂဂ်ီဖူးမျက်နှာ ပြုံးယောင်သန်းလာကာ

"ပြောလေ . . . ဟင်း ဟင်း ရှင်မပြောနိုင်တော့ဘူး မဟုတ်လား . . . တကယ်လို့ ရှင်မပြောနိုင်ရင် ဒီကိစ္စ ဒီမှာတင် ပြီးမယ်မထင်နဲ့နော် . . . ကျွန်မရဲ့သိက္ခာ . . . ကျွန်မရဲ့အရှက်ကို ကျွန်မအခန်းရှေ့မှာ ရှင်လာခွဲတဲ့အတွက် ရှင့်ရဲ့ပေးဆပ်မှုက သေးလိမ့်





မယ်လို့ ရှင်မထင်နဲ့ . . . အခု ဒီမှာ ဝိုင်းကြည့်နေတဲ့ လူတွေအားလုံး သက်သေရှိတယ် . . . တကယ်လို့ ရှင်မပြောနိုင်ရင် အရင်ဆုံး ကျွန်မတိုင်မှာက ပါမောက္ခချုပ် . . . ဒုတိယက မိန်းကလေးတစ်ယောက်ကို လူလယ်ခေါင်မှာ မိကောင်းဖခင် သားသမီးမပီသစွာ အသရေဖျက်မှုနဲ့ ဆိုင်ရာကနေတစ်ဆင့် တရားစွဲမယ်"

သူမက စကားကို ခပ်အေးအေးနှင့် တစ်လုံးချင်း တိကျပြတ်သားစွာ ပြောချလိုက်တော့သည်။

လင်းဘုန်းထွဋ် ချက်ချင်း ချွေးပျံကာလာ၏။ အရင်ဆုံး စိတ်ကို အအေးဆုံးဖြစ်အောင် ထားလိုက်ရသည်။ ဒီကိစ္စက ပေါ့သေးသေး မဟုတ်တော့မှန်း သူသဘောပေါက်သွားပြီ။ အခန့်မသင့်လျှင် ကျောင်းကအထုတ်ခံရပြီး အချုပ်ပါကျသွားနိုင်သည်။

သူ အသက်ကို မှန်မှန်ရှူကာ ဦးနှောက်ကို 'ဝ' သုံးလုံးအတွက် အလုပ်ပေးလိုက်တော့၏။ ဝင်းဝေဝင်း။ ဒါလည်း မဟုတ်သေး။ ဝင်းဝင်းဝေ။ ဒါလည်းမဖြစ်နိုင်။ ဝေဝင်းဝေ ဒီလို နာမည်မျိုးတော့ ဘယ်မိဘမှ မှည့်မှာမဟုတ်ပေ။ နောက်ဆုံးတော့ သူ မှတ်မိသွားကာ . . .

"ဝေဝေဝင်း . . ဟုတ်တယ် ဝေဝေဝင်း . . မင်းတို့ မေဂျာမှာ ဝေဝေဝင်းဆိုတဲ့ ကျောင်းသူရှိတယ် မဟုတ်လား"

သူမ ပြန်မဖြေခင် ဝိုင်းကြည့်နေသူများထဲမှ တစ်ယောက်က

"ရှိပါတယ် . . . အဲဒါ ကျွန်မသူငယ်ချင်းပါ"

လင်းဘုန်းထွဋ်က ဝင်ပြောသော ကျောင်းသူကို ကြည့်၍ . .

"သူ အခု ဘယ်မှာလဲ"

"စားသောက်ဆိုင် ခဏသွားတယ် . . . ပြန်လာမှာပါ"

လင်းဘုန်းထွဋ်က ဂဂ်ီဘက်ကို ပြန်လှည့်လိုက်ကာ . . .

"ကဲ . . . မင်း လက်ခံပြီဆိုရင် အဲဒီစာဟာ ဘယ်သူ့စာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိရောပေါ့"

ဂဂီ မျက်နှာ ကွက်ခနဲပျက်သွားသည်။ ထို့အပြင် အရှက် တရားက ခန္ဓာကိုယ်အနှံ့မှာ ပျံ့နှံ့ကာတက်လာ၏။ အခု အားလုံး ရှေ့မှာ သူမဘဝကသွားပြီ။ ယောကျ်ားတစ်ယောက်ဆီက စာကို ကိုယ့် ကိုပေးတယ်ထင်ပြီး ယူလာမိသည်ဆိုသောအဖြစ်သည် မိန်းမ တစ် ယောက်အတွက် ပေတစ်သောင်းလောက် နက်သည့်ချောက်ထဲပြုတ် ကျတာထက် ဆိုးသည်။

အထူးသဖြင့် သူလို မိန်းမအတွက် ပိုဆိုးသည်။ သူမ၏ နာမည်ကျော်ကြားမှုကြောင့် ချစ်ခင်သူရှိသလို၊ မနာလိုသူတွေက လည်း ဒုနဲ့ဒေး။ အခုလို အခြေအနေမျိုးမှာ တောကြောင်တွေ ဘယ် လောက်များ လက်ခမောင်းခတ်ကြမလဲ။ နောက်ဆုံးတော့ သူမ လွယ် အိတ်ထဲက စာအိတ်လေးကို ထုတ်ပေးလိုက်ရတော့သည်။

"မင်း ဖောက်ဖတ်ထားတာလား"

သူမက ခေါင်းညိတ်ပြတော့ . . . .

"ဒါဆို ဝေဝေဝင်းလာရင် ဒီကိစ္စ မင်းရှင်းပြပြီး ဒီစာအိတ် ကို မင်း ဖောက်ဖတ်ထားတယ်ဆိုတာ ရှင်းပြပါ . . . တော်ကြာ ငါက သူများကိုယ်ရေးကိုယ်တာကို စပ်စုတယ်လို့ ထင်နေဦးမယ်"

"ဒီမှာ ဒီစာအိတ်ကို ကျွန်မက ဖတ်ချင်လို့ ဖတ်တယ်များ ထင်နေလား"

"ဒါဆို ဘာလို့ဖတ်လဲ"

သူမ ဘာဆက်ပြောရမှန်းမသိ။ သူမ ဆက်ပြောလျှင်လည်း သူမအရှက်ကို သူမဆက်ခွဲသလိုပဲ ဖြစ်နေလိမ့်မည်။ အခုချိန် သူမ သိတာ တစ်ခုပဲရှိသည်။ ဒီနေရာက အမြန်ဆုံး ထွက်သွားချင်သည်။ ဖြစ်နိုင်လျှင် သူမရှေ့ကလူကို ပါးတွေ၊ နားတွေ ဆွဲရိုက်ကာ တူနဲ့ အကြိမ်တစ်သောင်းလောက် ထုရိုက်ပြီး သူမထွက်သွားချင်၏။





"ဒီမှာ ဝေဝေဝင်း လာပြီ"

ဝိုင်းကြည့်နေတဲ့ လူတွေထဲက အသံတစ်စုထွက်လာ၍ လင်း ဘုန်းထွဋ် လှည့်ကြည့်လိုက်စဉ် အသားညိုညိုမိန်းကလေး တစ် ယောက်ကို တွေ့လိုက်ရသည်။

သူမကို လင်းဘုန်းထွဋ်က အကျိုးအကြောင်း ရှင်းပြကာ စာအိတ်ကို ပေးလိုက်သည်။ ဝေဝေဝင်းက စာအိတ်ကိုကြည့်၍ မျက် မှောင်ကြုတ်သွားသောကြောင့် လင်းဘုန်းထွဋ်က . . .

"ဒီစာအိတ်ပွင့်နေတဲ့အကြောင်းကို သိချင်ရင်တော့ မဝေဝေ ဝင်းက ဒီမှာရှိတဲ့သူတွေကိုသာ မေးကြည့်ပါတော့ . . . ကျွန်တော့် လက်ထဲမှာတော့ စာအိတ်က အကောင်းပါ . . . နောက်မှ ပွင့်သွား တာ . . . ကဲ ကျွန်တော့်ကို ခွင့်ပြုဦး"

ဟု ပြောကာ ဘယ်သူ့မှ လှည့်မကြည့်တော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

လင်းဘုန်းထွဋ် ထွက်သွားပြီးနောက် ဂဂီမျက်ဝန်းမှာ မျက် ရည်တို့ ဝေ့တက်လာသည်။ ထိုမျက်ရည်တို့ကို ပါးပြင်ပေါ်သို့ စီးကျ မသွားစေရန် မျက်တောင်နှစ်ဖက်ကို ကျင်လည်စွာခတ်၍ အမြန် ထိန်းလိုက်ရ၏။ ထို့နောက် ချက်ချင်း ဣန္ဒြေဆောင်ကာ ဘာမှမဖြစ် ခဲ့သလို အပြုံးတစ်ချက်ကို နှုတ်ခမ်းပေါ်မှာ တပ်ဆင်ပေးလိုက်၏။

သို့သော် စိတ်၏ ပြတင်းပေါက်ဖြစ်သော မျက်ဝန်းကိုတော့ သူမ လိမ်လို့မရပေ။ သူမ မျက်ဝန်းသည် သူမ အရှက်၊ သူမ သိက္ခာ နှင့် သူမ၏မာနတို့ကြောင့် အေးစက်တင်းမာကာ နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ထွန်းကို

ပြန်ရောက်နေပြီဟု ဝေဖြိုးက ဖုန်းဆက်ပြော၍ သူ ဝမ်းသာသွားသည်။ မတွေ့ရတာ ကြာပြီဖြစ်နေသော သူငယ်ချင်း တွေ ပြန်ဆုံတွေ့ရတော့မည်ဖြစ်၍ ပျော်ကာသွား၏။ ထို့ကြောင့် ညနေပိုင်း ဆိုင်တစ်ဆိုင်မှာဆုံကြရန် ဝေဖြိုးမှတစ်ဆင့် သူပြန်ပြောလိုက်တော့၏။

ထို့နောက် ညနေ ကျောင်းဆင်းတာနှင့် အိမ်မပြန်တော့ဘဲ ထွန်းကိုအိမ်သို့ သူတို့ထွက်လာခဲ့လိုက်တော့၏။ ထွန်းကိုအိမ် ရောက်တော့ ကိုယ်တော်ချောက ရေချိုးနေ၍ ဧည့်ခန်းမှာ ထိုင်စောင့်နေရသေးသည်။ ထွန်းကို အမေက သူတို့ကို ဧည့်ခံရင်း စကားစမြည်ပြောကာနေ၏။

"သားတို့လည်း မတွေ့တာကြာပြီနော်"

"ဟုတ်တယ် အန်တီ . . . ကျောင်းတက်နေရလို့ပါ"

"အေးကွယ် . . . ကြိုးစားကြ . . . ဒါနဲ့သားတို့ အခု တက်နေတာ နောက်ဆုံးနှစ်နော်"

"ဟုတ်"

အန်တီက ခေါင်းတညိတ်ညိတ်လုပ်ရင်း ထွန်းကို အခန်း





ဘက်ကို ခေါင်းငဲ့ကြည့်ကာ လှမ်းအော်သည်။

"ကိုကိုရေ မြန်မြန်လုပ်စမ်း . . . ဒီမှာ သူငယ်ချင်းတွေ စောင့်နေတာ ကြာလှပြီ"

အခန်းထဲမှ 'ပြီးပါပြီ . . . ခဏ' ဆိုသည့် ပြန်အော်သံကို ကြားရ၏။ အန်တီက သူတို့ဘက်လှည့်ကာ ကြည့်ပြီး . . .

"သားတို့ သူငယ်ချင်းလည်း ပြန်ရောက်ရောက်ခင်း သားတို့ကိုမေးနေတာ . . . သူ့မှာလည်း ရောက်ကတည်းက မနားရပါဘူးကွယ် . . . သဘော်သားရုံးသွားလိုက် ဘာလိုက်နဲ့ . . . နောက်ပြီး သူ့အစ်ကို မင်္ဂလာဆောင်ရှိနေတော့ ပိုဆိုးတာပေါ့"

"ဗျာ . . . ကိုကြီး မင်္ဂလာဆောင်ပြီလား"

အေးကွဲ့ . . . သူတို့အလုပ်ထဲက မိန်းကလေးတစ်ယောက်နဲ့ပါ . . . သားတို့က အိမ်မလာတာကြာလို့ မသိတာနေမှာ . . . ဖိတ်စာကိုတော့ ကိုကိုပဲ သားတို့ကို ပေးလိမ့်မယ်"

သူတို့နှစ်ယောက်ပြုံးရင်း . . .

"ကောင်းတာပေါ့ အန်တီ . . . ဒါနဲ့ ထွန်းကိုကရော . ."

သူတို့စကားဆုံးတော့ အန်တီက ပြုံးရင်း . . .

"ဒါတော့ မင်းတို့သူငယ်ချင်းကို မင်းတို့ပဲ မေးကြည့်ပါတော့ကွယ် . . . အန်တီမေးလည်း ထုံးစံအတိုင်း မရှိဘူးပဲ ပြောနေတာပဲ"

ထိုအချိန် အခန်းထဲမှ ထွန်းကို ထွက်လာကာ . . .

"ဒီလောက် ရေထဲမှာပဲ အချိန်ကုန်နေတာ ဘယ်မိန်းကလေးက သားကို လာကြိုက်မှာလဲ အမေရာ"

ဟု ရယ်ရင်း ပြော၏။ ထို့နောက် သူတို့နှစ်ယောက်ကို ကြည့်ကာ . . .

"ကဲ ဟေ့ကောင်တွေ သူများကျပြောပြီး မင်းတို့ကရော"

လင်းဘုန်းထွဋ်က ခေါင်းခါပြ၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အခုထိ ထုံးစံအတိုင်းပဲ . . . ဒီကောင်ကတော့ လူယူနဲ့ကြိုက်သွားပြီ"

ထွန်းကိုက ဝေဖြိုးကို လှည့်ကြည့်ရင်း . . .

"ဟ . . . ဒါဆို ဒီနေ့မင်းကျွေးရမှာပေါ့ကွ"

ဝေဖြိုးက

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ . . . ငါတို့က ဘယ်သူမှ မစွဲသေးဘူး . . . မင်းက စွဲသွားပြီလေ . . . အဲဒါကြောင့် မင်းကျွေး"

ဝေဖြိုးက ရယ်ဖြဲဖြဲနှင့် ဘာမှတော့ ဆက်မပြောတော့ပေ။

လင်းဘုန်းထွဋ်က ဝင်၍ . . .

"ကဲ . . . ကဲ သွားရအောင် . . . ဗိုက်ဆာပြီကွ"

ဟု ထရပ်လိုက်သည်။

ထို့နောက် အန်တီ့ကို နှုတ်ဆက်၍ ထွန်းကို အိမ်မှ ထွက်လာခဲ့လိုက်တော့၏။ ဆိုင်ကို အေးအေးဆေးဆေးနှင့် စကားပြောလို့ရမည့် ဆိုင်တစ်ခုကို ရွေးချယ်လိုက်ပါတော့သည်။



## သင်္ဘောသား

တို့၏ ထုံးစံအတိုင်း အပြန်ခရီးကို ဘာမှမပါလာရင်သာနေမယ်။ သူငယ်ချင်း အပေါင်းအသင်းတွေအတွက် အရက်ပုလင်းတော့ ပါလာတတ်ကြသည်။

ထွန်းကိုက ဂျော်နီဝါ့ကား ဘလက်လေဘယ်အကြီးတစ်လုံး ပါလာသည်။ ထို့ကြောင့် ဒီညအတွက် ကျန်တဲ့အမြည်းကိစ္စကို ဝေဖြိုးက တာဝန်ယူလိုက်၍ ကိစ္စက ပြတ်သွား၏။

လင်းဘုန်းထွဋ်ကိုတော့ နောက်နေ့တစ်ဝိုင်း ပြန်ကျွေးရမည်ဟု ဆိုသည်။ ထိုအဆိုကို လင်းဘုန်းထွဋ်က ကန့်ကွက်သည့်သဘောနှင့် . . .

"ဘာဆိုင်လို့လဲ . . . ငါ့အလှည့်ကျတော့ . . . အရက်ရော အမြည်းရော တာဝန်ယူရမှာလား"

ထွန်းကိုက ဝင်၍ . . .

"ယူရမှာပေါ့ကွ . . . နောက်တစ်ရက် မင်းအလှည့်"

ဝေဖြိုးကလည်း ခွင်ဝင်တုန်းလေး ဝင်၍ . . .

"ဒါ တရားမျှတတဲ့ ဆုံးဖြတ်ချက်ပဲ"

ဟု ထောက်ခံကာပေး၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တစ်ယောက်ဆိုတော့ သူကပင် အရှုံးပေးကာ

"ကဲပါကွာ . . . ထားပါတော့ သူတောင်းစားတောင် လှူရသေးတာပဲ"

ဟု ပြန်ပက်လိုက်တော့သည်။

သူ့စကားကြောင့် ဟိုနှစ်ကောင် ရယ်ကျဲကျဲနှင့် အရက်ဝှလင်းကို မ,၍ ခွက်ထဲသို့ငှဲ့ကာ ရေခဲကို အနေတော်လောက် ထည့်လိုက်သည်။ ပြီးတော့ ရေကို ပုံမှန်ရော၍ သူ့ဆီတစ်ခွက် လှမ်းပေး၏။

"ကဲ . . . ပြန်လည်ဆုံတွေ့ခြင်း အထိမ်းအမှတ်ကွာ . . . (ချီးယားစ်) OK"

ထွန်းကိုက စ၍ ချီးယားစ်လုပ်သည်။ သူတို့ခွက်တိုက်လိုက်ကြပြီးနောက် တစ်ငုံစီငုံလိုက်ကာ အမြည်းတစ်ဖတ်စီ စားလိုက်ကြပြီးနောက် ထွန်းကိုက . . .

"ငါ့အစ်ကို မင်္ဂလာဆောင်လည်း လာဖြစ်အောင် လာဦးနော်"

"လာမှာပေါ့ကွာ . . . လူတော့သေချာတယ် . . . လက်ဖွဲ့တော့ မရေရာဘူး"

ဝေဖြိုးက ပြုံးစိစိနှင့်ပြော၍ ထွန်းကိုက . . .

"အဓိက အရေးကြီးတာမှ မင်းတို့က မရေရာဘူး ဆိုတော့"

"လူလက်ဖွဲ့လို့ မရဘူးလား"

"မင်းတို့နှစ်ယောက်ကို ငါ့အစ်ကိုက ဘာလုပ်ရမှာလဲ . . . သူ့အိမ်မှာ မာလီတို့ ခြံစောင့်တို့မှ မလိုတာ"

အားလုံး ရယ်ဖြစ်ကြ၏။

ထို့နောက် သူတို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။ ထွန်းကိုက သူ ဒီမှာမရှိတဲ့အချိန် ဘာတွေထူးခြားသွား





သလဲဟု မေး၏။ ဘာမှ ထွေထွေထူးထူးတော့ မရှိပေ။ ဝေဖြိုး တစ်ယောက်သာ ယုယုနဲ့အဆင်ပြေသွားတာပဲ ရှိသည်။

ဒါကို သိ၍ ထွန်းကိုက လင်းဘုန်းထွဋ်ဘက်လှည့်ကာ . . .

"လင်းဘုန်း မင်းက ဘာလို့ ရည်းစားမထားသေးတာလဲ"

လင်းဘုန်းထွဋ်က ခွက်ထဲက လက်ကျန်ကိုတစ်ချက်ရှင်းလိုက်ကာ . . .

"ဘာလို့မရသေးတာလဲဆိုတော့ ငါလည်း ဘယ်ပြောတတ်မလဲကွာ . . . မတွေ့သေးလို့ပေါ့"

"ဒီတစ်သက် တွေ့ရောတွေ့ဦးမှာလား"

လင်းဘုန်းထွဋ်က ပခုံးတွန့်ပြကာ . . .

"အဲဒါတော့ မပြောတတ်ဘူး"

လင်းဘုန်းထွဋ်စကားဆုံးတော့ ဝေဖြိုးက ဝင်၍ . . .

"ဒီကောင်တော့ သွားမေးမနေပါနဲ့ကွာ . . . လေကုန်တယ်"

ထွန်းကိုက ပြုံးသည်။ ထွန်းကို ပြုံးနေတာကို လင်းဘုန်းထွဋ်က ကြည့်၍ . . .

"မင်းက ဘာပြုံးတာလဲ . . . ငါကျတော့ မေးပြီး မင်းကရော"

ထွန်းကိုက ပြုံးရင်းက ခေါင်းခါကာ . . .

"ငါက ကုန်းပေါ်ရှိတဲ့ အချိန်ရော ရှိလို့လား . . . ရေပေါ်မှာပဲ အမြဲနေရတဲ့ဟာကို"

"မင်းမေးလိုက်ရင် ဒါပဲ"

"ဟ . . . ဒါပဲမပြောလို့ ငါက ဘယ်လိုပြောရမလဲ . . . မင်းတို့လိုသာ ကုန်းပေါ်မှာအမြဲရှိနေကြည့်ပါလား . . . ဟင်း ဟင်း အခုလောက်ဆို ဟောတစ်ယောက် ဟောတစ်ယောက်"

"ဘာလဲ မင်းကို ပါးရိုက်သွားမယ့်လူတွေကို ပြောတာလား"

ထွန်းကို မျက်နှာမဲ့ကာသွား၏။ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . မှတ်ထား . . . အခု ငါ ကုန်းပေါ်ရောက်နေပြီ . . . မင်းတို့ သတိထားတော့"

"ဟာဟ . . . ကြည့်ရချည်သေးရဲ့"

ထို့နောက် ထွေရာလေးပါးပြောရင်း သူတို့ဆက်သောက်ကြသည်။ ညသည် တဖြည်းဖြည်း အချိန်ကြာလာသည်နှင့်အမျှ သူတို့လည်း ရေချိန်ကိုက်လာကြ၏။

တော်တော်လေး ကြာတော့ ပုလင်းလည်း တက်တက်ပြောင်လေပြီ။ လူတွေလည်း တော်တော်လေး မူးနေကြ၍ ဝေဖြိုးက ရှုပြီး

"ပြန်ရအောင်ကွာ"

ဟု စကားစသည်။

ဝေဖြိုး အကြံပြုချက်ကို ကျန်တဲ့နှစ်ယောက်က လက်ခံကာ သူတို့ဆိုင်မှ ထလိုက်ကြတော့သည်။

ပြန်ခါနီးတော့ လင်းဘုန်းထွဋ်က ထွန်းကိုအား . . .

"ဒီတစ်ခေါက်. မင်း ဒီမှာ ကြာဦးမှာလား"

ထွန်းကိုက ခေါင်းညိတ်ပြကာ . . .

"ခြောက်လလောက်ကြာမယ်ထင်တယ်"





## မင်္ဂလာဆောင်

က လူတော်တော်များ၏။ နှစ်ဖက်မိဘ အသိုင်းအဝိုင်း အပြင် လူငယ်အသိုင်းအဝိုင်းကလည်း ဝင်ဆန့်၍ ဧည့်ပရိသတ်က များပြားလှသည်။ ထွန်းကိုရဲ့အစ်ကို ကိုထွန်းချိုကလည်း သင်္ဘောအရာရှိတစ်ယောက်ဖြစ်သောကြောင့် မိတ်ဆွေလည်း ပေါသည်။ အများအားဖြင့် သင်္ဘောနဲ့ပတ်သက်တဲ့ မိတ်ဆွေတွေပိုများ၏။

လင်းဘုန်းထွဋ်နဲ့ ဝေဖြိုးက ထွန်းကို နေရာချပေးတဲ့ စားပွဲမှာ ဝင်ထိုင်လိုက်ကာ . . .

"လူတော်တော်များနေတာပဲကွနော်"

ထွန်းကိုက . . .

"အေးကွာ . . . ငါလည်း တော်တော်ချွေးပျံနေပြီ"

"မင်းနဲ့ ဘာဆိုင်လို့ မင်းက ချွေးပျံနေတာလဲ"

"ငါက ဧည့်ကြိုလုပ်နေရတယ်လေကွာ . . . ဟိုလူ့ နေရာချပေးရ . . . ဒီလူ့နေရာချပေးရနဲ့"

"ဟုတ်လို့လားကွာ . . . မင်းမျက်နှာကြည့်ရတာ သတို့သမီးအရံလေးတွေနားပဲ ကပ်နေမယ့်ရုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းဘုန်းထွဋ်စကားကြောင့် ထွန်းကိုက ရယ်သည်။

"ကပ်ချိန်တောင် မရပါဘူးကွာ . . . ညည်းကြိုမှာက ငါမရှိရင် မဖြစ်ဘူးကွ . . . ငါ့ဘက်က လာတဲ့ညည်းသည်တွေကျတော့ ငါကပဲ သိတာလေ . . . သူတို့ဘက်က လာတဲ့ညည်းသည်တွေအတွက် သူတို့ဘက်က တစ်ယောက်ထားတယ်"

ထွန်းကိုပြောတာ မှန်သည်။ မင်္ဂလာဆောင်လျှင် နှစ်ဖက်အသိုင်းအဝိုင်းဖိတ်ထားတဲ့ လူများလျှင် ထိုကဲ့သို့ပင် အလုပ်ရှုပ်ရတတ်၏။ ဝေဖြိုးက ထွန်းကိုအား . . .

"မင်းကို သတို့သားအရံ မလုပ်ခိုင်းဘူးလား"

ထွန်းကိုက ခေါင်းတစ်ချက်ကုပ်လိုက်ကာ . . .

"ကိုယ့်အစ်ကို မင်္ဂလာဆောင်မှာ ဝင်မလုပ်ချင်ပါဘူးကွာ"

"ဒါနဲ့ သတို့သမီးအရံလေးတွေက ဘယ်လိုလဲ"

ထွန်းကိုက ရယ်ကျဲကျဲနှင့် . . .

"သတို့သမီးအရံ လုပ်ခိုင်းမှတော့ ချောလို့ပေါ့ကွာ . . . အဲ . . . ဒါပေမယ့် တော်တော်လေးတော့ချောကြတယ်ကွ"

ထို့နောက် ကိစ္စရှိ၍ လူတစ်ယောက်က လာခေါ်သောကြောင့် ထွန်းကို သူတို့ဝိုင်းက ထသွားသည်။

ခဏကြာတော့ မင်္ဂလာအချိန်အခါ စတင်ပြီဖြစ်ကြောင်း စင်မြင့်ထက်က ကြေညာကြားရပြီးနောက် မင်္ဂလာအခါတော်ပေးနှင့်အတူ သတို့သား၊ သတို့သမီးတို့ မင်္ဂလာစင်မြင့်ထက်သို့ လျှောက်လမ်းအတိုင်း ဖြည်းဖြည်းချင်းတက်လာတော့သည်။

အရင်ဆုံး သတို့သမီးကို လေ့လာမိသည်။ အသားဖြူဖြူနှင့် ရှမ်းတိုင်းရင်းသားစပ်သော ရုပ်ရည်မျိုး ဖြစ်၍ ကျက်သရေရှိကြောင်း ရင်ထဲမှာ မှတ်ချက်ချမိ၏။ ထို့နောက် သတို့သားအရံတွေကို ကြည့်တယ်ဆိုရုံလောက်သာကြည့်၍ သတို့သမီးအရံတွေကို အကဲဖြတ်ဖို့





မျက်လုံးအရောက်တွင် . . .

"ဟင်"

လင်းဘုန်းထွဋ် ရင်ထဲမှာ အံ့သြကာသွား၏။ ထို့ကြောင့် ဝေဖြိုးကို လက်ကုပ်ကာ . . .

"ဟောကောင် . . . ဟို ညာဘက်က သတို့သမီးအရံကို ကြည့်စမ်း . . . ငါနဲ့ စာကိစ္စ ပြဿနာတက်တဲ့တစ်ယောက် မဟုတ်လား"

ဝေဖြိုးက တစ်ချက်လှမ်းကြည့်၍ . . .

"ဟုတ်မယ်ထင်တယ်ကွ"

"ဟုတ်မယ် မလုပ်နဲ့ ဟုတ်ကို ဟုတ်တယ်ကွ"

"မင်းကတော့ လက်တွေ့ ပြဿနာတက်ခဲ့တဲ့သူဆိုတော့ သိမှာပေါ့"

လင်းဘုန်းထွဋ်က မျက်နှာကို တစ်ချက်ပွတ်လိုက်ကာ . . .

"ပြဿနာပါပဲကွာ . . . ထွန်းကိုတို့အသိတွေများ ဖြစ်နေမလားမသိဘူး . . . အဲဒါဆိုရင်တော့ အားနာစရာကြီး"

ဝေဖြိုးက စဉ်းစားသလိုလုပ်ပြီး . . .

"ဖြစ်လည်း ဖြစ်နိုင်တယ် . . . မဖြစ်လည်း မဖြစ်နိုင်ဘူး ဖြစ်ပြီးသွားပြီပဲကွာ . . . စိတ်ထဲမထားပါနဲ့ . . . ဟုတ်တယ်ဆိုလည်း တောင်းပန်လိုက်ပေါ့ . . . ပြီးတော့ အဲဒီနေ့ကလည်း မင်းမှားတာမှ မဟုတ်တာ"

လင်းဘုန်းထွဋ်က ခေါင်းညိတ်ရင်း ဂဂ်ကို သေချာကြည့်မိသည်။ အချောအလှလေးတစ်ယောက်ဆိုတာကိုတော့ စတွေ့တဲ့နေ့ကတည်းက သတိထားမိ၍ ထိုကိစ္စကိုတော့ တွေးနေဖို့ မလိုတော့ပေ။ သို့သော် အခုလို သေသေချာချာကြည့်မိတော့ အချောအလှဆိုတာထက် အလှပေါ် အယဉ်ဆင့်ကာ မဟာဆီမဟာသွေးတက်ပြီး လူတကာငေးရလောက်အောင် လှပသူလေးဟု မှတ်ချက်ချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းဘုန်းထွဋ် ကိုယ်တိုင်ပင် သူမျက်လုံးက ဂဏ္ဍိဆီမှ ဖယ်ခွာမရအောင် ကပ်ပါသွားခဲ့သည်ဆိုတာကိုတော့ ကိုယ့်ကိုယ်ကိုယ် ဝထမဦးဆုံး ဝန်ခံမိ၏။ ဝေဖြိုးက သူကို တံတောင်နဲ့တွတ်ကာ . . .

"မင်းမျက်လုံးက ခေါ်တောအုပ်ထဲ နတ်သမီးပြုတ်ကျတာ ထက်ဆိုးနေပြီ . . . ထိန်းဦး"

ဟု ပြောတော့မှ ချက်ချင်းရှက်သွားကာ . . .

"ဟုတ်ပါဘူးကွာ . . . ငါက ဟိုဟာပါ"

ဟု မရေမရာ ပြော၍ ရှေ့က ကိတ်မုန့်ကို လှမ်းနှိုက်လိုက်စဉ် . . .

"တော့ကောင် . . . ဟိုမှာ အခါတော်ပေးတောင် မပြီးသေးဘူး"

ဆိုမှ လက်ပြန်ရုပ်ရင်း . . .

"ဟီး ဟီး"

နွှားပြာအောက်သွားမရှိသလိုသာ ရယ်ပြလိုက်ရတော့သည်။ ရင်ထဲမှာလည်း ပူရှိန်းရှိန်းနှင့် ဘယ်လိုကြီးမှန်း မသိပေ။ ဝေဖြိုးက လေသံနှင့် . . .

"မင်းတော့ သိဝိမင်း ဆင်ဝေါ်က ကျတာထက်ဆိုးပြီ"


လင်းဘုန်းထွဋ် လက်ဝါးနှစ်ဖက်ကိုသာ ဘာမှန်းမသိ ပွတ်နေမိပါတော့သည်။ သူစိတ်ထဲတွင် ဒီမင်္ဂလာဆောင် မြန်မြန်ပြီးပါစေဟုသာ ဆုတောင်းနေမိတော့၏။ အဘယ်ကြောင့်ဆိုသော် သူ ဒီနေရာမှာ ဆက်မနေချင်တော့ဘဲ အိမ်ကိုသာ အမြန်ဆုံး သုတ်ခြေတင်ချင်နေပြီ။

ဒီမှာရှိနေရင် သူမကိုသာ ငေးနေမိမှာစိုး၍ ဖြစ်၏။

ဘာတဲ့ . . . ဟိုကောင်ပြောသလို . . . ခေါ်တော . . . ။







## လင်းဘုန်းထွဋ်

အခန်းထဲသို့ ယခုအချိန် စုံထောက်တစ်ယောက်ရောက်လာလျှင် တော်တော်ခေါင်းစားသွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်ကပဲ သူ့အခန်းထဲသို့ တိတ်တဆိတ် ဖောက်ထွင်းဝင်ရောက်လာ၍ သူ့ဗီရိုအား မွှေနှောက်ရှာယူသွားသည်ဟု ထင်စရာရှိသည်။

ဒါမှမဟုတ် သူ့ထံမှာရှိသော အရေးကြီးပစ္စည်းတစ်ခုခုကို လိုချင်သော လူဆိုးဂိုဏ်းအဖွဲ့တစ်ခုခုကပဲ လာရောက်ရှာဖွေသွားဟန်ရှိ၏။ အမှန်တော့ တစ်ခုမှ မဟုတ်ပါ။ မင်္ဂလာဆောင် ဒင်နာသွားရန်အတွက် သူကိုယ်တိုင် ဗီရိုဖွင့်၍ အဝတ်ရွေးနေခြင်းသာ ဖြစ်ပါသည်။

အပြာနုရောင် ရှပ်အင်္ကျီလတ်ရှည်လေးနှင့် အနက်ရောင် ဒေါက်ပျောက်စတိုင်ပင်လေးကို တွဲစပ်ကြည့်တော့ မဆိုးဘူးဟု စိတ်ထဲမှာ ထင်မိသည်။

သို့သော် အပြာနှင့်အနက်ဆိုတော့ တချို့ အိမ်ရာစခန်းတွေက လုံခြုံရေးဝန်ထမ်းဝတ်စုံလိုလိုဖြစ်နေ၍ ခုတင်ပေါ်သို့ ပစ်တင်လိုက်၏။ ထို့နောက် နောက်တစ်စုံဆွဲထုတ်လိုက်သည်။

စပို့ရှပ်အဖြူတစ်ထည်နှင့် ဘောင်းဘီအဖြူတစ်ထည်ပါကာလာသည်။ ဖိုးသူတော် ဆွမ်းလာခံတယ်ဟု ထင်မြင်စရာရှိ၍ လှမ်းမကြည့်တော့ဘဲ ဝဲပစ်လိုက်သည်။ နောက်တစ်စုံ . . .

ဟိုနေ့ကမှ MK ဖက်ရှင်ရှော့က ဝယ်လာသည့် BSC အမျိုးအစားအောက်က အနက်ခံမှာ အဖြူစင်းလေးတွေပါသော ရှပ်အကျႌတစ်ထည်။ ဒါတော့ မဆိုး။ အသစ်လည်းဖြစ်နေ၍ တစ်ခါမှ ပွဲမတိုးရသေးသောကြောင့်တစ်ကြောင်း၊ သူကိုယ်တိုင် ကြိုက်၍ ဝယ်လာသောကြောင့်တစ်ကြောင်း ထိုအကျႌကို ယာယီရွေးထားလိုက်၏။

ထို့နောက် အောက်က ဝတ်ရမည့်ဘောင်းဘီအနေအထားကိုဆက်ပြီး စဉ်းစားသည်။ ဒီလိုရှပ်အကျႌဆိုတော့ ဂျင်းဘောင်းဘီထက် စတိုင်ပင်နဲ့က ပိုမိုလိုက်ဖက်သည်ဟု ထင်မိသည်။ ပြီးလျှင် အောက်ဖိနပ်ကို ဟတ်ရှူးအနက်လေး စီးလိုက်ရင် သားနားသွားပြီ။

ဘောင်းဘီကို အဖြူ၊ မီးခိုးရောင်၊ အနက် စသည်ဖြင့် လျှောက်စဉ်းစားကြည့်သည်။ နောက်ဆုံးတော့ ပထမခုတင်ပေါ် ပစ်တင်လိုက်သည့် ဘောင်းဘီအနက်ကိုပဲ ပြန်လည်ရွေးချယ်ကာ ရေချိုးရန် ရေချိုးခန်းထဲသို့ ဝင်ခဲ့လိုက်ပါတော့သည်။

ရေချိုးပြီးသွားတော့ ရွေးထားတဲ့အကျႌနဲ့ ဘောင်းဘီကို အတိအကျဝတ်ပြီး ကားသော့ယူကာ ထွက်လာခဲ့လိုက်ပါတော့သည်။

ဒင်နာလုပ်မည့် ဟိုတယ်သွားရာ လမ်းတစ်လျှောက် ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေရ၏။ ဘာကြောင့်လဲ . . .

အခုချိန် မပြောတတ်သေးတာထက် ပြောရန်စောနေသေးသည်ဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။





## ဟိုတယ်ကြီး

မြက်ခင်းပြင်တွင် စားပွဲခုံတွေကို အစီအစဉ်တကျ ခင်းကျင်းထားသည်။ သူရောက်သွားတော့ ဝေဖြိုးက ကြိုရောက်နှင့်နေ၍ စားပွဲဝိုင်းတစ်ခုမှ လက်လှမ်းကာပြ၏။

လင်းဘုန်းထွဋ်လျှောက်သွားလိုက်ကာ ဝေဖြိုးဘေးမှာ ဝင်ထိုင်လိုက်သည်။ ခဏကြာတော့ ထွန်းကိုရောက်လာ၍ . . .

"မင်းက ဘာလို့နောက်ကျနေတာလဲ"

"အရမ်း နောက်မကျပါဘူးကွ"

"သိပါဘူးကွာ . . . မိတ်ကပ်လိမ်းနေတာလားလို့"

သူတို့ရယ်နေစဉ် ထွန်းကို အစ်ကိုနှင့် သတို့သမီးက အနားရောက်လာတော့ ထနှုတ်ဆက်စဉ် ကိုထွန်းချိုက . . .

"နေ့လယ်က ဘာလို့ အစောကြီး ပြန်သွားတာလဲ"

ဟု မေး၍ . . .

"မစောပါဘူး . . . အစ်ကို ပွဲပြီးမှ ပြန်သွားတာပါ"

"အေးလေ . . . ပြီးပြီးချင်း ပြန်သွားလို့ . . ငါတို့က ဓာတ်ပုံရိုက်မလို့လိုက်ရှာတော့ မရှိတော့ဘူး"

သူ ရယ်ပဲနေလိုက်သည်။ ကိုထွန်းချိုက သူ့ဇနီးနှင့် မိတ်ဆက်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ခင်မေစိုးတဲ့ . . . ခင် ဒါ မောင့်ညီရဲ့ သူငယ်ချင်းလေ လင်းဘုန်းထွဋ်တဲ့ . . . ဟိုဘက်က ဝေဖြိုး"

မခင်မေစိုးက သူတို့နှစ်ယောက်ကို ပြုံးပြနှုတ်ဆက်ပြီး . . .

"လွတ်လွတ်လပ်လပ်နေကြနော် . . မောင်လေးတို့ အားမနာနဲ့"

"ခင်ရယ် အဲဒါတော့ ပြောစရာမလိုဘူး . . . ဒီကောင်တွေက အားနာမယ့်ကောင်တွေ မဟုတ်လူး . . . ကဲ လင်းဘုန်းတို့ ဝေဖြိုးတို့ သုံးတတ်ရင် ဟိုဘက်မှာ ဘားဖွင့်ပေးထားတယ် . . . ကြိုက်သလောက်သာ သုံးတော့"

ဟုပြောပြီး တခြားဝိုင်းသို့ နှုတ်ဆက်ရန်ထွက်သွားတော့သည်။

ခဏကြာတော့ ဝေဖြိုးက ဝိုင်းက ထမလို့လုပ်ပြီး . . .

"မင်း သောက်မယ်ဆို လိုက်ခဲ့လေ . . . ငါ သွားယူမလို့"

"မသောက်သေးဘူးကွာ . . ငါ နည်းနည်းစားလိုက်ဦးမယ်"

အမှန်တကယ်လည်း ဆာနေပြီ။ အိမ်မှာရှိတုန်းက စိတ်ကလောနေ၍ ဆာလို့ဆာမှန်းမသိ၍ စားမလာရ။ အခုမှ ဆာလာမှန်းသိသည်။ ထို့ကြောင့် နီးစပ်ရာ စားသောက်ပွဲထဲက အနည်းငယ်ယူ၍ တစ်လုပ်နှစ်လုပ်စားပြီး သူမကို ရှာမိ၏။

ဒီညလာတဲ့ ပရိသတ်က လူကြီးနည်း၍ လူငယ်အသိုင်းအဝိုင်းများကြောင်း တွေ့ရသည်။ လှပသော ရောင်စုံမီးလေးများ ထွန်းထားသော မြက်ခင်းပြင်ကြီးပေါ်တွင် အဝတ်အစားရောင်စုံများနှင့် တောက်ပနေသော လူများက လှုပ်ရှားသွားလာနေကြ၏။ တချို့လည်း ကိုယ့်အဖွဲ့နှင့်ကိုယ် ဝိုင်းဖွဲ့စကားပြောနေကြသည်။ တချို့လည်း တစ်ယောက်နဲ့တစ်ယောက် နောက်ကာပြောင်ကာနှင့် ဟိုတစ်စု ဒီတစ်စုရပ်ကာ စကားပြောနေကြသည်။





ထိုရောင်စုံလှုပ်ရှားနေသော လူတွေထဲတွင် သူမကို မျက်စိတောင်းမျှော်ကြည့်ကာ ရှာနေမိ၏။

"လင်းဘုန်း . . . မိတ်ဆက်ပေးရဦးမယ် . . . ဒါ ဂင်္ဂါဖူးတဲ့"

ရုတ်တရက် ကြားလိုက်ရသော ထွန်းကိုအသံကြောင့် ကြက်သီးတွေ ဖျန်းခနဲထကာ လှည့်ကြည့်လိုက်စဉ် ဂါဝန်ရှည်အဖြူ ဝမ်းဆက်လေးနှင့် သူမကို အလင်္ကာတွေ ယိမ်းစွာလှပနေတာ တွေ့လိုက်ရတော့သည်။

ချက်ချင်းကြီး တွေ့လိုက်ရတော့ သူ့ မျက်လုံးက ကြောင်တောင်တောင်ကြီးနှင့် စိုက်ကြည့်နေစဉ် . . .

"ဟေ့ကောင် . . ဒါ ဂင်္ဂါဖူးတဲ့ . . . သတို့သမီးအရံထဲက တစ်ယောက်လေ"

သူမကလည်း သူ့ကို တွေ့သွား၍ ရုတ်တရက် အံ့သြသွားသောအမူအရာ ချက်ချင်းပေါ်ကာလာသည်။ သို့သော် ထိုအဖြစ်အပျက်လေးသည် စက္ကန့်ပိုင်းလေးပဲ သူမ မျက်နှာပေါ်မှာ နေရာယူနိုင်လိုက်သည်။ ချက်ချင်းပင် သူမက နှစ်လိုဖွယ်ရာ အပြုံးတစ်ခုကို တစ်ဆင့်ကာ . . .

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ကို . . . ."

သူမ စကား ခေတ္တဆိုင်းသွားစဉ် သူ မတ်တတ်ထရပ်လိုက်တာ . . .

"လင်းဘုန်းထွဋ်ပါ . . ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်"

သူမက ခေါင်းညိတ်ပြပြီး ထွန်းကိုဘက်လှည့်ကာ . . .

"ကိုထွန်းကို ကျွန်မ ခင်မေဦးတို့ဆီသွားလိုက်ဦးမယ် . . . ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



တုံ ဆို၍ ထွက်သွားတော့သည်။ သူမ ထွက်သွားတော့ ထွန်းကိုက သူ့ပခုံးကို ဖက်လိုက်ကာ . . .

"ဝေဖြိုးပြောလို့ ငါအကုန်သိပြီးပြီ . . . အခုလည်း ဝေဖြိုးက မင်း မင်္ဂလာဆောင်မှာ ဂရိကို ခေါ်တောလိုကြည့်နေတဲ့ အကြောင်းပြောလို့ ငါ မိတ်ဆက်ပေးတာ"

ဝေဖြိုးဆိုတဲ့ကောင်ကတော့ လုပ်ချလိုက်ပြီဟု တွေးလိုက်တာ . . .

"ဒီကောင် လိုတာထက်ပိုပြောတတ်တာ မင်းလည်းသိသားပဲ"

ထွန်းကိုက ပြုံး၍ . . .

"ထားပါတော့ . . . ဟိုက မင်းကို မဆုံဖူးသလို လုပ်သွားတယ်နော်"

"မင်း သူ့ကို ဘာသွားပြောထားသေးလဲ"

"ငါက ဘာပြောရမှာလဲ . . . သူနဲ့က ငါ့အစ်ကို မိန်းမနဲ့ ပတ်သက်ပြီး အခုမှ သိတာ . . . ဘာလို့ငါက မင်းတို့တိစ္စ ပြောရမှာလဲ . . . အဲဒီလောက်တော့ ငါလည်း လည်ပါတယ်ကွာ"

သူ သက်ပြင်းတစ်ချက်ချလိုက်ရင်း . . .

"တော်သေးတာပေါ့ . . . အင်း . . . သူ အခုလို မသိချင်ယောင်ဆောင်သွားတာပဲ ကျေးဇူးတင်ရမှာ . . . နောက်မို့ဆို ငါ အနေကျပ်နေဦးမယ်"

ထွန်းကိုက သူ့ပခုံးကို တစ်ချက်ဖျစ်လိုက်ရင်း . . .

"မင်းဘက်က ဘယ်လိုလဲ"

"ဘာကိုမေးတာလဲ"

"ဂရိကိုလေ"

"ဟာ. . ဆုံတာမှ နှစ်ခါသုံးခါပဲရှိသေးတာ. . ငါ့ အကြောင်း မင်းလည်းသိတာပဲ"





"အေး . . . သိလို့ ပြောတာပေါ့ . . . မင်းတို့ပိုကောင်မျိုးတွေ ပိုကြောက်ရတယ်"

သူ ဘာမှ ပြန်မပြောဘဲ ငြိမ်နေမိသည်။ ခဏကြာတော့ ထွန်းကို ထွက်ကာသွား၏။

သူသာ ငူငိုင်ငိုင်ကြီး ကျန်ခဲ့မိလေသည်။ တစ်ခုက်တစ်ချက်တော့ ဂရိတို့ဝိုင်းဘက် ခိုးခိုးကြည့်မိ၏။ သူ အကြိမ်ဖန်များစွာ ခိုးကြည့်နေမိသော်လည်း တစ်ကြိမ်သာ ဂရိ သူတို့ဝိုင်းဘက် လှည့်အကြည့်နှင့် တိုက်ဆိုင်၍ မျက်ဝန်းချင်းဆုံမိသည်။

သူ့ရင်ဘတ်ကို ကုန်တင်ကားတစ်စီး ရုတ်တရက် ဝင်ဆောင့်သလို ခံစားလိုက်ရ၍ ချက်ချင်းအကြည့်ကို လွှဲဖယ်လိုက်မိတော့သည်။ နောက်ထပ်ကြည့်ဖို့ မကြိုးစားရဲတော့ပေ။ ဒီကောင်မလေးနဲ့တော့ ခက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဟ"

ဂင်္ဂါဖူးက ပြောတော့ ခင်မေဦးက . . .

"ကျယ်ပါတယ်ဟာ . . နင်ကလည်း တိုက်ကြီး ခုနစ်တိုက်တောင် ရှိတာ"

ဂင်္ဂါက ပြုံးသည်။ ပြီးမှ . . .

"လင်းဘုန်းထွဋ်ဆိုတဲ့လူနဲ့ ဒီလို ပြန်ဆုံရမယ်လို့ ငါမထင်မိဘူး"

"ပြန်ဆုံတော့ ရင်ခုန်တယ်ပေါ့"

ဂင်္ဂါက ခင်မေဦးကို တစ်ချက်လှည့်ကာ ကြည့်သည်။ ပြီးတော့ . . .

"အံ့ဩသွားတာတော့ အမှန် . . . ပြီးတော့ ငါ ဘာဖြစ်လဲသိလား"

ခင်မေဦးက . . .

"သိဘူးလေ"

"ဒေါသတွေ အလိပ်လိုက်တက်လာတာဟ . . . ဟင်း ဟင်း





ဒါပေမဲ့ . . . ငါ အဲဒီဒေါသကို ချက်ချင်းထိန်းလိုက်နိုင်ပါတယ် . . . အေးဆေးပဲ . . . သူ့ကို နှုတ်ဆက်လိုက်တယ်လေ"

ခင်မေဦးက သက်ပြင်းချသည်။

"အေးလေ . . . နင့်ဘက်က ဒေါသဖြစ်လည်း ဖြစ်ချင်စရာပါ . . . အဲဒီနေ့က ဖြစ်ပျက်သွားတဲ့ကိစ္စက တော်တော်ဆိုးတယ်"

"ဆိုးတာထက် ငါ့အရှက်ကို သက်သက်လာခွဲတဲ့ ပုံစံဖြစ်နေတယ်"

"အဲဒီလိုတော့ ဖြစ်မယ်မထင်ပါဘူးဟယ် . . တိုက်ဆိုင်မှုပါ"

ဂင်္ဂါက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ကာ . . .

"တိုက်ဆိုင်မှုဆိုလည်း ဒီကောင် ငါ့ကို အဲဒီလို မလုပ်သင့်ဘူး"

"သြော် . . . နင်က သူ့ကို သွားစွပ်စွဲတော့ သူလည်း ရှက်ရှက်နဲ့ အလွတ်ရုန်းထွက်တာ နေမှာပါ"

ဂင်္ဂါက ခင်မေဦး စကားဆုံးတော့ မကျေမနပ်နှင့် တစ်ချက်လှည့်ကြည့်သည်။

"နင်က ငါ့ဘက်ကလား . . . သူ့ဘက်ကလား . . . ဘာလဲ နင့်အစ်မနဲ့ ပတ်သက်ပြီး သူ့သူငယ်ချင်းထွန်းကိုနဲ့ အမျိုးတော်သွားပြီဆိုတာနဲ့ သူ့ဘက်ပါသွားပြီပေါ့ ဟုတ်လား"

"ဟယ် မဟုတ်ရပါဘူးဟယ် . . . ငါက နင်တို့ပြဿနာ ထပ်ဖြစ်မှာစိုးလို့ ဖြေလည်ရာ ပြေလည်ကြောင်းပြောပြတာပါ"

"မပြောနဲ့ မကြားချင်ဘူး . . . ပြဿနာမဖြစ်မှာလည်း မပူနဲ့ ဖြစ်ကိုဖြစ်ဦးမှာ စိတ်ချ"

"နင် . . . နင် ဘာသွားလုပ်မလို့လဲဟင်"

ဂင်္ဂါက ခေါင်းကို မော့ကာ တစ်ချက်ရယ်လိုက်၏။

"သိပ်ကြောက်မသွားပါနဲ့ . . . ငါက သူ့ကို ပါးသွားရိုက်

www.burmeseclassic.com



မှာလည်း မဟုတ်ဘူး. . ချောင်းပြီး တုတ်နဲ့ ရိုက်မှာလည်း မဟုတ်ဘူး"

"ဒါဆို"

"အနူးညံ့ဆုံးနည်းလေးပါဟာ . . . ဒါပေမဲ့ ခံရတဲ့လူအတွက်တော့ လူးလှိမ့်နေစေရမယ် သိလား"

ခင်မေဦး တစ်စုံတစ်ခုကို သဘောပေါက်သွားဟန်နှင့် . .

"နင် . . . နင် သူ့ကို မိန်းမမာယာနဲ့ ဖြားယောင်းပြီး အရှက်ခွဲမလို့လား"

ဂဂ်ီ ဘာမှပြန်မပြောဘဲ အဝေးကို ငေးကြည့်နေသည်။

ခင်မေဦးထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရ၏။ ခဏကြာတော့ ဂဂ်ီက . . .

"ဒီကိစ္စ နင် ပါးစပ်လုံပါစေ"

ခင်မေဦး ဘာမှ ပြန်မပြော။ ဂဂ်ီကသာ ဆက်ပြီး . . .

"နင်ဟာ ငါ့ရဲ့ အချစ်ဆုံးပါ . . . နင်သစ္စာဖောက်မယ်ဆိုရင် ငါ့ကို အရင်ဆုံး သေခန်းဖြတ်သွား"

ဂဂ်ီ မျက်နှာက တင်းမာခက်ထန်ကာနေသည်။

ခင်မေဦး အဝေးတစ်နေရာကို ငေးကြည့်နေသည်။ အချိန်တော်တော်ကြာ ငေးကြည့်နေပြီးမှ . . .

"စိတ်ချပါဟာ"

ဟု တိုးဖွဖွပြောလိုက်ပါတော့သည်။





အချစ်သည်
တစ်ခါတရံ၌ ပျော်ရွှင်စရာ ......

အချစ်သည်
တစ်ခါတရံ၌ ကြည်နူးစရာ ......

အချစ်သည်
တစ်ခါတရံ၌ ကြေကွဲလွမ်းဆွတ်စရာ ......

အချစ်သည်
တစ်ခါတရံ၌ ရယ်မှုခြင်း ......

အချစ်သည်
တစ်ခါတရံ၌ ပေးဆပ်ခြင်း ......

အချစ်သည်
တစ်ခါတရံ၌ ထောင်ချောက် ......

www.burmeseclassic.com

www.burmeseclassic.com



## သစ်ရွက်လေး

တွေ တဖြုတ်ဖြုတ်ကြွေကျနေသည်။ လေပြည်ညင်းက တိုက်ခတ်တိုးဝှေ့ ကျီစယ်သွားသောကြောင့် ဖြစ်၏။ လင်းဘုန်းထွဋ်က ထိုသစ်ရွက်ကြွေတွေကို ငေးကာကြည့်နေသည်။

ပြီးတော့ လွယ်အိတ်ထဲက စီးကရက်တစ်လိပ်ကို ထုတ်ကာ ဖွာလိုက်၏။ မှုတ်ထုတ်လိုက်သော အငွေ့တို့နှင့် သစ်ရွက်ကြွေ မြင်ကွင်းတို့ ဝေဝါးကာသွားလေသည်။

"ရှာလိုက်ရတာ လင်းဘုန်းရာ . . . ခြေကို တိုနေတာပဲ"

အသံနှင့်အတူ ထွန်းကို ရောက်လာသည်။ သူထိုင်နေတဲ့ ဘေးမှာ ခုံတစ်လုံးဆွဲကာ ဝင်ထိုင်၍ . . .

"မင်းတို့အခန်းရောက်သေးတယ် . . . မင်းအတန်းထဲက လူတွေက ကန်တင်းထွက်သွားတယ်ပြောလို့ . . . ဒါနဲ့ ဝေဖြိုးရော"

လင်းဘုန်းထွဋ်က ကုန်နေတဲ့ လက်ဖက်ရည်ခွက်ထဲကို ရေနွေးထည့်၍ ကျင်းလိုက်ပြီး . . .

"ထုံးစံအတိုင်း ယုယုဆီ သွားလေရဲ့"

"ဒါဆို မင်းတစ်ယောက်တည်းပေါ့"

လင်းဘုန်းထွဋ်က ခေါင်းညိတ်ပြသည်။





ပြီးတော့ . . .

"မင်းက ဘယ်လိုဖြစ်ပြီး ကျောင်းရောက်လာတာလဲ"

ထွန်းကိုက ခေါင်းကိုကုတ်ကာ . . .

"ငါလည်း အိမ်မှာနေရတာ ပျင်းတာနဲ့ မင်းတို့ဆီ ထွက်လာတာကွ"

"ဩော် . . . တစ်မျိုးပါလား . . . ပျင်းရင် တခြားနေရာ မသွားဘဲ တက္ကသိုလ်ကို လာလည်ရတယ်လို့"

"ဟာ တခြားနေရာသွားရအောင် ငါ့မှာ အဖော်မှမရှိတာ . . . အဲဒီတော့ မင်းတို့ရှိတဲ့ဆီပဲ လာလည်ရတာပေါ့"

လင်းဘုန်းထွဋ်က ပြုံးလိုက်သည်။

"ဒီမှာတော့ သွားစရာ လာစရာတော့ ထွေထွေထူးထူး မရှိဘူးကွ . . . ဘွဲ့နှင်းသဘင်ရယ် . . . ကန်တင်းတွေရယ် . . . ဒါတွေပဲ ရှိတာ"

"ဘာဖြစ်လဲကွာ . . . အခုလို မင်းတို့နဲ့ ကန်တင်းထိုင်လို့လည်း ရတာပဲ . . . ငါက တစ်ခါတရံမှလာတော့ တက္ကသိုလ်လည်း ငါ့အတွက် နယ်မြေသစ်ပဲလေ"

ထွန်းကို ပြောတာလည်း ဟုတ်သလို ရှိ၏။ ဒီကောင်က ဆယ်တန်းအောင်ပြီးကတည်းက သင်္ဘောလိုက်သွားသူ ဖြစ်၏။ ထို့ကြောင့် တက္ကသိုလ်နယ်မြေသည် သူ့အတွက်တော့ အသစ်အဆန်း။

"ဒါနဲ့ ခင်မေဦးတို့အဆောင်က ဘယ်ဟာလဲ"

လင်းဘုန်းထွဋ်က ထွန်းကိုကို မျက်စောင်းထိုးလိုက်၏။ ပြီးတော့ . . .

"မင်းက ငါ့ဆီ လာလည်တာလား . . . ခင်မေဦးဆီ လာတာလား"

ထွန်းကိုက လက်ကာပြကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မထင်ပါနဲ့ကွာ . . . ငါတို့က ဆွေမျိုးတွေဆိုတော့ မေးကြည့်တာပါ"

"သွားစမ်းပါကွာ . . . မင်းတို့က ဘင်္ဂလားအမျိုးတွေပါ"

လင်းဘုန်းထွဋ်စကားကြောင့် ထွန်းကိုက ရယ်လိုက်၏။ ထိုအချိန်မှာ ဝေဖြိုးတစ်ယောက် ကဲန်တင်းသို့ အုံယားဖားယား ရောက်လာတော့သည်။

"ထွန်းကို ရောက်နေတယ်ဆိုလို့ အမြန်ပြေးလာတာကွ . . ဟူး . . . မောလိုက်တာ"

လင်းဘုန်းထွဋ်က ဝေဖြိုးကို ကြည့်ပြီး . . .

"မင်းကို ဘယ်သူပြောလဲ"

"အတန်းထဲကကောင်တွေပြောတာ . . . မင်းတို့သူငယ်ချင်းတစ်ယောက် လာရှာတယ်တဲ့ . . . မင်းကိုလည်း မေးတယ် . . လင်းဘုန်းထွဋ်ကိုလည်း မေးတယ်ဆိုတော့ သေချာတယ် ဒီကောင်ပဲဆိုပြီး ထွက်လာတာ"

ထွန်းကိုက ဝေဖြိုးကို လှမ်းထိုးလိုက်ကာ . . .

"သွားပါ . . အခုမှ . . မင်း ယုယုနားပဲ ကပ်နေတယ်ဆို"

ဝေဖြိုးက စပ်ဖြဲဖြဲလုပ်ကာ . . .

"အခု ကပ်လို့မရတော့လို့ ပြေးလာတာကွ"

"ဘာလို့လဲ"

"ငါ့ကို စိတ်ကောက်သွားလို့"

"မင်းက ဘာသွားလုပ်မှန်းမှ မသိတာ"

"ဘာမှမလုပ်ပါဘူးကွာ . . . သူက ဒီလိုပဲ တစ်နေ့တစ်ခါက်လောက်မှ မကောက်ရရင် စားဝင်အိပ်ပျော်တာ မဟုတ်ဘူး . . . အခုလည်းကြည့် ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ စိတ်ထကောက်တာ"

လင်းဘုန်းထွဋ်က ဝင်၍ . . .





"ဘာကိစ္စလဲ"

"ငါ မနေ့က Paper II အချိန်မတက်ဖြစ်လို့ အေးအေးအောင်ဆီကစာအုပ်ငှားလာတာ သူတွေ့သွားလို့ အဲဒီစာအုပ်က ဘယ်ကောင်မလေးဟာလဲတွေ ဘာတွေပြောရင်း စိတ်ထကောက်တာ"

"အာ . . . ဒါလေးများကွာ"

"အေးလေ . . . ငါတို့ဆိုတာလည်း ကျောင်းတက်ချိန်က သိပ်မမှန်တော့ ဒီလိုပဲ စာတွေပြန်ကူးနေရတယ်ဆိုတာ သူလည်းအသိ . . . တစ်ခါတလေ သူတောင်ကူပြီး ကူးပေးရသေးတယ် . . . အခုမှ ဒါကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြဿနာထရှာတာကွ"

"အဲဒီတော့ မင်းက ဘာပြောလိုက်လဲ"

"ရှင်းပြတာပေါ့ကွာ . . ရှင်းပြလည်း မရပါဘူး . . ကောက်သွားပြီ"

ထွန်းကိုနဲ့ လင်းဘုန်းထွဋ်က ရယ်လိုက်ကြသည်။ ဝေဖြိုးက မျက်နှာမအီမသာနှင့် သူ့ခေါင်းက ဆံပင်ကို ဖွနေ၏။ ပြီးတော့ . . .

"ဘာမှမဟုတ်ဘူး . . . ငါ့မှာ ဒီနေ့အပြစ်ရှာစရာမရှိလို့ မရှိရှိတာ ရှာပြီးကောက်သွားတာ"

ထွန်းကိုက ရိုးရိုးရယ်နေရာမှ အားရပါးရထင် ရယ်သည်။ ပြီးတော့ ရယ်နေရင်း ရုတ်တရက် ရပ်လိုက်ကာ . . .

"ခင်မေဦးကို့ အခန်းဘက်သွားရအောင်ကွာ"

"ဟင် . . . ဘာမှလည်း မဆိုင်ဘူး"

"သိဘူးလေ . . . ငါလည်း စကားအဆက်အစပ်ရှာမရတာနဲ့ပေါ်တင်ကြီးပဲ ပြောလိုက်ရတာ"

"သေနာ . . . အဲဒါကြောင့် ငါတို့ထင်သားပဲ . . . မင်းလိုကောင်က ငါတို့ဆီတော့ တကူးတက လာမလည်ပါဘူးလို့"

ထွန်းကိုက ရယ်ဖြဲဖြဲနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလဲကွာ"

ဆိုပြီး လက်ဖက်ရည်ဖိုး ပိုက်ဆံရှင်းရန် စားပွဲထိုးလေးအား လှမ်းခေါ် လိုက်ပါတော့သည်။

ဝေဖြိုးက . . .

"အဲဒီလောက်တော့ မရဘူးနော်"

ထွန်းကိုက ခေါင်းညိတ်၍ . . .

"ညနေတစ်ဝိုင်း"

နှစ်ယောက်စလုံး၏မျက်နှာမှာ ခွေးငတ်ထမင်းအိုးတွေ့သလို ဖြစ်သွားကြတော့၏။





## ထုံးစံအတိုင်း

သူတို့က စာသင်ချိန်ကိုဖျက်၍ ထွန်းကိုကိစ္စ ထွက်လာသောကြောင့် ခင်မေဦးတို့အခန်းက စာသင်လျက်ပင် ရှိသေးသည်။ ထွန်းကိုက ခင်မေဦးတို့ အတန်းရှေ့ရောက်တော့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်သွားပြီး တိုင်အကွယ်မှာ သွားရပ်နေသည်။

လင်းဘုန်းထွဋ်နဲ့ ဝေဖြိုးက အခန်းရှေ့ရောက်လို့ နောက်လှည့်ကြည့်လိုက်တော့ ထွန်းကို မရှိတော့ပေ။ အမှန်တော့ ထွန်းကိုက တိုင်တစ်ခုအကွယ်မှာ သွားပုန်းနေ၍ ဖြစ်သည်။

လင်းဘုန်းထွဋ်နဲ့ ဝေဖြိုးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး . . .

"ဟို . . . ဟိုကောင် ဘယ်ရောက်သွားလဲ"

လင်းဘုန်းထွဋ်အမေးကို ဝေဖြိုးက ခေါင်းခါပြကာ . . .

"သိဘူးလေ . . . မင်းနဲ့ငါ ဒီကောင်နဲ့ အတူတူလာတာပဲ"

ထို့နောက် အခန်းရှေ့မှာ ဟိုကြည့်ဒီကြည့်လုပ်ပြီး ရှာကြည့်ရာ တိုင်အကွယ်တစ်ခုမှာ ဖားပျံတစ်ကောင်လို ပြားနေအောင် ကပ်နေသည့်ထွန်းကိုကို သွားတွေ့လေသည်။

"ဟော့ကောင် . . . ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. မဟို ဘာမှမလုပ်ပါဘူးကွာ .. ဒီမှာ နေရိပ်လို့ပါ"

"ဟာ .. ဒီလောက် မိုးအုံ့နေတာ ဘယ်နေရာနေနေ နေရိပ်တယ်"

ထွန်းကို မသက်မသာထွက်လာပြီး ...

"ငါ ... ငါ လက်ဖျားခြေဖျားတွေ အေးနေတယ်ကွ"

"နေမကောင်းလို့လား"

"အဲလိုလည်း မဟုတ်ဘူး ... ဘာကိုကြောက်မှန်းမသိဘူး ကြောက်နေလို့"

လင်းဘုန်းထွဋ်နဲ့ ဝေဖြိုး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး သဘောပေါက်စွာ ပြုံးလိုက်ကြရင်း ...

"ဒီလောက် သစ္စာကြောင်မနေပါနဲ့ကွာ ... မင်းပဲ ဒီကို လာချင်တယ်ဆို"

"အေး ... လာချင်တာတော့ အမှန်ပဲ ... ဒါ .. ဒါပေမယ့် ကောင်းပါ့မလား ... ငါတို့က ခင်တာလည်း မဟုတ်ဘူး"

"ဟောကောင် ... ဘယ်သူမှ မွေးကတည်းက ခင်မလာဘူး ... ဒီလိုပဲ နောက်တော့ ဖြစ်သွားမှာပေါ့"

ထွန်းကိုက မျက်နှာငယ်လေးနှင့် ပြန်ကြည့်ကာ ...

"ပေါ်တင်ကြီးမျှား ဖြစ်နေမလား"

"ကျွတ် ... ဒီကောင်နဲ့တော့ ခက်နေပြီ"

နှစ်ယောက်စလုံး ထွန်းကိုကို ကြည့်ကာ သက်ပြင်းချကြသည်။ ကိုယ့်လူက စစ်မရောက်ခင် မြားကုန်နေပြီ။ လင်းဘုန်းထွဋ်က ထွန်းကိုပခုံးကိုတစ်ချက်ပုတ်ကာ ...

"ဒီမှာ ထွန်းကို"

"ဟင်"

"မင်း သူ့ကို ကြိုက်နေတာလား"





ထွန်းကို မျက်နှာ ချက်ချင်းငို့သွား၍ ...

"ဟာ ... အရေးထဲ ရှက်ပြနေသေးတယ် ... ငါ မေးတာ ဖြေစမ်းပါ"

ထွန်းကိုက ...

"အဲ ... အဲလိုကြီးတော့ မပြောတတ်ဘူးကွ ... ဒါပေမဲ့ ငါသူ့ကို မင်္ဂလာဆောင်မှာ စတွေ့ကတည်းက ရင်ခုန်တာ အမှန်ပဲ ... ပြီးတော့ သူနဲ့ငါနဲ့က ဧည့်ခံကြိုဆိုရေးမှာ တာဝန်အတူတူ ယူရတော့ ... ငါ ငါ ရင်တွေ အရမ်းခုန်မိတယ်ကွာ ... အင်း .. မင်္ဂလာပွဲပြီးသွားတော့လည်း သူ့ကိုပဲ တွေ့ချင်နေမိတယ် ... ငါ့မှာ တစ်နေ့တစ်နေ့ မင်္ဂလာဆောင် အခွေလေးဖွင့်ပြီး သူ့ပုံရိပ်လေးကို"

"ဟိုးထား ဆရာ ဒီလောက်ဆို ရပြီ ... ဒီမှာ နလပိန်းတုံး တစ်ယောက်မှ မပါဘူး ... ဒါဆို မင်း သူ့ကို ကြိုက်နေပြီ"

"အေး"

"ဟင် ... မင်း ခုနပြောတော့ မကြိုက်ဘူးဆို"

"ဟီး ဟီး"

ထွန်းကို ရယ်လို့အဆုံးမှာ ဝေဖြိုးက ထွန်းကို ပခုံးကို ဖက်လိုက်ကာ ...

"ဘာမှ မကြောက်နဲ့ ... သူ ထွက်လာရင် ခပ်တည်တည်သာနေ ... မင်းက ငါတို့ဆီ လာလည်ရင် သတိရလို့ ဝင်လည်တဲ့ပုံစံမျိုးပေါ့ကွာ ဟုတ်လား"

ထွန်းကို ဘာမှမပြောဘဲ ခေါင်းသာညိတ်ပြသည်။ ထိုအချိန်မှာပင် စာသင်ချိန်ပြီးသွားပြီး လူတွေ တဖွဲဖွဲထွက်လာပါတော့သည်။

ထွန်းကိုက လူအုပ်ကြီးကို ကြည့်၍ ကြောက်သွားကာ ...

"ငါ ... ငါ သွားတော့မယ်"

ဆိုပြီး လှည့်ပြေးမလို့ လုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းဘုန်းထွဋ်က ထွန်းကို တုပ်ကိုလှမ်းဆွဲ၍ . . .

"မင်း အဲဒီလို လုပ်ရင် ပိုရှုပ်မျက်မှာပေါ့ . . . သူတို့က ငါတို့အခန်းရှေ့ ရောက်နေတယ်ဆိုတာ သိပြီးသားကွ . . . မင်း အဲဒီလို လှည့်ပြန်သွားရင် ဘယ်လိုထင်မလဲ"

ထွန်းကို မျက်နှာငယ်လေးနှင့် . . .

"ငါ . . . ငါ့မှာ ဒါမျိုး အတွေ့အကြုံမရှိဘူးကွ . . . ငါ့ဘဝ တ သဘော်သားဆိုတော့ ပင်လယ်ပြင်ကြီးထဲမှာပဲ"

"တိတ်စမ်း . . . ဟိုမှာ လာနေပြီ . . . ဣန္ဒြေမပျက်နေ"

ထွန်းကိုက လင်းဘုန်းထွဋ် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ ဂဂါနှင့် ခင်မေဦးတို့ အတန်းထဲမှ ထွက်လာတာကို တွေ့လိုက်ရတော့သည်။

"ကိုထွန်းကို ရောက်နေတာကို ကျွန်မလှမ်းတွေ့တယ် . . စာသင်ချိန်ဖြစ်နေလို့ လှမ်းမနှုတ်ဆက်ဖြစ်တာ"

"ဟုတ်ကဲ့ . ."

"ဒါနဲ့ ကိုထွန်းကို ဘယ်ကိုလာရင်း လှည့်လာတာလဲ"

"အဲ . . . ဟို ဒီကောင်တွေဆီ လာ . . . လာလည်တာပါ"

ခင်မေဦးက လင်းဘုန်းထွဋ်တို့ဘက် လက်ညှိုးထိုးပြရင်း . .

"ဪ . . . သူတို့ဆီ လာလည်ရင်း လှည့်လာတာပေါ့"

ကောင်မလေးဘက်က ရိုးသား၍ ခပ်အေးအေးပင် မေးခွန်းထုတ်နေသော်လည်း ထွန်းကိုဘက်ကတော့ ခပ်ကြောင်ကြောင်ဖြစ်နေသေးသည်။ ထို့ကြောင့် ခင်မေဦးအမေးကို ယောင်တောင်တောင်နှင့် . . . .

"ဆို . . . ဟုတ် . . ဟုတ်ကဲ့ . . . ဒီကို သူတို့ခေါ်လာတာ"

"ဟင်"

လင်းဘုန်းထွဋ်နဲ့ ဝေဖြိုး အာမေဋိတ်သံထွက်သွားသည်





သူတို့နှစ်ယောက်ကပဲ ဒီကောင့်ဖို့ အတင်းအဓမ္မရိုက်ပုတ်ခေါ်လာသလို အမူအရာနဲ့ ပြောနေ၍ ထွန်းကိုဘက်ကို စိုက်ကြည့်လိုက်ကြသည်။ အဲဒီတော့မှ ထွန်းကိုက သူစကားမှားသွားမှန်းသိသွားကာ. .

"ဟိုဟာပါ . . . ဒီကောင်နှစ်ယောက်ကို ကျွန်တော်က ခေါ်လာတာပါ . . . ဒီကိုရောက်တုန်း မခင်မေဦးဆီ ဝင်လည်ချင်တာနဲ့ သူတို့နှစ်ယောက်ကို လိုက်ပို့ခိုင်းရတာ"

ခင်မေဦးကတော့ ထွန်းကို စကားမှားသွားတာကို အရေးစိုက်မိပုံတောင် မရပါ။ အသိမိတ်ဆွေတစ်ယောက် ကျောင်းကို လာလည်တာလောက်ပဲ ခံစားထားသည်။ ထို့ကြောင့် . . .

"ဘာပဲဖြစ်ဖြစ် . . ကျွန်မဆီ လာလည်တယ်ဆိုတော့ ကျွန်မ ဧည့်သည်ပဲပေါ့ , . . ဧည့်သည်ဆိုတော့ အိမ်ရှင်က ဧည့်ခံရမှာပေါ့ . . . အင်း . . . အခုချိန် ကျွန်မတို့အားတယ် . . . ကိုထွန်းကိုတို့ကို ကန်တင်းမှာ တစ်ခုခုလိုက်ကျွေးပါရစေ"

ထွန်းကိုက ရင်ထဲမှာ ကျေနပ်သွားသော်လည်း နှုတ်တရက်ဆိုတော့ အားနာပြီး ငြင်းဖို့ကြိုးစားသေးသည်။ ဝေဖြိုးက လက်တို့လိုက်၍ . . .

"ဟုတ် . . ဟုတ် ရပါတယ် . . အဟီး . . အားနာစရာ"

"ဘာ အားနာစရာရှိလဲ . . . လာပါ"

ဆိုပြီး ခင်မေဦးက ဂဂါလက်ကို ဆွဲကာ ရှေ့က ဦးဆောင်ထွက်သွားသည်။ သူတို့သုံးယောက်က ခပ်လှမ်းလှမ်းကလိုက်လာခဲ့၏။

သူတို့ရှေ့က အဖြတ်မှာ ဂဂါဖူးက လင်းဘုန်းထွဋ်ကို တစ်ချက် လှမ်းကာကြည့်သည်။ လင်းဘုန်းထွဋ်ကလည်း ဂဂါဖူးကို ကြည့်နေ၍ သူတို့နှစ်ယောက် အကြည့်ချင်းဆုံဖြစ်ကြသည်။ ဂဂါက ပြုံးတာပြသည်။ လင်းဘုန်းထွဋ်ကလည်း ပြန်ပြုံးပြ၍ ခေါင်းညိတ်ပြလိုက်ပါသည်။



www.burmeseclassic.com



## တကယ်တမ်း

စကားဝိုင်းမှာ ဦးဆောင်ပြောနေသူက ခင်မေဦးနဲ့ ထွန်းကို သာဖြစ်၏။ ပထမတော့ ထွန်းကိုက ခင်မေဦး ပြောသမျှကိုသာ နား ထောင်ရင်း ထောက်ခံသည့်သဘော စကားထောက်ပေးတာလောက် သာရှိသော်လည်း နောက်တော့ နှစ်ယောက်သား အတိုင်အဖောက် ညီလာ၍ အပြန်အလှန်ဖြစ်လာတော့သည်။

သူတို့နှစ်ယောက်က စကားပြောဖို့ အခွင့်အရေးလည်း ရှိသည်။ အကြောင်းအရာတွေကလည်း များ၏။ အစ်ကိုတွေ အစ်မ တွေနှင့် ပတ်သက်၍ ဟိုဘက်ဒီဘက်ဆွေမျိုးတွေ တော်စပ်နေသော ကြောင့် ကိုယ့်အမျိုးအကြောင်း၊ သူ့အမျိုးအကြောင်း ပြောလို့မကုန် နိုင်။

လင်းဘုန်းထွဋ်ကတော့ စကားဝိုင်းကို အာရုံစိုက်သလိုလိုနှင့် ဂဂီဖူးကို ခိုးခိုးကြည့်နေသည်။ ဂဂီကတော့ ခင်မေဦးတို့စကားပြော တာကို နားထောင်ရင်း ရယ်လိုက်၊ ပြုံးလိုက်၊ တစ်ချက် တစ်ချက် ခင်မေဦးကို အကွက်ဝင်ရင် ဝင်စလိုက်နှင့် လုပ်ကာနေ၏။

ဝေဖြိုးကတော့ ထိုဝိုင်းနှင့် သူက ဘာမှ သိပ်မသက်ဆိုင် သလို ငေါင်ငေါင်ကြီး ထိုင်နေလေသည်။ အမှန်တော့ လင်းဘုန်းထွဋ်





လည်း ငေါင်စင်းစင်းပါပဲ။ ဒါပေမဲ့ သူက ဂဂီဖူးကို ခိုးကြည့်နေရသည့် အလုပ်တစ်ခု ရှိနေသေး၍ ဝေဖြိုးထက်စာရင် တော်သေးသည်ဟု ဆိုရပေမည်။

ခဏကြာတော့ စကားစ ခဏပြတ်သွားစဉ် ခင်မေဦးက လင်းဘုန်းထွဋ်နှင့် ဝေဖြိုးတို့ဘက်လှည့်၍ . . .

"ကျွန်မတို့ပဲ စကားကောင်းနေတာနဲ့ ကိုလင်းဘုန်းထွဋ်တို့ ပျင်းနေပြီလား မသိဘူး"

"ဟာ . . . ရပါတယ် . . . မပျင်းပါဘူး ကျွန်တော်တို့က မခင်မေဦးတို့ပြောတာ နားထောင်နေတာပါ"

"ဒါနဲ့ ကိုလင်းဘုန်းထွဋ်တို့က အင်္ဂလိပ်စာကနော်"

"ဟုတ်ကဲ့ . . . နောက်ဆုံးနှစ်ကပါ"

"အင်း . . . မင်္ဂလာဆောင်တုန်းက ကိုထွန်းကိုကတော့ ကို လင်းဘုန်းထွဋ်တို့အကြောင်း ပြောပြပါတယ် . . . ငယ်ငယ်ကတည်း က ပေါင်းလာတဲ့ သူငယ်ချင်းတွေတဲ့"

ထိုအချိန်ကျမှ ဝေဖြိုးက စကားဝိုင်းထဲဝင်၍ . . .

"ကျွန်တော်တို့ မကောင်းကြောင်းတော့ များမှာပေါ့"

ခင်မေဦးက ရယ်လိုက်ကာ . . .

"မကောင်းကြောင်းတော့ မပါပါဘူး . . . ကိုထွန်းကိုက သူ့ သူငယ်ချင်းတွေအကြောင်း ကောင်းကြောင်းတွေပဲ ရွေးပြောသွား တာပါ"

"ဟဲ ဟဲ . . . ဒါတော့ အခုမှ စသိလို့ နေမှာပါ . . . နောက် ဆို မကောင်းကြောင်းတွေပဲ ရွေးပြောတော့မှာ"

လင်းဘုန်းထွဋ်၏ စကားကြောင့် သူတို့ရယ်ဖြစ်ကြသည်။ စကားဝိုင်းလေးက အရယ်အမောလေးတွေနှင့် စလာ၍ နည်းနည်း ပေါ့ပါးလွတ်လပ်လာသည်။ ခင်မေဦးက ဂဂီဘက်လှည့်ကြည့်၍ . .



www.burmeseclassic.com

www.burmeseclassic.com



"ဂဂါနဲ့ ကျွန်မလည်း ကိုလင်းဘုန်းထွင့်တို့ ကိုဝေဖြိုးတို့လို ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ"

ဟုဆိုကာ စကားဝိုင်းထဲ ဂဂါကို ဆွဲသွင်း၏။ ဂဂါက ပြုံးလိုက်ကာ . . . .

"ဟုတ်တယ် . . . သူငယ်တန်းကတည်းက အခုချိန်ထိ မခွဲဖူးသေးဘူး"

"ဒါဆို ညီအစ်မတွေလို ချစ်ကြတာပေါ့"

"အင်းပေါ့ . . . ညီအစ်မတွေထက်တောင် ချစ်သေးတယ်"

ထို့နောက် စကားအစရသွား၍ စကားဝိုင်းလေးက တွေရာလေးပါး ဆက်ပြောရင်း စည်ကားလာသည်။ သူတို့စကားကောင်းနေစဉ် တော်တော်လေးကြာတော့ ခင်မေဦးက နာရီတစ်ချက်ကြည့်တာ . . .

"ကျွန်မတို့လည်း စကားကောင်းနေလိုက်တာ အတန်းချိန်တောင် နီးနေပြီ"

ထွန်းကိုက ဝင်၍ . . .

"ဟုတ်ပါရဲ့ . . . ကျွန်တော်လည်း သတိမထားမိဘူး ဖြစ်သွားတယ် . . . ဒီကောင်တွေလည်း အတန်းရှိသေးတာပဲ"

ဆိုပြီး ဝိုင်းကို ဖြတ်ဖို့လုပ်ကြသည်။ ခင်မေဦးက ပိုက်ဆံရှင်းပြီး ကန်တင်းက အထွက်မှာ . . .

"ကိုထွန်းကို . . . အားရင် လာလည်ဦးလေ"

ဟု မှာသည်။ ထွန်းကိုဆိုတဲ့ကောင်ကလည်း အစကတော့ ကြောက်သလိုလို၊ ရှက်သလိုလိုနှင့် အခုတော့ ရဲရဲတင်းတင်းဖြစ်သွား၍ထင်သည်။

"စိတ်ချ . . . ကျွန်တော်က အိမ်မှာ ဘာအလုပ်မှ ရှိတာ မဟုတ်ဘူး . . . ခဏ ခဏ လာလည်မှာ"





"မင်းအလုပ်မရှိတာတော့ ကြွားနေစရာမလိုပါဘူးကွာ . . . သူတို့က ခန့်မှန်းပြီးသားပါ"

လင်းဘုန်းထွင့်က ဝင်နောက်၍ သူတို့အပြန်လမ်းလေးသည် ရယ်သံတွေနှင့် ဖုံးလွှမ်းသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဒီနေ့တော့

လင်းဘုန်းထွဋ်တစ်ယောက်တည်းဖြစ်၍ ထမင်းစားနားချိန်တွင် တောင်ကြည့်လိုက် မြောက်ကြည့်လိုက်နှင့် ငူငူငိုင်ငိုင်ကြီးဖြစ်နေသည်။ ဝေဖြိုးက အိမ်ကိစ္စတစ်ခုရှိ၍ ကျောင်းမလာဖြစ်။ ထွန်းကိုကတော့ သူတစ်ယောက်တည်းဖြစ်နေရင် ကျောင်းမှာ အဖော်လာလုပ်ပေးမည်ဟု ဆိုသည်။

သို့သော် ဒီကောင်က သိတဲ့အတိုင်း သူ့ကို အဖော်လာလုပ်ပေးတာထက် ခင်မေဦးဆီ လာချင်တာကများသည်။ ဒါပေမဲ့ ဒီကောင်လည်း အခုထိ ရောက်မလာသေး။ ဟန်းဖုန်းကို ဆက်ကြည့်တော့ 'ဆက်သွယ်မှု ရေိယာပြင်ပ'။

လင်းဘုန်းထွဋ် အခန်းထဲမှာ တစ်ယောက်တည်းထိုင်နေရတာ ပျင်းလာသည်။ ဗိုက်ကလည်း မဆာသေး၍ ကန်တင်းမှာ တစ်ယောက်တည်း သွားမထိုင်ချင်။ ပြီးတော့ အခန်းထဲမှာလည်း ဆက်မနေချင်ပေ။ ထိုအချိန်မှာ ခေါင်းထဲသို့ အကြံတစ်ခု ရောက်လာ၏။

ဂဂ်ါဖူးဆီ သွားလည်ဖို့ အစီအစဉ်ဖြစ်လေသည်။ လင်းဘုန်းထွဋ် စားပွဲပေါ် ချထားသည့်စာအုပ်နဲ့ဘောပင်ကို လွယ်အိတ်ထဲ ထည့်၍ ထွက်လာခဲ့လိုက်သည်။ ဂဂ်ါဖူးတို့အဆောင်ဘက်ကိုတော့ ကားမယူချင်တော့၍ လမ်းလျှောက်၍သာ ထွက်ခဲ့ပါတော့သည်။ ရာသီဥတုကလည်း မိုးလေးအုံ့ပျပျဖြစ်နေ၍ သွားလို့လာလို့ အဆင်ပြေလှ၏။





လမ်းလျှောက်နေရင်းနှင့် လင်းဘုန်းထွဋ် တစ်ခုသွားပြီး စဉ်းစားမိ၏။ ဟိုရောက်လို့ ဂဂ်ါဖူးနဲ့တွေ့ရင် သူ့ဘက်က ဘာစပြောမလဲ ဆိုသည့်စကားပင်ဖြစ်သည်။ ဂဂ်ါဖူးက သူ့ကိုတွေ့လို့ ဘာကိစ္စနဲ့လာတာလဲဆိုရင် သူ ဘာပြန်ဖြေမလဲ။

"ဒီလိုပါပဲ . . . ပျင်းလို့လာလည်တာပါ"

ဆိုပြီး အကြောင်းပြလို့တော့ မသင့်တော်။

တက္ကသိုလ်လို နေရာမျိုးမှာ ကျောင်းသားတစ်ယောက် ပျင်းလျှင် လျှောက်လုပ်စရာတွေ အများကြီး။ ပြီးတော့ အတန်းထဲမှာ သူငယ်ချင်းဆိုလို့ ဝေဖြိုးတစ်ယောက်တည်း ရှိတာမဟုတ်။ တခြားသူငယ်ချင်းတွေလည်း ရှိသေးသည်။ သို့သော် အရင်းနှီးဆုံး ပေါင်းတာကတော့ ဒီကောင်တစ်ယောက်တည်းသာ။ ကျန်တဲ့သူတွေကတော့ အတန်းဖော်များသာဖြစ်သည်။

ဒါပေမဲ့ အခုလို အချိန်မျိုးမှာ အခြားအတန်းဖော်တွေနှင့် သူ လျှောက်သွားနေလို့ရသည်။ ကန်တင်းသွားထိုင်နေလို့ရသည်။ နောက်ဆုံး ဝါသနာပါရင်တောင် ခပ်နောက်နောက်ကောင်တွေနှင့် လိုက်သွားပြီး ဘွဲ့နှင်းသဘင်နောက်မှာ အတွဲသွားချောင်းနေလို့ရသေးသည်။

ထို့ကြောင့် ဂဂ်ါဖူးနဲ့ တွေ့ရင် ဘယ်လိုအကြောင်းပြမလဲ ဆိုတာ အကျပ်ရိုက်နေမိသည်။ ထိုသို့ တွေးမိရင်း လင်းဘုန်းထွဋ် ခြေလှမ်းတွေ နည်းနည်းနှေးကွေးသွား၏။ စိတ်အားလည်း နည်းနည်းလျှော့ချင်သလိုဖြစ်လာ၏။ လင်းဘုန်းထွဋ် သက်ပြင်းကိုချရင်း စိတ်ကို တင်းကာ ဆက်လျှောက်လာသည်။ အကြောင်းပြချက် ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်ဆိုမှ ဂဂ်ါကို ပို၍ တွေ့ချင်လာသည်။

ထိုအချိန်မှာ ဂဂ်ါဖူးနှင့် ပထမဆုံး ဆုံတွေ့ခဲ့သည့် နေ့ရက်ကို ခေါင်းထဲမှာ ဖျတ်ခနဲပေါ်ကာလာ၏။ ထို့နောက် အကြံတစ်ချက်ရသွားကာ ဝမ်းသာသွား၏။ ဂဂ်ါနဲ့ တွေ့ရင် သူမဆီလာရတဲ့ကိစ္စကို အကြောင်းပြချက် ရသွားပြီ။

"တောင်းပန်ဖို့"

ဟုတ်သည်။

ဂဂ်ါနဲ့ ပထမဆုံးနေ့က စာပေးသည့်ကိစ္စနဲ့ ပြဿနာတွေတက်ခဲ့ကြသည်။ ထိုကိစ္စကို သူ့ဘက်က မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ အထင်းတောင်းပန်ပစ်မည်ဟု မှတ်ထားလိုက်တော့၏။



BURMESE CLASSIC



## လင်းဘုန်းထွဋ်

ကံကောင်းသည်ဟု ဆိုရမလားမသိပေ။ ရုံးဆောင်ရှေ့ကော်ရစ်တာသို့ဝင်ဝင်ချင်းမှာပင် ဂဂ်ါဖူးကို တွေ့လိုက်ရသည်။ သူမက အခုမှ အခန်းထဲမှ ထွက်လာဟန်ရှိသည်။ ကော်ရစ်တာအတိုင်း ခပ်မှန်မှန်လျှောက်လာ၏။

သို့သော် သူမ တစ်ယောက်တည်းတော့မဟုတ် သူမဘေးမှာ လူတစ်ယောက်ပါလာသည်။ ခင်မေဦးမဟုတ်ပေ . . .။

သူစိမ်းယောကျ်ားလေးတစ်ယောက်။

ဒါကတော့ လင်းဘုန်းထွဋ်အတွက် သိပ်ကံမကောင်းလှပေ။ ဘာကြောင့်မှန်းတော့မသိ၊ ထိုမြင်ကွင်းကို မြင်လိုက်ရတော့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။ တစ်ခုခုကို လွမ်းသွားသလိုလို၊ ပြီးတော့ တစ်စုံတစ်ခုကို အလိုမကျတော့သလိုလို . . .

ဂဂ်ါဖူးနှင့်ထိုပုဂ္ဂိုလ်ကတော့ ပုံမှန်အတိုင်း စကားပြောလာခြင်းသာဖြစ်သည်။ ထိုပုဂ္ဂိုလ်ပြောသည့်စကားကို ဂဂ်ါဖူးက ပုံမှန်အတိုင်း နားထောင်လာသည်။

ပြီးတော့ တစ်ချက်တစ်ချက် သူမက ပြန်ပြောတာတွေ့ရသည်။ သာမန်အားဖြင့် ပုံမှန်အခြေအနေဖြစ်သောကြောင့် စိတ်

www.burmeseclassic.com



အေးသွားရသေးသည်။ အမှန်တော့ ဂဂ်ါဖူးနှင့် ထိုပုဂ္ဂိုလ်သည် ဘယ်လိုပဲ သက်ဆိုင်နေနေ သူနှင့်ဆိုင်လှသည်တော့ မဟုတ်။ ပြီးတော့ ဂဂ်ါဖူးနှင့်သူကလည်း ဘာမှမဟုတ်ပေ။ တွေ့ဖူးတာမှ သုံးလေးကြိမ်သာရှိသေးသည်။ ဘာကြောင့်သူက စိတ်ပူနေရသနည်း။ အဖြေကရှင်းပါသည်။ ဂဂ်ါဖူးကို သူစိတ်ဝင်စားနေသောကြောင့်ပင် ဖြစ်ပါသည်။

ထိုအချိန်မှာ ဂဂ်ါဖူးက ကော်ရစ်တာအဝင်ဝတွင် ငေါင်ငေါင်ကြီးရပ်ကာ ကြည့်နေသော လင်းဘုန်းထွဋ်ကို တွေ့သွားသည်။ ရုတ်တရက်ဆိုတော့ အံ့ဩကာသွားသည်။ နောက်တော့ ဖြတ်သွားဖြတ်လာဝင်လာရင်း ဆုံမိတာဖြစ်လိမ့်မည်ဟုတွေးလိုက်ရင်း နှုတ်ဆက်သည့်သဘော ပြုံးကာပြလိုက်လေသည်။

လင်းဘုန်းထွဋ်က ဂဂ်ါဖူး ပြုံးပြတာမြင်မှ အသိဝင်လာကာ ချက်ချင်းပြန်ပြုံးပြလိုက်ရင်း ဆက်လျှောက်လာလိုက်သည်။ ဂဂ်ါဖူးနဲ့ မျက်နှာချင်းဆိုင်ဆုံတော့ သူမကပင် . . .

"ဘယ်သွားမလို့လဲ ကိုလင်းဘုန်းထွဋ်"

လင်းဘုန်းထွဋ်က သူမဘေးမှာ ခြည်သည်လည်းပါလာ၍ ဘယ်လိုပြောရမှန်းမသိဖြစ်သွားကာ ထစ်ထစ်ငေါ့ငေါ့နှင့် . . .

"အဲ . . . ဟို . . . ဟိုဟာ ဖိုင်နယ်တ အသိတစ်ယောက်ဆီ ကိစ္စရှိလို့"

"သြော် အတန်းတွေတောင်ဆင်းသွားတာ နည်းနည်းကြာသွားပြီ . . . ဖိုင်နယ်က အပေါ်ထပ်မှာလေ လူတွေတော့ရှိဦးမယ်ထင်တယ်"

"ရပါတယ် အရေးတကြီးကိစ္စတော့မရှိပါဘူး . . ကျွန်တော်လည်းတစ်ယောက်တည်းပျင်းနေတာနဲ့ ထွက်လာတာ"

"ဟယ် ဟိုတစ်ယောက်ကော"





ဝေဖြိုးကိုရည်ရွယ်၍ ပြောမှန်း သဘောပေါက်၍ . . .

"ဒီနေ့ကိစ္စရှိလို့ ကျောင်းမတက်ဘူး"

"သြော်"

သူမ မှတ်ချက်ချသံအဆုံးမှ ဘေးကပါလာသည့် ပုဂ္ဂိုလ်က . . .

"ဂဂ်ါ ကိုယ်သွားလိုက်ဦးမယ် . . . နောက်မှလာလည်ပါဦးမယ်"

ဂဂ်ါကို အပြုံးလေးနှင့်လှည့်၍ ခေါင်းညိတ်ပြရင်း . . .

"ကောင်းပါပြီ ကိုမြတ်ကျော်ဦး နောက်လည်း အားရင် လာလည်ပါ"

ထိုပုဂ္ဂိုလ်က သူ့ကို တစ်ချက်ကြည့်ရင်း လှည့်ကာထွက်သွားသည်။ ထို့နောက် ဂဂ်ါဖူးက သူ့ဘက်ပြန်လှည့်ကာ . . .

"ဒီနေ့လည်း ခင်မေဦးက နေမကောင်းလို့ ကျောင်းမလာဘူးလေ . . . အဲဒါနဲ့ ကန်တင်းသွားမလို့ ထွက်လာတာ"

ဒါဆို သူမတစ်ယောက်တည်း ထွက်လာတာဆိုတော့ ခုနပုဂ္ဂိုလ်က သူမနဲ့အတူတူလာတာမဟုတ်နိုင်ပေ။ 'နောက်လည်း လာလည်ပါဦး' ဟု ဆိုခဲ့၍ ဒီကျောင်းကလည်း မဖြစ်နိုင်။ ဒါမှမဟုတ် တခြားမေဂျာတစ်ခုခုက ဖြစ်နိုင်၏။ ပြောပုံဆိုပုံအရ သူမနဲ့ ရင်းနှီးမှုသိပ်ရှိသေးပုံမရပေ။

လင်းဘုန်းထွဋ်အခုမှ သက်ပြင်းကို လွတ်လွတ်လပ်လပ်ချလိုက်မိသည်။ လင်းဘုန်းထွဋ် ရုတ်တရက်ငိုင်သွားတာကိုကြည့်၍ ဂဂ်ါဖူးက . . .

"ကိုလင်းဘုန်းထွဋ် ဘာဖြစ်သွားတာလဲဟင်"

"ဗျာ . . . ဘာ . . . ဘာဖြစ်လို့လဲဟင်"

"ဟို ရုတ်တရက်ကြီး ငြိမ်ကျသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဟို . . . မဟုတ်ပါဘူး . . . တွေးနေမိလို့ပါ"

"ဘာကိုလဲဟင်"

"ဩော် ဒီလိုပါ ဂဂီဖူး ကဲန်တင်းသွားရင် ကျွန်တော်လိုက်ခဲ့ပါရစေလို့ ခွင့်တောင်းကြည့်ရင်ကောင်းမလားလို့"

ဂဂီဖူးက တစ်ချက်ပြုံးလိုက်ကာ . . .

"ကိုလင်းဘုန်းထွဋ်က ဒဿနိကဗေဒဖြစ်ဖြစ်၊ ဖလော်ဖြစ်ဖြစ်ယူရမှာ"

"ဘာဖြစ်လို့လဲဟင်"

"စကားပြောတတ်လို့ပါ"

လင်းဘုန်းထွဋ်ရယ်လိုက်သည်။ ပြီးတော့ အရဲစွန့်၍ . . .

"အစကတည်းက ကျွန်တော်ဒီကိုလာတာ ဂဂီဖူးနဲ့တွေ့ဖို့ သတ်သတ်ပါဗျာ"

ဟု ပြောလိုက်ပါတော့သည်။





"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ရှင်"

ရုတ်တရက်ပြောချလိုက်သော လင်းဘုန်းထွဋ်ရဲ့ စကားကြောင့် ဂဂီဖူး ကြောင်တောင်တောင်ဖြစ်သွားသည်။ လင်းဘုန်းထွဋ်ကလည်း သူ့စိတ်ကူးနဲ့သူတွေးပြီး လိုရင်းကို အလောတကြီး ပြောမိလိုက်ခြင်းပါ။ နောက်မှ သူ့စကားသူ အဆက်အစပ်မရှိမှန်း သဘောပေါက်သွား၍ . . .

"ဩော် ဒီလိုပါ . . . ဟိုဟာလေ . . . စတွေ့တဲ့နေ့က စာအိတ်ကိစ္စလေးကိုပြောတာပါ . . . အဲဒါ ကျွန်တော်တို့နှစ်ယောက်လုံးမမှားဘူးဆိုပေမယ့် ကံကြမ္မာက တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားရတာပါ . . . အဲဒီနေ့က ကျွန်တော်ပြောခဲ့တဲ့ စကားတွေနဲ့ပတ်သက်ပြီး ဂဂီ စိတ်ဆိုးသွားရင် တောင်းပန်ချင်လို့ပါ"

ဂဂီ၊ လင်းဘုန်းထွဋ်စကားကို မကြားသည့်အလား ဟိုးအဝေးကို ငေးနေသည်။ သူတို့ထိုင်နေတာ ကဲန်တင်းမှာဖြစ်သောကြောင့် စားသောက်သူတို့ အသံတွေနှင့် ဆူညံကာနေ၏။ ထို့ကြောင့် သူပြောလိုက်တဲ့စကားကို ဂဂီဖူးက ရုတ်တရက်မကြားလိုက်ဘူးထင်၍ လင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထွဋ်က နောက်တစ်ကြိမ်ထပ်ပြောသည်။

အမှန်တော့ ဂဂ်ါဖူးက ဗထမအကြိမ်ကတည်းက လင်းဘုန်းထွဋ်ပြောတာကို ကြားသည်။ ဒီကိစ္စနဲ့ ပတ်သက်၍ သူမရင်ထဲမှာ တစ်သက်မမေ့ပါ။ သူမတစ်သက်မှာ ဒီတစ်ခါပဲ လူလယ်ခေါင်မှာ အရှက်ကွဲခဲ့ရသည့်ကိစ္စပဲ။ ဂဂ်ါဖူး ရုတ်တရက်ခုန်တက်လာသောဒေါသကို စားပွဲထိုးလေး လာချပေးသည့် အအေးနဲ့အတူ မျိုချလိုက်ရင်း . . .

"ရပါတယ် . . . ကိစ္စမရှိပါဘူး . . . ဒါနဲ့ ကိုလင်းဘုန်းထွဋ်ကျွန်မဆီလာတယ်ပြောတာ ဒီကိစ္စတောင်းပန်ဖို့လား"

လင်းဘုန်းက ခေါင်းကို ဖြည်းညင်းစွာညိတ်ပြရင်း . . .

"အခုလို နှစ်ယောက်တည်း အေးအေးဆေးဆေးတောင်းပန်ချင်လို့ လာခဲ့တာလည်းပါပါတယ် . . အရင်နေ့တွေက တခြားလူတွေရှိနေလို့ တခြားကိစ္စတွေ ပြောနေတာနဲ့ ဒီကိစ္စကို မပြောလိုက်ရဘူး . . . အမှန်ဆို ကျွန်တော် ဒီ့ထက်မက တောင်းပန်စကား ပြောသင့်ပါတယ် . . . ဒါပေမဲ့ ကျွန်တော် မပြောတတ်လို့"

ဂဂ်ါဖူးက ပြုံးလိုက်သည်။ သူမအပြုံးက နှစ်လိုဖွယ်ရာရှိသော်လည်း ထိုအပြုံး၏ နောက်ကွယ်တွင် ဘာတွေရှိနေမလဲဆိုတာကတော့ သူမကလွဲ၍ ဘယ်သူမှမသိနိုင်ပေ။ သူမက . . .

"ရပါတယ် . . . ဖြစ်ပြီးသွားပြီပဲ ဘယ်တတ်နိုင်ပါ့မလဲ"

လင်းဘုန်းထွဋ်ပြုံးသွားသည်။

"တော်သေးတာပေါ့ဗျာ"

"ဘာကိုလဲ"

"ဩော် ဂဂ်ါဆီက ဒီလိုစကားမျိုး ကြားရလို့ပါ"

ဂဂ်ါက ခေါင်းညိတ်ပြ၍ . . .

"ရပါတယ်"





ဟုသာ ပြန်ပြောသည်။ ထို့နောက် သူတို့တခြားကိစ္စတွေဆက်ပြောကြ၏။ လင်းဘုန်းထွဋ်က ဂဂ်ါကိုကြည့်၍ . . .

"ဂဂ်ါ"

"ရှင်"

"ဂဂ်ါက လူချစ်လူခင် တော်တော်များတယ်နော်"

ဂဂ်ါက ပြုံးကာ . . .

"ဘာဖြစ်လို့လဲ"

"ဩော် ဂဂ်ါတို့မေဂျာမှာ ဂဂ်ါကိုမသိတဲ့လူ မရှိသလောက်ပဲ"

"ကိုလင်းဘုန်းထွဋ်က မြှောက်ပြောနေပြန်ပြီ . . ဘာစားမလဲ ထပ်မှာလေ"

"ဟား . . . ဟား . . . ကျွန်တော်က အတည်ပြောတာပါ အဲဒီနေ့ကဆို ဂဂ်ါကိုလာကြည့်နေတဲ့လူတွေ သုံးလေးယောက် ကျွန်တော်တွေ့ခဲ့တယ်"

ဂဂ်ါက ပြုံးရုံသာပြုံးသည်။ ဘာမှတော့ ပြန်မပြောပေ။ လင်းဘုန်းထွဋ်ကလည်း ဘာမှထပ်မပြောတော့ဘဲ ချထားတဲ့ ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ ခဏကြာတော့ ဂဂ်ါက လက်ကနာရီကိုကြည့်၍ . . .

"အတန်းတောင်စတော့မယ် . . . ကျွန်မတို့သွားရအောင်"

ဟုဆိုကာထရပ်၍ ပိုက်ဆံရှင်းဖို့လုပ်၏။ လင်းဘုန်းထွဋ်က . .

"ကျွန်တော်ရှင်းပါရစေ"

ဆိုပြီး ထောင်တန်တစ်ရွက်ထုတ်ပေးလိုက်သည်။

ဂဂ်ါဘာမှမပြောဘဲ ကန်တင်းမှထွက်ခဲ့လိုက်၏။ လင်းဘုန်းထွဋ်က ပြန်အမ်းငွေကိုစောင့်နေ၍ နည်းနည်းနောက်ကျပြီးမှ ထွက်လာနိုင်သည်။ ထို့နောက် သူ့ရှေ့မှ ကြိုရောက်နေသော ဂဂ်ါနောက်ပြေးလိုက်သွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဂဂီ"

ဂဂီလှည့်ကြည့်သည်။ သူတို့က အကြည့်ချင်း ခေတ္တဆုံကြသည်။ ထို့နောက် လင်းဘုန်းထွဋ်က . . .

"ကျွန်တော်နောက်ရက်တွေလည်း လာလို့ရမလားဟင်"

ဂဂီခေါင်းငုံ့သွားကာ . . .

"ကိုလင်းဘုန်းထွဋ် အားရင်တော့ လာခဲ့ပေါ့"

ဟု တိုးဖွဖွပြောလိုက်ပါတော့သည်။





## ဒီမေ့

ထွန်းကိုကျောင်းကို ရောက်လာသည့်အတွက် လင်းဘုန်းထွဋ်ပျော်သွားသည်။ သူက ဂဂီဆီကို သွားချင်နေသောကြောင့် ဖြစ်သည်။ အမှန်ဆို ထွန်းကိုရောက်မလာလည်း သူ့ဘာသာသူသွားလို့ရသည့်ကိစ္စ။

သို့သော် စိတ်ထဲမှာ မရိုးသားသူတို့၏ ထုံးစံအတိုင်း ပေါ်တင်ကြီးမသွားရဲဘဲဖြစ်နေသည်။ ဝေဖြိုးကိုလည်း ဟိုနေ့က ဂဂီဆီသူသွားခဲ့သည့်ကိစ္စကို မပြောဖြစ်သေးဘဲ ဖုံးထားခဲ့၏။

ဒါကတော့ မပြောပြချင်၍မဟုတ်။ ရုတ်တရက်ပြောလိုက်ရင် အလှောင်ခံရမှာစိုး၍ဖြစ်သည်။

သူဆို ဒီကောင်တွေက မိန်းကလေးကိစ္စနဲ့ပတ်သက်ရင် အစကတည်းက ပြောချင်နေကြတာ။ အခုလို အခြေအနေမှာ သွားပြောရင် . . .

'ရသေ့ကြီးတော့ ဈာန်လျှောပြီ' ဆိုတာမျိုး။

"မင်းအခုတော့ ဘာတတ်နိုင်သေးလဲ"

ဆိုသည့် အကြည့်မျိုးတွေနှင့် ဝိုင်းကြည့်ကြမှာ ကျိန်းသေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ထွန်းကိုရောက်လာတာနှင့် အတော်ဖြစ်သွားပြီ။ ဒီကောင့်ကို ခင်မေဦးဆီသွားဖို့ စကားလမ်းကြောင်းပေးလိုက်ရင် ရပြီ။ ဒီကောင်သွားရင် သူတို့ကို အဖော်ခေါ်မှာ ကျိန်းသေသည်။ ဝေဖြိုးကတော့ တစ်ယုတည်း ယုနေ၍ လိုက်ချင်မှလိုက်မည်။ သူက တော့ . . . ထွန်းကိုရောက်လာတာနှင့် သူတို့ ကန်တင်းသို့ ထွက်လာခဲ့လိုက်၏။ ကန်တင်းရောက်တော့ ထွန်းကိုက စ၍ . . .

"မင်းက ဘာလုပ်ပေးနေရလို့လဲ"

"ဒီလိုပေါ့ကွာ . . . ငါ့အစ်ကိုက အိမ်ခွဲနေတော့ အိမ်မှာ နိုင်းစရာရှိ ငါ့မဲနိုင်းနေတာ"

"မင်းက အားနေတာကိုး . . . မင်း မခိုင်းလို့ ဘယ်သူကို ခိုင်းမလဲ"

ထွန်းကိုကရယ်သည်။ ပြီးတော့ တခြားကိစ္စတွေ လျှောက်ပြောနေသည်။ သူသင်္ဘောပေါ်တွင် တွေ့ကြုံလာရတာတွေ၊ ဘရာဇီးက မိန်းကလေးတွေ ဘယ်လောက်လှတဲ့ကိစ္စ၊ အမေရိကားမှာ ဘယ်နေရာတွေက လုံခြုံမှုမရှိဘူးဆိုသည့်အကြောင်း အာပေါင်အာရင်း သန်သန်နှင့် ပြောကာနေ၏။

ဝေဖြိုးက ထွန်းကို စကားတွေကို ပါးစပ်အဟောင်းသားနှင့် စိတ်ဝင်တစားနားထောင်နေသော်လည်း လင်းဘုန်းထွဋ်ကတော့ ဂဏှာမငြိမ် ဆိုစိတ်ရောက်နေ၍ ထွန်းကို စကားတွေကို ကြားတစ်ချက်မကြား တစ်ချက်။ နောက်ပြီး ဒီကောင့်ကို ခင်မေဦးဆီသွားဖို့ ဘယ်လိုစကား လမ်းကြောင်းပြောင်းရမလဲ စဉ်းစားရင်း ထွန်းကို စကားစပြတ်သွားတဲ့ အချိန်ကို စောင့်နေမိသည်။

ဒီနေ့ကျမှ ထွန်းကိုကလည်း သူ့ရဲ့နိုင်ငံတကာ အတွေ့အကြုံတွေကို ပြောနေလိုက်တာ ခင်မေဦးကိစ္စ စကားတောင်မစ၊ လင်းဘုန်းထွဋ် ဘာလုပ်ရမလဲ စဉ်းစားနေစဉ် ထွန်းကို စကားစခဏ ပြတ်ကာ





သွားသည်။ ထိုအချိန်ကို အခွင့်ကောင်းယူ၍ လင်းဘုန်းထွဋ်က . .

"ထွန်းကို"

"ဘာလဲ"

"မင်းငါတို့ဆီလာတာ ဒီအကြောင်းတွေပြောဖို့တော့ မဟုတ်ပါဘူးနော်"

ထွန်းကိုက ခပ်တည်တည်နှင့် . . .

"ဟ ဒီအကြောင်းတွေ မပြောလို့ငါက ဘယ်အကြောင်းတွေ ပြောရမှာလဲ ငါလည်း ဒီနေရာတွေပဲ ရောက်ခဲ့လို့ ဒီအကြောင်းတွေ ပဲသိလို့ ဒါတွေပဲ ပြောရတာပေါ့။ မင်းတို့လည်း မင်းတို့တက္ကသိုလ် အကြောင်း ပြန်ပြောလေ"

လင်းဘုန်းထွဋ်က . . .

"မင်းမျက်လုံးတွေကြည့်ရတာမရိုးသားဘူး"

"အွန် ဘာလဲဟ ဘလိုင်းကြီး"

"မင်း ငါ့တို့ဆီလာချင်တာက တစ်ဝက်ပါကွာ၊ ခင်မေဦးဆီ သွားချင်လို့မလား"

"မသွားချင်ပါဘူး၊ ငါမင်းတို့ကို သတိရလို့လာတာ"

တုံးတိတိကြီး ပြောချလိုက်သောစကားကြောင့် လင်းဘုန်း ထွဋ် နင်ကာသွားသည်။ သူက သူ့အကြံနဲ့သူ ပြောချလိုက်သူဖြစ်၍ ထွန်းကိုဆီက ဒီလိုပြန်ကြားလိုက်ရတော့ သူ့ဘာသာသူ မလုံမလဲဖြစ် သွားကာ . . .

"ထားပါတော့ကွာ ငါက အဖြစ်မေးကြည့်တာပါ"

ထွန်းကိုက လင်းဘုန်းထွဋ်ကို တစ်ချက်စိုက်ကြည့်ပြီး ပြုံး လိုက်သည်။ ထိုအကြည့်ကြောင့် လင်းဘုန်းထွဋ် ပျာပျာသလဲဖြစ် သွားကာ . . .

"ဘာကြည့်တာလဲကွ ငါ့ကို"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကိုက တစ်ချက်ရယ်လိုက်ရင်း . . .

"မင်းကို အဲဒါကြောင့် ဒီကိစ္စတွေမှာ တုံးတယ်ပြောတော့ နာသေးတယ်"

"ဘာဆိုင်လို့လဲ"

"ဩော် ငါက ခင်မေဦးကို ကျောင်းကိုလာမှတွေ့ရမှာလား ကွ . . . သူ့အိမ်ကိုအကြောင်းကိစ္စတစ်ခုခုနဲ့ သွားလည်းရတာပဲ . . . ပြီးတော့ သူတို့မိသားစုနဲ့ ငါတို့မိသားစုဆိုတာလည်း အကြောင်းကိစ္စတွေက တစ်ခုမဟုတ်တစ်ခု သွားဖို့လာဖို့ရှိနေတာလေ"

ထို့နောက် ဝေဖြိုးကဝင်၍ . . .

"ဒါဆို မင်းဒီရက်ပိုင်း ခင်မေဦးတို့အိမ်ကို အကြောင်းမရှိ အကြောင်းရှာပြီး သွားနေတာပေါ့"

ထွန်းကို မိန့်မိန့်ကြီးပြုံးကာ ခေါင်းညိတ်ပြရင်း . . .

"ဒါပေါ့ကွ . . . ဟိုနေ့ကတောင် ခင်မေဦး နေမကောင်းလို့ သတင်းသွားမေးရင်း ရောက်ဖြစ်သေးတယ်"

"ဩော် ဒါကြောင့် မင်းက ငါတို့ကို ပုန်ကန်နေတာကိုး"

လင်းဘုန်းထွဋ် သူ့စကားမှားသွားပြီဆိုတာ သိလိုက်သည်။ အမှန်ဆို ခင်မေဦးဆီ ထွန်းကိုဘက်က အပြင်မှာ အိမ်သွားလည်တာ သူတို့ကို ပုန်ကန်စရာမဟုတ်၊ သူငယ်ချင်းတစ်ယောက်က ဒီလိုအချိန်မှာ ကိုယ်တွေနှင့်အတူ ရှိနေတာတောင် ပျော်စရာ . . .

ပြီးတော့ ထွန်းကို့ကို ခင်မေဦးဆီသွားဖို့ စကားအစထောင်ပေးတာက သူ . . . ထွန်းကိုက သွားရင်ကောင်းမယ်လို့ ပြောတာလည်းမဟုတ် . . . သို့သော် သူ့စကားမှားသွားတာကို ဟိုကောင်တွေဘက်က မရိပ်မိလိုက်၍ သက်ပြင်းကို ခိုးချမိသည်။

လူ့စိတ်ကလည်းတစ်မျိုး . . .

သွားခွင့်မကြုံပါဘူးဆိုမှ ပိုသွားချင်နေမိသည်။ ဂင်္ဂါဖူးလေး





ရဲ့ မျက်နှာတော်ကို မော်ဖူးချင်နေမိ၏။ တွေးရင်းနှင့် လင်းဘုန်းထွဋ် စိတ်ထဲမရိုးမရွဖြစ်ကာလာ၏။ ထွန်းကိုဆိုတဲ့ကောင်က ဒီနေ့ ခင်မေဦးတို့ဘက် ခြေဦးတောင် လှည့်တော့မယ့်ပုံမပေါ်။ နောက်ဆုံးတော့ မနေနိုင်တော့၍ ရုတ်တရက်ထရပ်လိုက်ကာ . . .

"ငါ အိမ်သာသွားဦးမယ်ကွာ"

ဆိုပြီး ကန်တင်းကထွက်ဖို့ ပြင်၏။ ဟိုကောင်နှစ်ယောက်က သူ့ကိုကြည့်ပြီး . . . .

"ဘယ်လိုဖြစ်တာလဲ ရုတ်တရက်ကြီး"

"ဟ အိမ်သာတက်ချင်တာပဲ မိုးလေဝသလို ခန့်မှန်းချက်ကြိုထုတ်လို့ရတာမှ မဟုတ်တာ"

ဟုပြောရင်း ပြေးထွက်ခဲ့လိုက်တော့သည်။

ကန်တင်းထဲမှထွက်သွားသော လင်းဘုန်းထွဋ်ကိုကြည့်၍ ထွန်းကိုတို့နှစ်ယောက် ကြိတ်ရယ်ကာ တစ်ယောက်နဲ့တစ်ယောက် လက်ဝါးချင်းရိုက်လိုက်ပါတော့သည်။ အမှန်တော့ လင်းဘုန်းထွဋ် ဂင်္ဂါဖူးဆီ ဟိုနေ့ကရောက်ခဲ့တဲ့ ကိစ္စကို သူတို့သိပြီးသား . . .

တကယ်တော့ လင်းဘုန်းထွဋ် တစ်ခုသတိလစ်သွားတာ ဖြစ်၏။ ခင်မေဦးနှင့် ထွန်းကိုက အဆက်အသွယ်ရှိနေခြင်းပင်။

ပြီးတော့ ဂင်္ဂါနှင့် ခင်မေဦးက အချစ်ဆုံး သူငယ်ချင်းတွေ။

ထို့နေ့ညနေ ကျောင်းအဆင်းမှာတင် ဂင်္ဂါက ခင်မေဦးတို့ အိမ်ဝင်၍ ခင်မေဦးနေမကောင်းတဲ့ကိစ္စ ဝင်မေးရင်း ထွန်းကိုနဲ့ ဆုံသည်။ ထို့နောက် စကားစမြည်ပြောကြရင်း သူမထံ ဒီနေ့ လင်းဘုန်းထွဋ် လာသွားကြောင်း စကားစပ်မိရင်း ပြောဖြစ်ကြ၏။

ထို့နောက် စတွေ့တဲ့နေ့က ကိစ္စကို လာတောင်းပန်သွားတာ ဒါဆိုတာပါ ထည့်ပြောသွားသည်။ ထိုကိစ္စကိုလည်း ဝေဖြိုးက ပြောထား၍ ထွန်းကို သိပြီးသား။ ခင်မေဦးကလည်း ထို့နေ့ကမှ စကား



www.burmeseclassic.com

www.burmeseclassic.com



အစဖော်ပေး၍ ဂဏီက ထိုကိစ္စကို ပြောသွားခြင်းပင်။ မပြောတာက ဒီတောင် လင်းဘုန်းထွဋ်။

သူတို့က လင်းဘုန်းထွဋ် ထိုကိစ္စကိုပြောမည်ထင်၍ စောင့်နေကြသည်။ သို့သော် လင်းဘုန်းထွဋ်က သူတို့ကို လျှို့ထားသည်။ ဒီနေ့အထိ ထိုကိစ္စကို မဟသေး။

ထို့ကြောင့် ဒီကောင် မရိုးမသား ခြေပုန်းခုတ်နေတယ်ဆိုတာ သေချာသွား၍ သူတို့နှစ်ယောက်ပေါင်းကာ ပညာပေးလိုက်ခြင်းပင်။

အခုလည်း လင်းဘုန်းထွဋ်ထွက်သွားပြီးတော့ ခဏအကြာမှာ လင်းဘုန်းထွဋ်နောက် သူတို့ ခြေရာခံကာ လိုက်သွားကြလေတော့သည်။

လင်းဘုန်းထွဋ်ကတော့ သူကိုယ်သူ လည်လှပြီဆိုပြီး ရှေ့အဆောင်တွေဘက် အပြေးတစ်ပိုင်း သုတ်ခြေတင်လိုက်ပါတော့သည်။







## မိန်းကလေး

ဟစ်ယောက်ကို စိတ်ဝင်စားမိပြီဆိုလျှင် ဘယ်လိုပဲ ကြည့်ကြည့် ကိုယ့်မျက်စိကဲမှာ လှနေသည်။ တော်ရုံတန်ရုံအပြစ်မျိုးလောက်ကတော့ ချစ်တဲ့စိတ်က ဖုံးလွှမ်းသွားကာ အလိုလို လှပသွားတတ်ကြ၏။ ထို့ကြောင့် စကားပုံတစ်ခုတောင်ရှိသည်။

"ချစ်လျှင် ဘုပျောက်၏" တဲ့။

ချစ်မိသွားခဲ့လျှင် ကျောကုန်းက ထွက်နေတဲ့ ဘုကြီးတောင် အလိုလိုလှပသွားကြ၏။ ထို့ကြောင့် ရာဇဝင်မှာ မင်းကုသလည်း မိန်းမရခဲ့သည်။ မယ်ကုဝတီလည်း ရည်းစားရခဲ့၏။ အခုလို ရာဇဝင်မှာ စာတင်လောက်အောင် ရုပ်ဆိုးခဲ့သူတွေတောင် သူတို့ကို ချစ်တဲ့သူနဲ့တွေ့တော့ အကြောင်းဆက်ပေါင်းဖက်ခဲ့ရလျှင် လင်းဘုန်းထွဋ်အဖို့တော့ . . . .

သူ မျက်တောင်ခတ်မို့ မေ့နေသည်။ တစ်နည်းပြောရရင် မျက်တောင်တစ်ဖျတ်ခတ်လိုက်တဲ့အချိန်လေးအတွင်းမှာ ဂဏီဖူးဆိုတဲ့ ကောင်မလေးရဲ့ အလှအပတရားလေးတွေနဲ့ ဝေးကွာသွားမှာစိုးသောကြောင့်ဖြစ်၏။ ဂဏီဖူးကိုကြည့်ရင်း သူ ဟိုသီချင်းလေးကို သွားသတိရမိ၏။ ဘာတဲ့ . . .

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့က ကြည့်လည်း ယဉ်တယ် . . . အနောက်က ကြည့်လည်း ယဉ်တယ် . . . ဘယ်လိုပဲ ကြည့်ကြည့် ယဉ်တဲ့သူရယ်"

ဆိုတဲ့ သီချင်းစာသားလေး . . ။

ဟုတ်သည်။ ဂင်္ဂါဖူးလို ချောမောလှပ၍ အပြစ်ဆိုဖွယ်ရာ မရှိသော မိန်းကလေးသည် အရှေ့အနောက် တောင်မြောက် ဘယ်နေရာကကြည့်ကြည့် ရှုတိုင်းယဉ်နေရမည်ဆိုတာ အမှန်။

ဒါတောင် လင်းဘုန်းထွဋ်ဆိုတဲ့ ကောင်က သူများတွေလို ကော်ရစ်တာမှာ မတ်တတ်ရပ်ပြီး အခန်းရှေ့က ပေါ်တင်ရှုစားရဲတာ မဟုတ်။ ဂင်္ဂါဖူးတို့ အခန်းရှေ့မျက်စောင်းထိုးလောက်က ကော်ရစ်တာ တိုင်အကွယ်မှာ ရင်ဘတ်နဲ့ တိုင်နံရံပြားနေအောင် ကပ်ပြီး မျက်လုံးလေးတစ်လုံးသာ တိုင်အပြင်ထုတ်၍ ခိုးကြောင်ခိုးဝှက် ရှုစားခြင်းပင်။

အမှန်တော့ ပေါ်တင်ကြီး ထွက်ကြည့်ရင်လည်း သူ့ကို ဘယ်သူကမှ ဖမ်းဆီးအရေးယူမည်မဟုတ်။ သို့သော် သူ မကြည့်ရဲ။ သူက မျက်နှာလေးကြည့်ပြီး မော်ဖူးရုံလောက်သာ ရည်ရွယ်ချက်ပါလာသည်။ ထို့ကြောင့် အခန်းရှေ့က သွားကြည့်ရင် သူ့ကို ဂင်္ဂါဖူးက မြင်သွားနိုင်၏။ မြင်သွားရင် သူ အတန်းပြီးအောင်အထိ အပြင်မှာ စောင့်နေရလိမ့်မည်။

ပြီးတော့ သူမထွက်လာရင် စကားသွားပြောရမည်။ ဒီအတိုင်းပြန်လှည့်သွားလို့မကောင်း၊ တော်ကြာ ဂင်္ဂါက သူ့ကို အပျင်းပြေ လာကြည့်တယ်ထင်ရင် ခက်မည်။

သူ့မှာ အဲဒီလောက်အချိန်မရ။ ဟိုကောင်တွေကို အိမ်သာ သွားမယ်ဆိုပြီး လိမ့်ထွက်လာသောကြောင့် ခဏသာ အလွမ်းပြေ ကြည့်ပြီး ပြန်လစ်ရဦးမည်ဖြစ်သည်။ ထို့ကြောင့် တစ်ခါခိုးကြည့်လိုက်၊ သူမ မြင်သွားမှာစိုး၍ တိုင်နံရံမှာ ကျောမှီပြီး ရပ်နေလိုက်နှင့် သူ





တစ်ယောက်တည်း အလုပ်ရှုပ်ကာနေ၏။

စာသင်ချိန်ဖြစ်၍ အခန်းတွေအပြင်မှာ လူရှင်းနေသောကြောင့်တစ်ကြောင်း၊ ဒီနေ့ သူမတို့ အတန်းရှေ့မှာ ရစ်သီရစ်သီလာလုပ်သူတွေ မရှိတော့သောကြောင့်တစ်ကြောင်း သူ့ကို ဘယ်သူမှ ဂရုမထားမိ။ သို့သော် ခပ်လှမ်းလှမ်းမှာ ကျောင်းသန့်ရှင်းရေး လုပ်နေသည့် မိန်းမကြီးတစ်ယောက်ကတော့ လင်းဘုန်းထွဋ်ကို ကြည့်ကာ စဉ်းစားမရဖြစ်နေ၏။

ဒီကျောင်းသား အခုလို သူခိုးချောင်း ချောင်းနေရအောင် ဘာလုပ်မလို့လဲဟု တွေးနေမိသည်။ အခုလို တက္ကသိုလ်အဝန်းအဝိုင်း ထဲမှာ နေ့ခင်းကြောင်တောင်ကြီး ဖြတ်သွားဖြတ်လာတွေကို ဓားပြတိုက်ဖို့တော့ မဖြစ်တန်ရာ။

သို့သော် ဒီကျောင်းသား ပုံစံကို ကြည့်ရတာ တစ်စုံတစ်ခုကို သဲကြီးမဲကြီး ချောင်းမြောင်းနေတဲ့ပုံစံဖြစ်နေ၍ သင်္ကာမကင်းဖြစ်ကာ အပေါ်ထပ်အခန်းတွေဆီမှ ဆင်းလာသော ဆရာမတစ်ယောက်ထံ အကြောင်းသွားကြားလိုက်ပါတော့သည်။

ဆရာမက လင်းဘုန်းထွဋ် အမူအရာကို ခဏစောင့်ကြည့်နေသေး၏။ တော်တော်လေးကြာသည်အထိ မူမမှန်တဲ့ပုံ ပေါက်နေ၍ လင်းဘုန်းထွဋ်ထံ လှမ်းလာလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်း ဘာကို ဒီလောက်ချောင်းနေရတာလဲကွယ် ... ဆရာမ ဘာကူညီပေးရမလဲ”

ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် လင်းဘုန်းထွဋ်ရဲ့ တစ်ကိုယ်လုံး တုန်တက်သွားကာ လှည့်၍ကြည့်သည်။ ဆရာမကို မြင်သွားတော့ မျက်လုံးကြီးနှစ်လုံး ပြူးထွက်သွား၏။ ဆရာမတောင် လင်းဘုန်းထွဋ်ရဲ့ အမူအရာကိုကြည့်၍ ကြောက်သွားကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

လင်းဘုန်းထွဋ် အကြောက်လွန်သွားကာ ဆရာမကို ပြူးတူးပြူးကြောင်ကြီး ကြည့်နေဆဲပင်။ အချိန်အတော်ကြာသည်အထိ ဘာစကားတစ်ခွန်းမှ မပြောဘဲ ကြောင်တောင်တောင်ကြီးဖြစ်နေသောကြောင့် ဆရာမက ...

“ဟဲ့ .. ဆရာမ မေးနေတယ်လေ .. ဘာလုပ်နေတာလဲလို့”

လင်းဘုန်းထွဋ် ထိုအချိန်ကျမှ အသိဝင်လာကာ မျက်နှာကြီးတစ်ခုလုံး နီမြန်းသွားပြီး ...

“ဘာမှ ဘာမှမဟုတ်ပါဘူးဆရာမ”

“ဘာမှမဟုတ်ဘဲနဲ့ ဒီအတန်းထဲကို ဘာလို့ ဒီလောက်ချောင်းနေရတာလဲ”





လင်းဘုန်းထွဋ်က ...

“ကျွန်တော် ... ကျွန်တော် ... အဲ ... ဟို ... သူငယ်ချင်းတစ်ယောက်ကို လာရှာတာပါ”

“အေးလေကွယ် ... ရှာတယ်ဆိုလည်း အတန်းရှေ့သွားရှာပေါ့ ... မင်းကို ဘယ်သူက တရားစွဲမှာလဲ”

“ဟိုဟာ ... အတန်းထဲမှာ ဆရာစာသင်နေလို့ပါ”

“စာသင်နေလည်းကွယ် အနှောင့်အယှက်မပေးရင် ဖြစ်ပါတယ် ... အပြင်ကပဲ လက်ဟန်ခြေဟန်နဲ့ လှမ်းပြောပေါ့ ... အခုတော့ မင်းဟာက မဟုတ်သေးပါဘူး”

ထိုအချိန်မှာ ထွန်းကိုနဲ့ ဝေဖြိုးက နောက်ယောင်ခံလိုက်လာသောကြောင့် ထိုအဖြစ်အပျက်ကို မြင်လိုက်ကြသည်။ ထို့ကြောင့် အခြေအနေကို စောင့်ကြည့်ဦးမည်ဆိုသည့် သဘောနှင့် နံရံအကွယ်တစ်ခုမှ သွားပုန်းရင်း ချောင်းကြည့်နေလိုက်ကြသည်။ လင်းဘုန်းထွဋ်တစ်ကိုယ်လုံးမှာ တုန်နေပြီး ချွေးတွေမြင်မကောင်းတော့။ ခိုးလုပ်ပါတယ်ဆိုမှ တိုးမယ့်တိုးတော့ ဆရာမနဲ့မှ သွားတိုးရသည့်အဖြစ်။

ဆရာမက သူ့ကိုကြည့်ရင်း သက်ပြင်းချကာ ....

“မင်းက ဘယ်မေဂျာကလဲ”

“အင်္ဂလိပ်စာကပါဆရာမ”

ဆရာမက သက်ပြင်းနောက်တစ်ချက်ချ၍ လက်ခါပြရင်း

“ကဲ ကဲ သွားတော့သွားတော့ .. နောက် ဒီလိုမဖြစ်စေနဲ့”

လင်းဘုန်းထွဋ်မျက်နှာ ချက်ချင်းရွှင်လန်းကာသွား၏။ ထို့ကြောင့် ဆရာမကို ဦးအကြိမ်ကြိမ်ညွှတ်ကာ ...

“ကျေးဇူးတင်ပါတယ်ဆရာမ ... နောက် ကျွန်တော် ဒီလို မဖြစ်စေရပါဘူး”

ဟု ပြောပြီး လစ်ထွက်ခဲ့လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာရောက်တော့ ထွန်းကိုနှင့် ဝေဖြိုးတို့က အခုမှ တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့သလိုလိုနှင့် . . .

"ဟင် . . . မင်း ဒီကို ဘယ်လိုရောက်နေတာလဲ"

ဟု မသိချင်ယောင်ဆောင်ပြီး မေးလိုက်တော့ လင်းဘုန်းထွဋ် အံ့သြသွားကာ . . .

"မင်း . . . မင်းတို့"

"အေးလေ . . . ငါတို့လေ မမှတ်မိတော့ဘူးလား"

"ဟာ . . . ဒီနေ့မှ ဘယ်လိုဖြစ် . . . အဲ . . . ဟိုဟာ . . . ငါ . . . ငါ အိမ်သာလာတာလေ"

ဝေဖြိုးနဲ့ ထွန်းကို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း . . .

"ဘယ်လို . . . အိမ်သာလာတာဟုတ်လား"

လင်းဘုန်းထွဋ်လည်း အခုမှ မထူးတော့ပြီမို့ . . .

"အေး . . . ဟုတ်တယ်"

"ဘာလဲ ငါတို့မေဂျာက အိမ်သာကျင်းတွေပြည့်သွားလို့လား"

ဝေဖြိုးစကားကြောင့် ထွန်းကိုက ရယ်သည်။ လင်းဘုန်းထွဋ်လည်း ဘာဆက်ပြောရမှန်းမသိ၍ ပါးစပ်ထဲရှိရာတွေ လျှောက်ပြော၏။

"ဟိုမှာ အခန်းတော်တော်များများ လူပြည့်နေလို့ကွ . . . ငါလည်း မအောင့်နိုင်တာနဲ့"

"လာကြည့်တယ်ဆိုပါတော့"

"အေး . . . ဟင် . . . အာ"

ဝေဖြိုးတို့က လင်းဘုန်းထွဋ်အဖြစ်ကိုရယ်ကာ . . .

"လောကမှာ ကိုယ့်ကိုယ်ကိုယ် ညာတာ အဆိုးဆုံးပဲကွသိလား"





"ငါက ဘာညာလို့လဲ"

"မင်းကိုယ်မင်း ညာနေတာလေ . . . ဘာဖြစ်လဲကွာ ချစ်ရင် ချစ်တယ်ပေါ့ . . . ဘာရှက်စရာရှိလဲ"

လင်းဘုန်းထွဋ်ငြိမ်နေမိသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဆိုတာ သူ သိသည်။ အခုအခြေအနေရောက်မှတော့ ဝန်မခံချင်လို့လည်း မရတော့။ ထို့ကြောင့် . . .

"ရုတ်တရက်ကြီးဆိုတော့ မင်းတို့ကို ငါမပြောခဲ့တာနေလို့ပါ . . . ဒါနဲ့ မင်းတို့နှစ်ယောက်က ဘယ်လာတာလဲ"

"ဒီကိုပဲလေ"

"ဟင် . . . ဘာလာလုပ်တာလဲ"

"ဒီကောင် ခင်မေဦးဆီလာတာပေါ့"

"ဘာ . . . ခုနပြောတော့ မလာတော့ဘူးဆို"

ဝေဖြိုးတို့နှစ်ယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးစိစိလုပ်၍ . . .

"မင်းကို အမြင်ကတ်လို့ . . . ငါတို့နှစ်ယောက်ပေါင်းပြီး ညာပေးတာ"

"ဩော် . . . ဒါဆို မင်းတို့က ငါ့အကြောင်းတွေ သိနေပြီး သားပေါ့"

"ဒါပေါ့"

ထွန်းကိုက အကြောင်းစုံရှင်းပြတော့ . . .

"သေချင်းဆိုးတွေ"

ဟုသာ တစ်ခွန်းတည်း ပြောလိုက်နိုင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## သူတို့

ကျောင်းက ကဲန်တင်းမှာထိုင်ဖို့ ပျင်းနေသည်။ ထို့ကြောင့် ခင်မေဦး အကြံပြုသည့်အတိုင်း စိမ်းလန်းစိုပြည်သို့ ထွက်လာကြ၏။ ဂဂ်ီကလည်း ခင်မေဦးခေါ်၍ ပါလာသည်။

စိမ်းလန်းစိုပြည်ရောက်တော့ ဝေဖြိုးက စကားစသည်။

"ဂဂ်ီတို့ ခင်မေဦးတို့ နောက်ဆို သတိထားကြတော့နော်"

ရုတ်တရက်ပြောလိုက်သော ဝေဖြိုးစကားကြောင့် နှစ်ယောက်လုံး ကြောင်တောင်တောင်နဲ့ကြည့်ကာ . . .

"ဘာဖြစ်လို့လဲဟင်"

ဝေဖြိုးက ခပ်တည်တည်နှင့် . . .

"ဘာမှတော့ မဟုတ်ပါဘူးဗျာ . . . အခုတလော ကျောင်းမှာ လစ်ရင်လစ်သလို ဟိုချောင်းဒီချောင်း ချောင်းနေတဲ့လူတွေရှိတယ်ဗျ . . . တော်ကြာလူအလစ်မှာ ပိုက်ဆံအိတ်တွေဘာတွေ ဝင်ဆွဲချင် ဆွဲနိုင်တယ်"

ထွန်းကိုက ဝေဖြိုးစကားကို သဘောပေါက်၍ ထရယ်သည်။ လင်းဘုန်းထွဋ်ကတော့ မျက်နှာကြီးမဲပြီး ခေါင်းငုံ့သွား၏။ ခင်မေဦးနဲ့ ဂဂ်ီကတော့ ဘာမှမသိ၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်





တာ အူကြောင်ကြောင်နှင့် ဖြစ်နေကြသည်။

ထိုအချိန်မှာ ထွန်းကိုက ထပ်ပြီး . . .

"ဝေဖြိုးပြောတာမှန်တယ်ဗျ . . . အခုခေတ်က စီးပွားရေးတွေ ကျပ်တည်းနေတဲ့လူတွေက ပြောလို့ရတာမဟုတ်ဘူး . . . ကျောင်းမှာဆိုပြီး ပေါ့ပေါ့နေလို့မရဘူးဗျ . . . တချို့ကောင်တွေက အခန်းပြင်က ချောင်းနေတတ်တယ်"

"ဟင် . . . ကိုထွန်းကို ပြောသလိုဆို ကျောင်းမှာ ခါးပိုက်နှိုက်ရှိတယ်လို့ ဆိုလိုတာလား"

"ထင်ရတာပဲဗျာ"

"ဟယ်တော့"

ဂဂ်ီရဲ့ အာမေဋိတ်သံဆုံးတော့ ဝေဖြိုးကထရယ်သည်။ ပြီးမှ

"သိပ်လည်း စိတ်မပူပါနဲ့ဗျာ . . . အဲဒီခါးပိုက်နှိုက်ကြီးက သတ္တိမရှိပါဘူး . . . သူက လူလစ်မှလုပ်ရဲတာပါ"

ခင်မေဦးတို့ဘက်က နည်းနည်းတော့ သဘောပေါက်စပြုလာသည်။ ဝေဖြိုးတို့က တစ်စုံတစ်ခုကို ရည်ရွယ်ပြီး နောက်နေတယ်ဆိုတာကိုပါ . . .

သို့သော် ဘယ်သူ့ကို ရည်ရွယ်နေလဲဆိုတာကိုတော့ မမှန်းတတ်ပေ။ ဒါပေမဲ့ စကားဝိုင်းထဲမှာ လင်းဘုန်းထွဋ်က ဝင်မပါဘဲ ခေါင်းကြီးငုံ့ထား၍ သူမတို့က လင်းဘုန်းထွဋ်ကို အမိပွာယ်ပါပါကြည့်လိုက်ကြသည်။

လင်းဘုန်းထွဋ်ကလည်း ကိုယ့်ဘာသာကိုယ် မလုံမလဲဖြစ်နေစဉ် ဂဂ်ီတို့နှင့် အကြည့်ချင်းဆုံသွားတော့ . . .

"ဟာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး . . . ကျွန်တော် အဲဒီအဓိပ္ပာယ်နဲ့မဟုတ်ဘူး"

ဆိုပြီး ထငြင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြိုးက ပြုံး၍ . . .

"မင်းကို ဘယ်သူက ဘာမေးနေလို့ မင်းက ထငြင်းရတာ လဲ"

အဲဒီတော့မှ လင်းဘုန်းထွဋ်က ခေါင်းကုတ်လိုက်ကာ . . .

"ဟိုဟာ . . . ငါက . . . ဟာ . . . မထူးတော့ပါဘူးကွ

ဟုပြောပြီး သူ့ခုနဖြစ်ခဲ့တဲ့ဖြစ်ရပ်ကို ဂဂီတို့အား ရှင်းပြ သို့သော် ဂဂီကို လာကြည့်တယ်လို့တော့ မပြော။ ကိစ္စတစ်ခုရှိ၍ ရင်း ဂဂီတို့ရှိမလားဆိုပြီး ချောင်းကြည့်လိုက်မိကြောင်းသာ ပြော သည်။

ဂဂီက . . .

"သြော် . . . အဲဒါဆို ကိုလင်းဘုန်းထွဋ်က ကျွန်မတို့ အခ ရှေ့ကိုအရင်ရောက်နေတာပေါ့"

"ဟုတ်ကဲ့"

ဝေဖြိုးတို့ကတော့ ပြုံးရုံသာပြုံးပြီး ဘာမှ ဆက်မပြောတေ ၍ လင်းဘုန်းထွဋ် သက်ပြင်းချမိသည်။

ဂဂီက . . .

"ရောက်နေလည်း အပြင်က လက်လှမ်းပြလိုက်ရောပေ

"ကျွန်တော်လည်း ပထမတော့ နှုတ်ဆက်ဦးမလို့ပဲ . . ဒါပေမဲ့ ဆရာစာသင်နေတာနဲ့ အနှောင့်အယှက်ဖြစ်သွားမှာစိုး ပါ"

ဂဂီက ပြုံးရုံသာပြုံးသည်။ ခင်မေဦးကတော့ ဂဂီ အဓိပ္ပာယ်ပါပါကြည့်ကာ လက်ကုတ်ပြီး မဲ့ပြ၏။

အမှန်လည်း လင်းဘုန်းထွဋ် ပြောတဲ့စကားကြီးကလ အဓိပ္ပာယ်တော့ သိပ်မရှိလှ။

အင်္ဂလိပ်စာ မေဂျာနှင့် ရုက္ခဗေဒအဆောင်ဆိုတာ နး





နည်းတော့လှမ်းသည်။ ကိစ္စတစ်ခုရှိလို့လာရင်လည်း ဝေဖြိုးတို့နှင့် အတူလာရမည်။ အခုတော့ သူက တစ်ယောက်တည်း ကြိုရောက်နေ ပြီး ဟိုနှစ်ယောက်ကနောက်မှ ရောက်လာသည်ဆိုတော့ ဇာတ်လမ်း က နည်းနည်းလွဲနေ၏။

ပြီးတော့ ဝေဖြိုးတို့ပြောစကားအရဆို လင်းဘုန်းထွဋ်က ချောင်းကြည့်နေတာ သေချာသည်။

ဒါဆို လင်းဘုန်းထွဋ်ဘယ်သူ့ကို လာချောင်းသလဲဆိုတာက တော့ ရှင်းနေပြီ။

ဂဂီရော ခင်မေဦးပါ ဒါကို သဘောပေါက်လိုက်ကြသည်။ ထို့ကြောင့် ဘာမှဆက်မပြောဘဲ အသာငြိမ်နေလိုက်တော့၏။

ထို့နောက်သူတို့တခြားကိစ္စတွေကို စကားလွှဲ၍ ဆက်ပြော ကြ၏။

လင်းဘုန်းထွဋ်ကတော့ ကိုယ့်အပြစ်နဲ့ကိုယ်မို့ မသဲမလဲဖြစ် နေ၍ စကားသိပ်မပြောနိုင်။ ဒီလိုပဲ တွေတွေကြီးသာ ငုတ်တုတ်ထိုင် နေသည်။

သို့သော် တစ်ချက်တစ်ချက်တော့ ဂဂီကို ခိုးခိုးကြည့်၏။ သူခိုးကြည့်စဉ် ဂဂီက ပြန်အကြည့်နဲ့ တိုး၍ သုံးခါလောက် မိသွား သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုလင်းဘုန်းထွဋ်

ကြီးက . . . နင့်ကို စိတ်ဝင်စားနေပြီဆိုတာ သေချာတယ်ဟသိလား”

နောက်တစ်ရက် ကျောင်းကိုရောက်တော့ ဟိုနေ့က ကိစ္စကိုပြောနေကြခြင်းဖြစ်သည်။ ဂဂ်ီက နေကြာစေ့ထုပ်ထဲမှ နေကြာစေ့ကိုယူ၍ တစ်ချက်ကိုက်လိုက်ပြီး . . .

“ငါ သိသားပဲ”

“သူကြည့်ရတာ သနားပါတယ်ဟယ်”

“ဘာဆိုင်လို့ နင်က အသားလွတ်ကြီး သနားနေရတာလဲ”

“ဩော် . . . မနေ့ကဆိုကြည့်ပါလား . . . ကိုဝေဖြိုးတို့နောက်နေတော့ သူ့ခမျာ ခေါင်းကြီးငုံ့ပြီး ရှက်နေလိုက်တာ”

“အဲဒါနဲ့ နင်က သနားရရောလား”

“ဟုတ်တယ်လေ . . . သနားစရာပေါ့ . . . သူမှာနင့်ကိုပေါ်တင်တောင်လာမကြည့်ဘူး . . . ခိုးကြောင်ခိုးဝှက်နဲ့”

ဂဂ်ီကပြုံးလိုက်သည်။ ခင်မေဦးက ဂဂ်ီပြုံးတာကို ကြည့်၍

“နင်က ဘာပြုံးတာလဲ”

“ဘာမှမဟုတ်ပါဘူးဟာ . . နင်ပြောမှ ရယ်ချင်သွားလို့ပါ”





“ဘာကိုလဲ”

“ဩော် . . . ခိုးကြောင်ခိုးဝှက်နဲ့လုပ်မှ သူ့ခမျာ လူမိသွားရတယ်လို့”

ခင်မေဦးက ရယ်လိုက်ကာ . . .

“အေးလေ . . ဒါနဲ့ နင် သူ့အပေါ် ဘယ်လိုသဘောထားလဲ”

ဂဂ်ီက တစ်ချက်စဉ်းစားကာ . . .

“ငါ့စိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး အခုအချိန်ထိ ဘာမှမရှိသေးဘူးဟ”

“ဒါဆို . . . သူကနင့်ကို ဖွင့်ပြောလာရင်ကော”

“ထုံးစံအတိုင်းပေါ့ . . . စဉ်းစားပါဦးမယ်ပဲ ပြောရမှာပေါ့”

ခင်မေဦးက ခေါင်းဘညိတ်ညိတ်လုပ်သည်။ ထို့နောက်ဆရာမဝင်လာ၍ သူတို့စကားစပြတ်သွားကြတော့၏။

ဂဂ်ီအတွေးထဲမှာတော့ လင်းဘုန်းထွဋ်အကြောင်းကို ဆက်တွေးနေမိသည်။ သူလင်းဘုန်းထွဋ် အပေါ် ဘယ်လိုသဘောထားလဲဆိုတာ သူ့စိတ်သူ ပြန်မေးနေခြင်းဖြစ်သည်။

အမှန်အတိုင်းပြောရရင် သူလင်းဘုန်းထွဋ်အပေါ် ဘယ်လိုမှ သဘောထားလို့မရသေး။

ရင်ထဲမှ စတွေ့တဲ့နေ့က အရှက်ကွဲခံထားရသည့် ဒဏ်ရာကမပျောက်သေး။

ထိုအကြောင်းကိုတွေးမိရင် မာနက ရုတ်တရက် ခုန်တက်လာ၍ မဲ့ပြုံးတစ်ချက်သာ ပြုံးလိုက်မိတော့သည်။

ဒီလိုကိစ္စမျိုးဆိုတာ ကြာကြာထားလို့ မသင့်တော်ဘူးဟုဝေဖြိုးက ဆိုသည်။ ဝေဖြိုးရဲ့ အဲဆိုပြုချက်ကို ထွန်းကိုက ထောက်ခံသည့်အနေနှင့် ခေါင်းညိတ်ပြကာ . . .

“ဟုတ်တယ် သူငယ်ချင်း လုပ်သင့်တာလုပ်ထား . . . မင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့အပေါ် စိတ်ဝင်စားနေပြီဆိုတာ သေချာနေတာပဲ . . . ဖွင့်ပြောလိုက်တော့ပေါ့"

လင်းဘုန်းထွဋ်က ခေါင်းခါလိုက်ကာ . . .

"အချိန်စောသေးတယ်ကွ"

ဝေဖြိုးကဝင်၍ . . .

"မင်းကို အချိန်စောသေးတယ်လို့ ဘယ်သူပြောလဲ"

"အခုမှ တွေ့တာ သိပ်မကြာသေးဘူးလေကွာ"

"ဘာဆိုင်လို့လဲ လင်းဘုန်းထွဋ်ရာ . . အချိန်နဲ့ဒီရေက လူကို မစောင့်သလို ဟိုကလည်း မင်းကိုစောင့်မှာ မဟုတ်ဘူးကွ သိလား . . . တော်ကြာ မင်းမပြောခင် တခြားလူ ဦးသွားလို့ ပါသွားရင် ဘယ်လိုလုပ်မလဲ . . . ပြီးတော့ ဂဏီဆိုတာလည်း မင်း သိတဲ့အတိုင်း ဆွတ်ခူးချင်သူတွေ ဝိုင်းဝိုင်းလည်နေတာ"

လင်းဘုန်းထွဋ်တစ်ချက်ငိုင်သွားသည်။ ဝေဖြိုးပြောတာလည်း ဟုတ်၏။ တော်ကြာ ဂဏီ တခြားသူလက်ထဲ ပါသွားရင် ခက်ပြီ။ သူ့ဘဝမှ အခုမှအချစ်ကို စတင်တွေ့ရှိချိန်တွင် အရှုံးပွဲနှင့် ရင်မဆိုင်လို၊ အောင်မြင်မှုသာရချင်၏။ ပြီးတော့ ဂဏီကိုလည်း သူ့လက်မလွှတ်နိုင်ပေ။

ထွန်းကိုက လင်းဘုန်းထွဋ် ငိုင်သွားတာကိုကြည့်၍ ပခုံးတစ်ချက်ပုတ်လိုက်ကာ . . .

"ငိုင်မနေနဲ့ သူငယ်ချင်း . . . ဝေဖြိုးပြောတာမှန်တယ် . . . အခု ငါတောင် ခင်မေဦးကို ဖွင့်ပြောတော့မလို့ လုပ်နေပြီ"

လင်းဘုန်းထွဋ် သက်ပြင်းတစ်ချက်ချကာ . . .

"ငါ သူ့ကို ဖွင့်ပြောဖို့ သတ္တိမရှိသေးဘူးကွာ"

"ဟ . . . မင်းကို စစ်မြေပြင်လွှတ်နေတာမဟုတ်ဘူးနော် . . . ရည်းစားစကားပြောခိုင်းတာ . . . ဘာသတ္တိတွေလိုလဲကွာ





. . . ချစ်တယ်ဆိုတဲ့ စကားလေးနှစ်ခွန်းသွားပြောခိုင်းတာပဲ"

လင်းဘုန်းထွဋ်က ခေါင်းတစ်ချက်ညိတ်ပြ၍ . . .

"အဲဒီ စကားနှစ်ခွန်းက ကျန်တဲ့စကားတွေနဲ့ မတူဘူးလေ . . . အဲဒီစကားပြောဖို့ သတ္တိတော်တော်မွေးယူရမှာ"

ဝေဖြိုးက စိတ်မရှည်စွာဝင်၍ . . .

"အေး . . . မွေးမွေး . . . ဟိုက ယောက်ျားပြီး ကလေးတွေဘာတွေ မွေးတဲ့အထိ မင်းစောင့်ပြီး မွေးနေ"

ဝေဖြိုးစကားကြောင့် ထွန်းကိုက ရယ်သည်။

လင်းဘုန်းထွဋ်က အဝေးတစ်နေရာကို ငေးကြည့်နေမိ၏။ သူ့စိတ်ထဲမှာ ဘာတွေးနေသလဲဆိုတာကိုတော့ သူသာအသိဆုံး ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## လင်းဘုန်းထွင့်

ကာ အတန်းချိန်လစ်၍ ဂင်္ဂါဆီသွားမလို့ ကြံစည်နေသည်။ မြေမြူးကလည်း . . .

"မင်းသွားချင်သွား ငါအတန်းတက်ပြီး ကျန်ခဲ့လိုက်မယ် . . . နောက်တော့ ငါ့ဆီက စာပြန်ကူးပေါ့"

ဟု သူ့ကိုပြောသည်။ အခုတော့ သူက ဂင်္ဂါကိုချစ်နေပြီဖြစ်ကြောင်း တရားဝင်ကြေညာထား၍ သူငယ်ချင်းတွေက သူ့ကို တတ်နိုင်သလောက် ကူညီကြသည်။ အရင်ကလို သူငယ်ချင်းတွေမသိအောင် ခိုးကြောင်ခိုးဝှက်သွားနေ စရာမလိုတော့ပေ။

ထွန်းကိုကလည်း သူ့ဘက်က တတ်နိုင်သလောက် ကူညီ၏။ ခင်မေဦးက တစ်ဆင့် သူ့အကြောင်းတွေကို ဂင်္ဂါနားကိုပေါက်အောင် ပြောပေးခြင်းဖြစ်သည်။ ထွန်းကိုကလည်း ထိုသို့ ကူညီလို့သူအတွက်လည်း အကျိုးအမြတ်ရသည်။ သူက လင်းဘုန်းထွင့်နဲ့ ဂင်္ဂါတို့ကို အောင်သွယ်တော်လုပ်ပေးသလိုလိုနှင့် ခင်မေဦးထံ အကြောင်းရှာ၍ သွားရသောကြောင့်ဖြစ်သည်။ ဟိုနေ့ကဆို . . .

"လင်းဘုန်းက ဂင်္ဂါနဲ့ကျမှအချစ်ကို စတင်တွေ့ရှိဖူးတာဗျ . . . အဲ . . . ကျွန်တော်လည်း ဆယ်တန်းပြီးကတည်းက





သဘော်လိုက်နေရတာဆိုတော့ ဒီကောင့်လိုပဲ အချစ်ကို မတွေ့ရှိခဲ့ဖူးပါဘူးဗျာ . . . အခုမှ"

ဆိုပြီး လင်းဘုန်းအကြောင်းပြောသလိုလိုနှင့် သူပြောချင်တဲ့စကားတွေပါ အလျဉ်းသင့်ရင်သင့်သလို ညှပ်ညှပ်ပြောသည်။ ပြီးတော့ ခင်မေဦးဆီကလည်း ဂင်္ဂါရဲ့အကြောင်းအရာတွေကို စုံစမ်းပေးသည်။ ခင်မေဦးကတော့ ဂင်္ဂါအကြောင်း သူသိသလောက် ပြောပြ၏။ သို့သော် လင်းဘုန်းထွင့်ကို ဂင်္ဂါဘက်က လက်ခံနိုင်၊ လက်မခံနိုင်ဆိုတာကိုတော့ အာမမခံနိုင်ကြောင်းဆို၏။ ထိုသို့ပြောရခြင်းမှာ ဟိုတစ်ခါက သူ့ကိုဂင်္ဂါက သူမအကြောင်းတွေ ဘာမှ လျှောက်မပြောရန် ကတိတောင်းထားသောကြောင့်ဖြစ်သည်။ ပြီးတော့ ဂင်္ဂါစိတ်ထဲမှာ လင်းဘုန်းထွင့်နဲ့ပတ်သက်ပြီး ဘယ်လိုရှိတယ်ဆိုတာကို သူမ ခန့်မှန်းတတ်၍လည်းပါသည်။

လင်းဘုန်းထွင့်ကတော့ ဂင်္ဂါဆီကို အခုနောက်ပိုင်းအကြောင်း တစ်ခုခုရှာပြီးသွားသည်။ တစ်ခါတရံအကြောင်းရှာမရရင် ဂင်္ဂါဆီကို သတိရလို့ဝင်လာတာပါဆိုပြီးသွား၏။

ဒီနေ့လည်း လင်းဘုန်းထွင့်တစ်ယောက် မရိုးမရွှဖြစ်နေသည်။ သူဂင်္ဂါဆီသွားတွေ့ချင်နေ၏။ ထို့ကြောင့် အဲ့ထွန်းဖျက်ကာသွားဖို့ စီစဉ်ခြင်းဖြစ်သည်။

ထို့ကြောင့် ရက္ခဗေဒအဆောင်တွေဘက် သူထွက်လာခဲ့သည်။ အတန်းရှေ့ရောက်တော့ ဂင်္ဂါကိုရှာကြည့်သည်။ မတွေ့။ အချိန်တစ်ခုနဲ့တစ်ခု အကူးအပြောင်းဖြစ်၍ အတန်းထဲမှာ ဝင်လိုက်ထွက်လိုက်နှင့် လူတွေက ရှုပ်ယှက်ခတ်ကာနေ၏။ ထို့ကြောင့် လင်းဘုန်းထွင့်က ဂင်္ဂါကို လူတွေကြားထဲမှာ ပျောက်နေမှာစိုး၍ သေချာရှာသည်။ မတွေ့၊ ထို့ကြောင့် ကျောင်းသူတစ်ယောက်ထံသွားလိုက်၍ ဂင်္ဂါဘယ်သွားလဲ သွားမေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းသူက ဂဂ်ီတို့ ကန်တင်းဘက်ထွက်သွားတယ်ဟု ပြောလိုက်၍ သူ ကန်တင်းဘက်သို့ ထွက်လာခဲ့လိုက်သည်။ ကန်တင်း ရောက်တော့ ဂဂ်ီတစ်ယောက်တည်း ထိုင်နေတာကို သွားတွေ့သည်။ လင်းဘုန်းထွဋ်က ဂဂ်ီစားပွဲနားကို ရောက်သွားတော့ ဂဂ်ီက မော့ ကြည့်တာ . . .

"ဪ . . . ကိုလင်းဘုန်းထွဋ် ဘယ်ကလှည့်လာတာလဲ"

ပထမတော့ ဂဂ်ီဆီလာတာဟု ပြောမလို့လုပ်လိုက်သော်လည်း တကယ်တမ်းကျ ပြောမထွက်၍ . . .

"ဒီဘက်ခဏလာရင်း ဂဂ်ီဒီမှာ ထိုင်နေတာတွေ့လို့ ဝင်လာတာ . . . ဒါနဲ့ ခင်မေဦးကို မတွေ့ပါလား"

"ဪ . . . ဟုတ်တယ် . . . ခင်မေဦးက သမိုင်းဌာနဘက်ကို သူ့သူငယ်ချင်းလာခေါ်လို့ ပါသွားတယ် . . . ထိုင်လေ ကိုလင်းဘုန်းထွဋ်"

"ဟုတ်ကဲ့"

လင်းဘုန်းထွဋ် နီးရာခုံတစ်လုံးဆွဲ၍ ဝင်ထိုင်လိုက်၏။ ထို့နောက် ဂဂ်ီက . . .

"ကိုဝေဖြိုးမပါဘူးလား"

"သူက အတန်းထဲမှာကျန်ခဲ့တယ် . . . ဒါနဲ့ ဂဂ်ီအတန်း မတက်ဘူးလား"

ဂဂ်ီက ခေါင်းညိတ်ပြကာ . . .

"ဟုတ်တယ် . . . ကျွန်မအခန်းထဲမှာနေရတာ ပြီးစီးကြီး ဖြစ်နေလို့ အပြင်ထွက်လာတာ"

"ဪ"

ထို့နောက် သူတို့စကားပြတ်သွားကြသည်။ လင်းဘုန်းထွဋ်က လက်ဖက်ရည်တစ်ခွက်လှမ်းမှာပြီး . . .





"ဂဂ်ီက တစ်ဦးတည်းသောသမီးနော်"

လင်းဘုန်းထွဋ်စကားကြောင့် ဂဂ်ီပြုံးလိုက်ကာ . . .

"ကိုလင်းဘုန်းထွဋ်ကလည်း သိရက်သားနဲ့ ဘာလို့မေးတာလဲ"

"အင်း . . . သေချာအောင်မေးကြည့်တာပါ"

"ကိုလင်းဘုန်းထွဋ်က ဘာလို့မေးတာလဲ"

အမှန်တော့ လင်းဘုန်းထွဋ်လည်း အကြောင်းကိစ္စ မယ်မယ် ရရ မရှိဘဲ ထမေးလိုက်ခြင်းဖြစ်၏။ ခုန စကားစပြတ်သွားတုန်းက ဂဂ်ီကို ဘာစကားစပြောရမှန်းမသိဘဲဖြစ်နေစဉ် ထိုတစ်ဦးတည်း သော သမီးကိစ္စကို တွေးလိုက်မိ၍ဖြစ်၏။

တစ်ဦးတည်းသော သားသမီးများသည် များသောအားဖြင့် အလိုလိုက်ခံထားရသောကြောင့် တခြားသူတွေထက် နည်းနည်းဆိုး တတ်ကြသည်။ ကလေးဆန်တတ်သည်။ သူတို့အလိုမကျလျှင် စိတ် ကောက်တတ်ကြ၏။ ထို့ကြောင့် ဂဂ်ီက တစ်ဦးတည်းသောသမီးဖြစ် နေ၍ ထိုကဲ့သို့ စိတ်အခြေအနေမျိုးတွေ ရှိနေမည်လားဟု တွေးနေမိ ၍ ဖြစ်သည်။ ထိုကဲ့သို့ရှိနေရင်တော့ ဖွင့်ပြောတဲ့အချိန်ကျရင် မတော် လို့ စိတ်ဆိုးသွားပြီး တစ်သက်လုံးစကားမပြောတော့သည့်အဖြစ်မျိုး၊ ဒါမှမဟုတ် ဒေါသသိပ်ထွက်သွားပြီး ပါးတွေဘာတွေ ရိုက်ပစ်လိုက် လျှင်နာပြီ။

ဒါကြောင့် လွှတ်ခနဲမေးကြည့်လိုက်ခြင်းဖြစ်လေသည်။

ဂဂ်ီက . . .

"ကိုလင်းဘုန်းထွဋ် ကျွန်မမေးတာကို မဖြေသေးဘူးနော်"

လင်းဘုန်းက ကိုယ့်အတွေးနဲ့ကိုယ် မျောနေ၍ ရုတ်ဆရက် ကြောင်သွားပြီး . . .

"ဘာကိုလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ကျွန်မကို ဘာလို့ တစ်ဦးတည်းသောသမီးလားလို့ မေးတာလဲဆိုတာ"

လင်းဘုန်းထွဋ်က . . .

"ဘာမှမဟုတ်ပါဘူးဗျာ . . . မေးကြည့်တာပါ"

ဂဂီက ပြုံးလိုက်ကာ . . .

"သိပါဘူး . . . ကျွန်မက ကိုလင်းဘုန်းထွဋ်ရဲ့ ဗေဒင်တွေ ဘာတွေများ တွက်မလို့လားလို့"

"ကျွန်တော်တွက်တတ်ရင် တွက်ကြည့်ချင်တာပေါ့ဗျာ"

"ဘယ်သူ့ကိုလဲ"

"ဂဂီကိုလေ"

"ခစ်ခစ် . . . ကိုလင်းဘုန်းထွဋ်က ကျွန်မကို ဗေဒင်တွက်ပြီး ဘာလုပ်မလို့လဲ"

ဂဂီရဲ့ ဖူးစာရှင် ဘယ်သူလဲဆိုတာ သိချင်လို့ပါဟု ပြောလိုက်ချင်သော်လည်း တကယ်တမ်းကျ သတ္တိအဲဒီလောက်မရှိ၍ . . .

"ဘာ . . . ဘာမှ မဟုတ်ပါဘူး ဂဂီရဲ့ . . . ရှေ့ကို ဘာဖြစ်နိုင်လဲဆိုတာ ကျွန်တော်က ပြောပြနိုင်တော့ ပိုကောင်းတာပေါ့"

ဂဂီက ရယ်သည်။ အရယ်ဆုံးတော့ . . .

"ကိုလင်းဘုန်းထွဋ်ကတော့ နောက်တော့မယ်"

ဟုဆို၏။ ထိုအချိန်မှာ ခင်မေဦးက ပြန်ရောက်လာ၍ လင်းဘုန်းထွဋ်ကို တွေ့တော့ . . .

"ဩော် . . ကိုလင်းဘုန်းထွဋ်ရောက်နေတာကိုး . . . ကြာပြီလား"

"မကြာတော့ မကြာသေးဘူး . . . ခုနကမှ ရောက်တာပါ"

ထို့နောက် စကားခဏပြောပြီး လင်းဘုန်းထွဋ်က ပြန်ဖို့လုပ်





သည်။ ဂဂီက . . .

"ကိုလင်းဘုန်းထွဋ် ပြန်တော့မလို့လား"

လင်းဘုန်းထွဋ်က ခေါင်းညိတ်ပြကာ . . .

"ဟုတ်ကဲ့ ပြန်လိုက်ဦးမယ်"

ဟု နှုတ်ဆက်ထပြန်လာခဲ့သည်။ လင်းဘုန်းထွ…ဲ့ ပြန်သွားတော့ ခင်မေဦးက . . .

"ရွှေစွန်ညိုကြီးကတော့ မထွေးလေးဆီ ခဏခ…လာသာ နေတယ်နော် . . . မထွေးလေးကရော ဘယ်လိုလဲ"

ဂဂီကပြုံးရုံပဲ ပြုံးသည်။ ဘာမှတော့ မပြော . . .

ထို့နောက် သူတို့ခဏ စကားပြတ်သွားကြသည်။ ဂဂီက အဝေးတစ်နေရာကို ငေးကာကြည့်နေသည်။ သူ့စိတ်ထဲ… ဘာတွေ တွေးနေလဲတော့ မသိပေ။



www.burmeseclassic.com



## တောင်မလေး

တစ်ယောက်ကို ကိုယ်ကချစ်နေသည့်အကြောင်း အသိပေးဖို့ဆိုတာ နည်းလမ်းနှစ်မျိုးသာရှိသည်။ တစ်မျိုးက ပါးစပ်ကလိုက်ပြောရန်နှင့် နောက်တစ်မျိုးက စာပေးရန်သာရှိသည်။ လင်းဘုန်းထွဋ်က ဒုတိယနည်းလမ်းကိုရွေးလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ပထမနည်းလမ်းကို သူမလုပ်ရဲသောကြောင့် ဖြစ်သည်။ ဒုတိယနည်းလမ်းက မှဆိုး၊ ဂဂ်ီဘက်က တတယ်လို့ စိတ်ဆိုးခဲ့ရင်တောင် သူ့ရှေ့မှာမဟုတ်၍ တော်သေးသည်။ ဒါတောင် စာကို ခင်မေဦးကတစ်ဆင့်ပေးဖို့ ကြံရွယ်ထားသည်။

အမှန်တော့ လင်းဘုန်းထွဋ်အတွေးက ကြောင်တောင်တောင်နိုင်လှ၏။ တက္ကသိုလ်နယ်မြေတွင် ကျောင်းသူတစ်ယောက်ကို စာလိုက်ပေးသည့် ကိစ္စသည် လက်ပစ်ဗုံးလိုက်ပေးတာမဟုတ်၍ ဘာမှ ပြဿနာမရှိလှ။ ဒါကို သူက ဘာကိုကြောက်လို့ကြောက်မှန်း မသိဘဲ စွတ်ရွတ်ကြောက်နေသည်။ သို့သော် မပေးဘဲလည်း မနေနိုင်၍ ထိုသို့စီစဉ်ရခြင်းဖြစ်၏။

အခုတော့ ရည်းစားစာရေးဖို့ စာရွက်နဲ့ဘောပင်ကို သူ့ရှေ့





က စားပွဲပေါ်မှာ ချထားသည်။ ဒီလိုစာမျိုးလည်း တစ်ခါမှမရေးဖူး၍ ဘယ်ကစရေးရမှန်း မသိပေ။ ထို့ကြောင့် စာရွက်အလွတ်ကြီးကိုသာ ကြောင်စီစီကြီး ထိုင်ကာကြည့်နေမိ၏။ ခဏနေတော့မှ စာတစ်လုံး စရေးသည်။

သို့

ဂဂ်ီ .....

ပြီးနောက် ဘောပင်ကို ကိုင်ရင်း ခဏရပ်သွား၏။ ပြီးမှ

ဒီစာလေးကို ကျွန်တော်အရဲစွန့်ပြီး ရေးရတာပါ။ စိတ်ဆိုးသွားရင်လည်း ခွင့်လွှတ်ပါဗျာ ...

သူ့ကိုယ်သူ ပြစ်မှုတစ်ခု ကျူးလွန်မိတော့မည့်လူတစ်ယောက်လို အရင်ဆုံးတောင်းပန်လိုက်သည်။ ပြီးမှ . . .

ဂဂ်ီကို ကျွန်တော်ချစ်နေလို့ပါ ... စဉ်းစားပေးပါနော် ...

ဒါပဲရေးပြီး ဘောပင်ကိုချလိုက်ကာ စာကိုသပ်ရပ်စွာ ခေါက်ပြီး စာအိတ်ထဲထည့်ကာ သေချာပိတ်လိုက်၏။ သူ့စာက တခံမျိုးတော့ ကောင်း၏။ ဘာမှ အဖွဲ့အနွဲ့မပါဘဲရိုးရှင်း၍ တစ်ဖက်က မိန်းကလေးမှာ စာဖတ်ရတာ သက်သာသည်။ အမှန်တော့ သူ အဖွဲ့အနွဲ့တွေ မရေးတတ်၍ ထိုကဲ့သို့ ရေးလိုက်ခြင်းဖြစ်သည်။ အရေးကြီးဆုံးက သူချစ်နေတာကို ဂဂ်ီသိသွားဖို့။



www.burmeseclassic.com

www.burmeseclassic.com



**စာပေးဖို့**

အစီအစဉ်ကို သူငယ်ချင်းတွေကို ပြောပြတော့ . . .

"မင်းက ကြောင်ပဲ"

ဟု သူ့ကို ဝိုင်းပြောကြသည်။ ဝေဖြိုးက . . .

"မင်းကွာ ဒီလောက်တိုးတက်နေတဲ့ ခေတ်ကြီးမှာ စာပေးတဲ့ စနစ်တွေ ကုန်သွားပါပြီ"

သူက . . .

"ဘာဖြစ်လဲကွာ . . . ငါဘာသာပေးချင်လို့ပေးတာ မင်း အပူပါလား"

ဝေဖြိုးက ခေါင်းခါပြီး သက်ပြင်းချလိုက်သည်။ ထွန်းကိုက . . .

"မင်းပါးစပ်နဲ့ဘာလို့ မပြောချင်ရတာလဲ"

သူက ထွန်းကိုကို တစ်ချက်ကြည့်၍ . . .

"ငါ . . . ပါးစပ်မရဲဘူးဖြစ်နေတယ်ကွ"

"အခုလို စာပေးလည်း ဘာထူးလဲကွာ . . . သူ့ကိုမင်းသွား ပေးရင် ကြုံရဦးမှာပဲ၊ ဒီစာပေးတယ်ဆိုကတည်းက မင်းသူ့ကို ရည်းစားစာပေးတယ်ဆိုတာ သူသိပြီးသားပဲ . . . ပါးစပ်က ဖွင့်ပြော





လိုက်လည်း ပြီးတာပဲ"

လင်းဘုန်းထွဋ်က တစ်ချက်ရယ်၍ . . .

"ငါက သူ့ကို စာသွားပေးမယ်လို့ မင်းကို ဘယ်သူပြောလဲ"

ထွန်းကိုက လင်းဘုန်းထွဋ်စကားကြောင့် တစ်ချက်ကြောင် တောင်တောင်ဖြစ်သွားကာ . . .

"ဟင် . . . မင်းက စာကို ကိုယ်တိုင်မပေးလို့ ဘယ်လိုပေး ချင်လို့လဲ . . . ဪ စာတိုက်ကနေပို့မှာလား . . . ကြောင်ပါ့ကွာ ရည်းစားစာကိုများ စာတိုက်ကပို့ရတယ်လို့"

လင်းဘုန်းထွဋ်က တစ်ချက်ရယ်လိုက်ကာ . . .

"ငါ့ အဲဒီလောက်အထိတော့ မကြောင်ပါဘူးကွာ . . . မင်း တို့က ငါ့စကားကို ဆုံးအောင်နားထောင်ဦးမှပေါ့"

"ကဲပါ . . . ကဲပါ . . . ထားပါတော့ . . . ပြောစမ်းပါ ဦး . . . မင်းအကြံ"

"ခင်မေဦးက သစ်ဆင့်ပေးမှာပေါ့ကွ"

ထွန်းကို အံ့သြသွားကာ . . .

"ခင်မေဦး ဟုတ်လား"

"ဟုတ်တယ်လေ . . . ခင်မေဦးကတစ်ဆင့် ပို့ခိုင်းမှာပေါ့။ အဲဒီကိစ္စလည်း မင်းကူညီရမယ် . . . မင်းက ဒီစာကိုယူပြီး ခင်မေဦး ကို သွားပေးပေး"

လင်းဘုန်းထွဋ်စကားဆုံးတော့ ထွန်းကို လက်ကာပြလိုက် ကာ . . .

"ဒါတော့မဖြစ်ဘူးဟေ့ကောင် . . . ကိုယ့်ဘာသာကိုယ် လုပ် . . . ပြီးတော့ ခင်မေဦးက သူ့သူငယ်ချင်းကို စာပေးမယ့်ကိစ္စ ကူညီချင်မှကူညီမှာပေါ့ . . . နောက်ပြီး ငါတို့ပြောသလို ကိုယ့်ဘာ သာကိုယ်သွားပေးပါလားလို့ ပြောလွှတ်ရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကိုစကားအဆုံးမှာ ဝေဖြိုးကလည်း ဝင်၍ . . .

"ဟုတ်တယ် လင်းဘုန်းထွဋ် . . မင်းလုပ်ရပ်က မဟုတ်သေးပါဘူး . . . စကားမပြောရဲလို့ စာပေးတယ်ဆိုတာတော့ ထားပါတော့ . . . စာကိုတောင် ကိုယ့်တိုင်မပေးရဲဘူးဆိုတော့ မလွန်လွန်းဘူးလား . . . ပြီးတော့ ဂင်္ဂါက သူ့ကို ကိုယ်တိုင်လာမပေးဘဲ ခင်မေဦးကတစ်ဆင့် ပေးခိုင်းလိုက်တယ်ဆိုရင် မင်းကိုတစ်မျိုးထင်သွားနိုင်တယ်"

"ဘယ်လိုထင်မှာလဲ"

"အော် . . . ဘဝအတွက် ဒီလောက်အရေးကြီးတဲ့ကိစ္စကိုတောင် လူကိုယ်တိုင်မလာဘဲ ကြားလူနဲ့တစ်ဆင့်လုပ်ခိုင်းတယ်ဆိုတော့ မင်းကို အထင်သေးနိုင်တာပေါ့ . . . ပြီးတော့ မင်းနဲ့သူနဲ့က အပြင်မှာ မသိရင်လည်း တော်သေးတယ် . . . အခုတော့ မင်းတို့က အပြင်မှာလည်း မိတ်ဆွေတွေလိုသိပြီးသား"

"အဲဒါကြောင့်ငါက ပိုပြီး မျက်နှာပူတာပေါ့ကွ . . . မသိရင် တော်သေးတယ် . . . အခုတော့ . . . သိနေတယ်ဆိုတော့"

"တော်ပြီ ဟေ့ကောင် . . . ဒီလောက်ကြောက်နေရင်လည်း ရည်းစားထားဖို့ မစဉ်းစားနဲ့တော့ . . . အဲဒီလောက်မှ အဖြစ်မရှိရင်လည်း ကိုယ့်ဘာသာကိုယ် အေးအေးသာနေပါတော့ကွာ"

လင်းဘုန်းထွဋ် ငြိမ်ကျသွားသည်။ ဒီကောင်တွေပြောတာ မှန်သင့်သလောက်မှန်နေ၍ ဘာမှဆက်ပြီး စောဒက မတက်မိ။ ထို့ကြောင့် မရှိမဲ့ ရှိမဲ့ သတ္တိတွေ အကုန်မွေးပြီး ကိုယ်တိုင်ပဲ စာသွားပေးတော့မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။





## ဒီတစ်ခါတော့

ချောင်းမနေတော့ပေ။ ပေါ်တင်ပဲ အခန်းဝမှာ မတ်တတ်ရပ်ကာ စောင့်နေမိသည်။ သူရောက်ပြီးခဏအကြာမှာပဲ ဂင်္ဂါက သူ့ကိုတွေ့သွားသည်။ တွေ့သွားတော့ ပြုံးပြ၏။ သူကလည်း ပြန်ပြုံးပြလိုက်ရင်း ဆက်ရပ်နေလိုက်၏။

ဂင်္ဂါတို့အတန်းထဲမှာ စာသင်ချိန်ဖြစ်၍ စောင့်နေရခြင်းဖြစ်သည်။ ခဏနေတော့ ဆရာမထွက်သွား၍ အတန်းထဲကလူတော်တော်များများ ထွက်လာကြသည်။ ဂင်္ဂါကတော့ တော်တော်နဲ့ ထွက်မလာသေးပေ။

လင်းဘုန်းထွဋ် ဂင်္ဂါထွက်အလာကိုစောင့်ရင်းနှင့် ရင်တွေ တဒုန်းဒုန်းခုန်ကာနေသည်။ ဂင်္ဂါကို သူစာပေးလိုက်ချိန်တွင် ဘာတွေဖြစ်လာမလဲဆိုတာ တွေးနေမိ၏။

အံ့သြသွားမလား၊ စိတ်ဆိုးသွားမလား (ဒါမှမဟုတ်) အသာတကြည်ပဲယူသွားမလား၊ ဘာပဲဖြစ်ဖြစ် ဆိုးဝါးတဲ့အခြေအနေတော့ ဖြစ်မလာလောက်ဘူးလို့ဘော့ တွက်ဆထားသည်။ အဘယ်ကြောင့်ဆိုသော် ဂင်္ဂါလိုယောက်ျားပေါင်းများစွာရဲ့ စာပေးခြင်း၊ စကားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြောခြင်းခံရသော ကျောင်းသူတစ်ဦးအဖို့ အခုလိုအခြေအနေမျိုးသည် သူမအတွက် အဆန်းတကြယ်မဟုတ်တော့ပေ။ သူ့ကို မလိုလားရင်တောင် ဝတ္တရားအရတော့ စာကိုယူသွားလိမ့်မည်ဖြစ်သည်။

ထိုအချိန်မှာပင် ဂဂီအပြင်ထွက်လာတာ တွေ့လိုက်ရသည်။ သူခါးတုံမတ်ကာ အသင့်အနေအထား နေရာယူလိုက်၏။ ထိုအချိန်မှာ ဂဂီသူ့ရှေ့လာရပ်၍ . . .

"အခု ဘယ်သွားရင်း ဝင်လာတာလဲ . . လမ်းကြုံလို့ပဲလား"

ဒီတစ်ခါတော့ လင်းဘုန်းထွဋ်က ဒဲ့ပဲပြောလိုက်တော့သည်။

"ဒီတစ်ခါ ဂဂီဆီကိုပဲ လာတာပါ"

ဂဂီမျက်ခုံးလေးပင့်၍ . . .

"ကျွန်မဆီကို . . . ဟုတ်လား"

လင်းဘုန်းထွဋ်က ခေါင်းညိတ်ပြကာ . . .

"ဟုတ်ပါတယ်"

"ကိစ္စရှိလို့လားဟင်"

ထိုအချိန်မှာပင် လင်းဘုန်းထွဋ်က ဘောင်းဘီအိတ်ထဲထည့်လာတဲ့ စာအိတ်လေးကိုယူ၍ . . .

"ဒါလေး ဂဂီကို ပေးချင်လို့ပါ"

ဂဂီ စာအိတ်လေးကိုကြည့်၍ ပထမတော့ ကြောင်တောင်တောင်ဖြစ်သွား၏။ ပြီးမှ သဘောပေါက်သွားကာ ပြုံးလိုက်၍ . . .

"ဒါက"

လင်းဘုန်းထွဋ်က . . .

"ကျွန်တော် . . . ကျွန်တော် ဂဂီကိုပေးတဲ့ ကျွန်တော့်ရဲ့ဟိုဟာ"

ဂဂီ မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။ ဂဂီအပြုံးကို တွေ့သွားတော့ လင်းဘုန်းထွဋ်ရင်ထဲမှာ ထိတ်ခနဲတစ်ချက်ဖြစ်ကာသွား၏။





သို့သော် ဂဂီက စာကို အသာဆွဲကာယူသွား၍ သက်ပြင်းချလိုက်မိသည်။

ဂဂီက စာကိုယူ၍ ဖင်ပြန်ခေါင်းပြန် တစ်ချက်ကြည့်သည်။ ပြီးတော့ လင်းဘုန်းထွဋ်ကို တစ်ချက်ကြည့်လိုက်၍ . . .

"ရည်းစားစာပေါ့ ဟုတ်လား . . ."

လင်းဘုန်းထွဋ်ပြုံးကျဲကျဲလေး လုပ်နေလိုက်သည်။ သူ့အမူအရာက ရှက်ကိုးရှက်ကန်းလည်းမဟုတ်၊ သိသိကြီးနှင့်မေးနေသည့် ဂဂီကို အသည်းယားသွား၍ဖြစ်သည်။

ဂဂီကတော့ ခပ်တည်တည်ပင်ရှိသည်။ ထို့နောက် စာကိုကိုင်သွား၍ ရုတ်တရက်ဆွဲဖြဲလိုက်ကာ ခပ်လှမ်းလှမ်းက အမှိုက်ပုံးထဲသွားထည့်ပစ်လိုက်သည်။

"ဟင်"

ရုတ်တရက်ဖြစ်ပေါ်လာသော ဂဂီ၏အမူအရာကြောင့် လင်းဘုန်းထွဋ် ကြောင်အမ်းအမ်းဖြစ်ကာသွား၏။ ပြီးတော့ ဂဂီကို လိုက်ကြည့်နေမိသည်။

ဂဂီရဲ့လုပ်ရပ်တွေကို အတန်းလွှတ်ချိန်ဖြစ်၍ လူတော်တော်များများ သတိထားမိသွားကြသည်။ ထို့ကြောင့် တစ်ယောက်နဲ့ တစ်ယောက် လက်တို့ပြီး တိုးတိုးတွေဖြစ်ကုန်ကြလေသည်၊

ဂဂီကတော့ ပတ်ဝန်းကျင်ကို လုံးဝမေ့သွားသူတစ်ယောက်လို လင်းဘုန်းထွဋ် ရှေ့မှာ မတ်တတ်ရပ်လိုက်၍ . . .

"ရှင်က တကယ်တမ်းကျတော့ အခွင့်အရေးသမားပဲ"

"ဘာ . . . ဘာလို့"

"ရှင့်ကို ကျွန်မက ကိုထွန်းကိုတို့ မျက်နှာကြောင့် မကောင်းတတ်လို့ မိတ်ဆွေအဖြစ် လက်ခံထားတာကို ရှင်က အခွင့်အရေးယူပြီး ကျွန်မကို ရည်းစားစာပေးတယ်ပေါ့ ဟုတ်လား . . . ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းဘုန်းထွဋ် ဂဂ်ီဖူးဆိုတဲ့ မိန်းကလေးကိုရှင်က . . . ”

စကားဆက်ပြောမလို့လုပ်ပြီးမှ ခဏရပ်လိုက်ကာ လင်းဘုန်းထွဋ်ကို ခြေဆုံးခေါင်းဆုံးတစ်ချက်ကြည့်ပြီး . . .

“သိပ်အထင်သေးတယ်ပေါ့ ဟုတ်လား”

လင်းဘုန်းထွဋ် ဘာပြန်ပြောလို့ပြောရမှန်းမသိဘဲ အံ့ဩ ဒိတ်နှင့် ကြောင်တောင်တောင်ကြီး ကြည့်နေမိသည်။ ဖြတ်သွားဖြတ်လာကျောင်းသားများနှင့် အတန်းထဲက လူတွေကလည်း ဝိုင်းကြည့်နေကြသည်။ ခင်မေဦးလည်း ရုတ်တရက်ဆိုတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ တွေတွေကြီးသာငေးကြည့်နေမိသည်။

ဂဂ်ီရဲ့မျက်နှာက တည်ငြိမ်တင်းမာနေသည်။

မျက်ဝန်းတစ်စုံက စိမ်းကားခက်ထန်ကာနေ၏။ လွန်ခဲ့တဲ့ မိနစ်ပိုင်းလောက်က ဂဂ်ီနဲ့တခြားစီပင်။ လွန်ခဲ့တဲ့မိနစ်ပိုင်းက ဂဂ်ီတာ ယုန်သူငယ်လေးလို အပြစ်ကင်းစင်လွန်းသည်။ အခု ဂဂ်ီကတော့ ရန်သူကိုရင်ဆိုင်သတ်ဖြတ်တော့မည့် ကျားရဲတစ်ကောင်လို . . .

ဂဂ်ီက လင်းဘုန်းထွဋ်ကို လက်ညှိုးတစ်ချက်ထိုးလိုက်၍ . .

“ရှင်အခု ကျွန်မရှေ့က ထွက်သွားပါ . . . ရှင်ကျွန်မအပေါ် ဒီလိုအပြုအမူမျိုးလုပ်တာ ဒါနောက်ဆုံးအကြိမ်ဖြစ်ပါစေ . . . နောက်တစ်ခါဆို ကျွန်မလုံးဝ သည်းခံမှာမဟုတ်ဘူး”

လင်းဘုန်းထွဋ် တစ်ခုခုပြောဖို့အတွက် ပါးစပ်ကို အားယူကာဟသည်။ သို့သော် သူပြောချင်သောစကားများသည် လည်ချောင်းဝမှာတင် ပျောက်ကာသွားသည်။ လူက ဝိညာဉ်နှင့်ခန္ဓာ ခဏကွဲသွားသလို ခံစားနေရပြီး မျက်ဝန်းမှာ မျက်ရည်တို့ ချက်ချင်းရစ်ဝိုင်းလာ၏။

ထိုမျက်ရည်များမှာ ရှက်ခြင်း၊ နားမလည်နိုင်ခြင်း၊ စော်ကားခံရခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာသည့် ပြယုဂ်ဖြစ်သည်။





ထို့နောက် ဂဂ်ီတို့အတန်းရှေ့မှ သူဘယ်အချိန်ထွက်လာခဲ့လဲ သူ မသိတော့။

သူ့အခန်းထဲကို ဘယ်လိုပြန်ရောက်လာလဲလည်း သူမမှတ်မိတော့။

ပြီးတော့ ဝေဖြိုးရဲ့ အမေးစကားတွေကိုလည်း သူဘာမှမကြားနိုင်တော့ပေ။

သူသိတာ တစ်ခုပဲရှိသည်။

သူအခုလောလောဆယ် သေပစ်လိုက်ချင်၏။



www.burmeseclassic.com



နှင်း . . .

နှင် ဘယ်လိုလုပ်လိုက်တာလဲ ဂဂ်ီ"

ခင်မေဦးက ဂဂ်ီကို မေးခြင်းဖြစ်၏။ သူမက ဂဂ်ီနဲ့ လင်းဘုန်းထွဋ်တို့ဖြစ်ပျက်သမျှကို ခပ်လှမ်းလှမ်းမှ အားလုံးမြင်နေရသည်။ ရုတ်တရက်ဆိုတော့ ဂဂ်ီရဲ့လုပ်ရပ်ကို သူမလည်း ကြောင်ကာ ကြည့်နေမိ၏။ သူမ အသိပြန်ဝင်လာတော့ လင်းဘုန်းထွဋ်က သူမတို့အခန်းရှေ့က ထွက်သွားပြီဖြစ်သည်။ ထို့ကြောင့် အခန်းထဲသို့ ဝင်လာသော ဂဂ်ီကို သူမကမေးလိုက်ခြင်းဖြစ်သည်။

ဂဂ်ီက ခင်မေဦးစကားကို မကြားသည့်အလား အတန်းရှေ့က ကျောက်သင်ပုန်းကြီးကို ငေးကာကြည့်နေသည်။ ပြီးတော့ မျက်လွှာချကာ သက်ပြင်းကိုပါ ချလိုက်၏။

ခင်မေဦးက . . .

"ဟဲ့ . . . ငါမေးနေတာဖြေလေ . . . ဘာငေးနေတာလဲ"

ဂဂ်ီက ခင်မေဦးဘက်ကို တစ်ချက်လှည့်ကာကြည့်သည်။ ခပ်တွေတွေလေးကြည့်ခြင်းဖြစ်သည်။ ပြီးတော့ . . .

"နှင် ငါ့ကို အပြစ်တင်ချင်လို့လား"

ခင်မေဦးက . . .





"ငါနှင့်ကို အပြစ်တင်တာထက် ဘယ်လိုပြောရမှန်းမသိတော့တာ ခက်တယ် . . . နှင်ဘယ်လိုလုပ်လိုက်တာလဲ ဘယ် . . . ဟိုက နှင့်ကိုစာပေးတယ်ဆိုတာ နှင့်ကို ကာယကံရှင်ပျက်ပြားအောင် လုပ်တာမှမဟုတ်တာ . . . ပြီးတော့ နှင်လည်း ဒီလိုစာမျိုးတွေ အပေးမခံဖူးတဲ့မိန်းမလည်း မဟုတ်ဘူး . . . နှင် သူ့ကို အဲဒီလောက်အထိ လူလယ်ခေါင်မှာ အရှက်ခွဲပစ်စရာမလိုပါဘူး"

ခင်မေဦးစကားဆုံးတော့ ဂဂ်ီက မျက်စောင်းထိုးကာ . . .

"ငါအရှက်ကွဲခံလိုက်ရတုန်းကတော့ နှင်ဘာမှ မခံစားရဘူးပေါ့"

"ဟယ် ငါပြောတာ အဲလိုမဟုတ်ဘူး . . . နှင့်တုန်းကတော့ သူက တမင်ရည်ရွယ်တာမဟုတ်ဘူးလေ . . တိုက်ဆိုင်မှုတွေကြောင့် ဖြစ်သွားရတာပဲဟာ . . . နှင်ကကျတော့ တမင်ရည်ရွယ်သလို ဖြစ်နေပြီ"

ဂဂ်ီက ချက်ချင်းပင် . . .

"နှင်က ငါ့ဘက်ကမပါဘဲ သူ့ဘက်ကပါနေတာ ပေါ့ ဟုတ်လား . . . အေးပေါ့လေ . . . နှင့်ရဲ့အမျိုးတွေနဲ့သူက သူငယ်ချင်းဆိုတော့ နှင်က သူ့ဘက်ကပါသွားပြီပေါ့"

ဂဂ်ီပုံစံက ချက်ချင်းညှိုးနွမ်းကာသွားသည်။ ခင်မေဦးကလည်း ဂဂ်ီမျက်နှာလေးကိုကြည့်ကာ စိတ်မကောင်းဖြစ်သွား၍ . . .

"နှင်ငါ့ကို အဲလိုမထင်ပါနဲ့ဟာ . . . ငါက နှင့်ဘက်ကိုမလိုက်ဘဲ သူ့ဘက်ကဝင်ပါတာမဟုတ်ပါဘူး . . . ဒါပေမဲ့ သူငယ်ချင်းရယ် ဘာပဲဖြစ်ဖြစ် ငါတို့တွေ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ပြီးသား သူတွေပါ . . . ပြီးတော့ ကိုလင်းဘုန်းထွဋ်ဆိုတာလည်း မိကောင်းဖခင် သားသမီးတစ်ယောက်ပါ . . . ပြီးတော့ နှင်သိတဲ့အတိုင်း ကိုလင်းဘုန်းထွဋ်က မိန်းကလေးကိစ္စလည်း ကင်းရှင်းတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ပါ . . . နင့်ကို တကယ်ချစ်လို့သာ သူအရဲစွန့်ပြီး လုပ်ရတာ"

ခင်မေဦးက ထိုစကားကိုပြောပြီး ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ ဂဂီလည်း တစ်စုံတစ်ရာကို စဉ်းစားနေသလို ငြိမ်သွား၍ သူတို့စကားဝိုင်းလေးသည် တိတ်ဆိတ်ကာသွား၏။

တော်တော်လေးကြာမှ ဂဂီဆီက သက်ပြင်းချသံသဲ့သဲ့ထွက်လာကာ . . .

"မတတ်နိုင်ဘူးဟာ . . . ငါလည်း ငါလုပ်ချင်တာပဲ ငါသိတယ် . . . မှန်တယ်၊ မှားတယ် မစဉ်းစားမိတော့ဘူး"

ဆိုပြီး လွယ်အိတ်ကိုဆွဲကာ ထရပ်လိုက်တော့သည်။

ခင်မေဦးက . . .

"နင် ဘယ်သွားမလို့လဲ"

"ငါ အိမ်ပြန်တော့မယ်"

"ဘာလို့လဲ"

"စိတ်ထဲမှာ ရှုပ်ထွေးနေတယ်ဟာ . . . ငါအတန်းဆက်တက်ချင်စိတ်မရှိတော့ဘူး"

ထို့နောက် ဂဂီထွက်သွားသည်။ ခင်မေဦးကလည်း မတားတော့ . . . ဂဂီစိတ်ထဲမှာ ဘာတွေဖြစ်နေမယ်ဆိုတာ သူနားလည်၍ ဖြစ်လေ၏။





## အရက်ကို

မှူးအောင်သောက်ပြီး ချူးပွဲချအောင်ငိုပစ်ရင် ကောင်းမလား စဉ်းစား၏။ ယောကျ်ားကြီးတစ်ယောက်ဖြစ်ပြီး ကောင်မလေး တစ်ယောက်ကို ရည်းစားစာပေးတာ ကောင်မလေးက မယူသွား၍ ငိုရသည်ဆိုလျှင် ကြည့်မကောင်း။ အသည်းကွဲသည်ဟု အကြောင်းပြပြီး သောက်လျှင်ကော . . .

ဒါလည်း အဓိပ္ပာယ်သိပ်မရှိလှ . . .

အသည်းကွဲရအောင် သူနဲ့ဂဂီက ရည်းစားတွေလည်း မဟုတ်ပေ။ ရည်းစားအချင်းချင်း ပြတ်ကြစဲကြမှ အသည်းကွဲသည်ဟု ဆိုလို့ရသည်။ အခုတော့ ဘာကြီးမှန်းမသိ။

သို့သော် တစ်ခုတော့ရှိသည်။

ဂဂီသူ့အပေါ် အဲဒီလောက်အထိ မဆက်ဆံလိုက်သင့်ဘူးဟု ထင်သည်။ ပြီးတော့ ဂဂီကို သူက အော်ကြီးဟစ်ကျယ်လုပ်ပြီး စာလိုက်ပေးခြင်းလည်း မဟုတ်သလို၊ လူလယ်ခေါင်မှာ သိသိသာသာ ကျွန်တော့်ပျက်လောက်အောင် လိုက်လုပ်ပြီး အတင်းအဓမ္မ လိုက်ပေးခြင်းလည်းမဟုတ် . . .

ဒါကို ဘာကြောင့် ဒီလိုဆက်ဆံလိုက်ရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူမစဉ်းစားတတ် . . .

သူသိတာတစ်ခုတော့ရှိသည်။

ဂင်္ဂါသူ့ကို နာနာကြည်းကြည်းဖြစ်သွားတာတော့ ကျိန်းသေပင်။ ဂင်္ဂါသူ့ကိုကြည့်သည့် အကြည့်၊ ပြီးတော့ ပြောလိုက်သည့် စကားဒါတွေက နားမလည်နိုင်လောက်အောင် ရင့်သီးလွန်း၏။

ဆိုသို့တွေးနေစဉ် ဝေဖြိုးနဲ့ထွန်းကို သူ့အိမ်သို့ ရောက်လာသည်။ အိပ်ရာပေါ် ခွေနေတဲ့သူ့ကို အတင်းဆွဲထူကာ ရေချိုးခိုင်း၏။ သူတို့လည်း ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို သိပြီးသားဖြစ်နေ၍ အားပေးနှစ်သိမ့်ရန်လာခြင်းဖြစ်နိုင်သည်။

သူလည်း တစ်နေ့လုံး အခန်းအောင်းနေ၍ ငြီးစီစီကြီးဖြစ်နေသောကြောင့် ရေချိုးကာ အဝတ်အစားလဲလိုက်သည်။ အဝတ်အစားလဲပြီးတော့ သူ့ကို ဘီယာဆိုင်သွားဖို့ခေါ်ကြသည်။ သူကလည်း မငြင်းမိပါ။ အရင်ကတည်းက စိတ်ညစ်နေ၍ ခေါင်းစဉ်တစ်ခုတပ်ကာ အရင်သောက်ဖို့ စဉ်းစားနေသူဖြစ်၍ ဒီကောင်တွေခေါ်ရာသို့ လိုက်ခဲ့ပါတော့သည်။

အတန်အသင့် အေးချမ်းတိတ်ဆိတ်ပြီး စကားပြောလို့ကောင်းသည့် ဆိုင်လေးသို့ သူတို့ထွက်လာကြသည်။ ဆိုင်ရောက်တော့ ဝေဖြိုးက ဘီယာတစ်ဂျားနှင့် မြည်းဖို့ အကြော်အလှော်လေးများမှာလိုက်သည်။ ဘီယာဂျားရောက်လာတော့ သုံးခွက်ထည့်လိုက်တာ အရင်ဆုံးချီးယားစ်လုပ်လိုက်ကြ၏။ တစ်ငုံစီသောက်ပြီးတော့ ဝေဖြိုးက စကားဝိုင်းကို စလိုက်သည်။

"ဒီလောက်လည်း စိတ်ပျက်ပြီး အိမ်ထဲမှာ အောင်းမနေပါနဲ့ကွာ . . . ဒါမျိုးက ဖြစ်တတ်ပါတယ်"

သူကမှ ပြန်မပြောမိ။ ဝေဖြိုးကပင် ဆက်ပြောသည်။

"မင်းက အတွေ့အကြုံမရှိတော့ ခံလိုက်ရတာပေါ့ . . .





အမှန်တော့ မိန်းမတွေဆိုတာ ခန့်မှန်းရခက်တယ်ကွ . . . ရာသီဥတုကပဲ ခန့်မှန်းလို့ရသေးတယ် . . မိန်းကလေးတွေစိတ်က ခန့်မှန်းလို့မရဘူး"

လင်းဘုန်းထွဋ် သက်ပြင်းကိုချလိုက်ကာ . . .

"သူငါ့ကို လက်မခံနိုင်ဘူးဆိုရင်လည်း အေးအေးဆေးဆေးငြင်းပေါ့ကွာ . . . အခုတော့ သူ့အတန်းရှေ့မှာ ငါ့ကို . . ."

သူစကားပြောရင်း ဆို့နစ်လာ၍ စကားကို ရပ်လိုက်၏။ ပြီးတော့ ခေါင်းကိုခါကာ ဘီယာကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ခဏကြာမှ . . .

"ငါ့ကို သူတစ်ခုခု နာကြည်းနေပုံရတယ်လို့ ငါထင်တယ်"

ထွန်းကိုက အဲဒီတော့မှ စကားဝိုင်းထဲဝင်လာ၍ . . .

"အဲဒါကိုတော့ ငါတို့လည်း စဉ်းစားမိတယ်ကွ . . . အင်း . . . မင်းအရင်က သူ့ကို ဘာတွေများ သွားလုပ်ဖူးလဲ"

"ဟာ . ငါဘာမှမလုပ်ဖူးပါဘူး"

အားလုံးခဏငြိမ်သွားကြသည်။ ခဏကြာမှ ထွန်းကိုမေးလိုက်တဲ့ စကားကို လင်းဘုန်းထွဋ်က တစ်ခုသတိရသွားဟန်နှင့် . . .

"တစ်ခုတော့ရှိတယ်ကွ . . . အဲဒီကိစ္စကိုလည်း မင်းတို့သိပြီးသားပါ . . . သူနဲ့ငါနဲ့ ဟိုတစ်ခါ စစခြင်းတွေ့တုန်းက ပြဿနာတက်ဖူးတယ်ဆိုကာလေ . . . အဲဒီတုန်းကတော့ ငါလည်း ထူပူနေတာနဲ့ ပေါက်ကရတွေဖြစ်သွားမိတယ်"

ဝေဖြိုးက စားပွဲကိုလက်ဝါးနဲ့ တစ်ချက်ရိုက်လိုက်ကာ . . .

"အဲဒါကြောင့် ဖြစ်နိုင်တယ် လင်းဘုန်းထွဋ် . . အဲဒီတုန်းကငါလည်းပါတော့ ငါအဲဒီကိစ္စကို သိနေတယ် . . . မင်းနဲ့သူနဲ့ ပြဿနာဖြစ်တော့ ဘေးကလူတွေ ဝိုင်းကြည့်နေကြတယ်လေ . . . အဲဒီအချိန်မှာ သူတကယ်ရှက်သွားတာတော့ သေချာတယ် . . . မင်းကသာ



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွေးနဲ့မင်း မွှန်ပြီး သူ့ကို သတိမထားမိလို့ကွ . . . ငါတွေ့ရသလောက် သူ့မျက်လုံးမှာ မျက်ရည်တွေတောင် ဝေ့လာတာ တွေ့ရတယ်"

လင်းဘုန်းထွဋ် တစ်ချက်စဉ်းစားသွားသည်။ ခဏကြာတော့မှ . . .

"ငါသူ့ကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး တောင်းပန်ပြီးသွားပါပြီ . . . သူကလည်း ရပါတယ်တဲ့"

"ဟ . . . ရပါတယ်ပြောတိုင်း အငြိုးတစ်ခုဆိုတာ ပြေလည်သွားတာမှ မဟုတ်တာကွ . . . သူ့စိတ်ထဲမှာ အခွင့်ကြုံရင် ပြန်လက်စားချေဖို့ ပြင်ဆင်ထားမှာပေါ့"

လင်းဘုန်းထွဋ်က သက်ပြင်းတိုချသည်။

"အဲဒီအတွက် ငါ့ကို ပြန်လုပ်တာဆိုရင်တော့ ငါကံဆိုးတာပဲကွာ . . . ဒါပေမဲ့ ငါသူ့ကို စိတ်ဆိုးလို့ကိုမရဘူးဖြစ်နေတယ် . . . အခုလိုဖြစ်ပြီးမှ သူ့ကိုငါ ပိုတောင်ချစ်လာသေးတယ် . . . ပြီးတော့ ပိုပြီးတွေ့ချင်လာတယ် . . . ဘယ်လိုလုပ်ရမှန်းမသိတော့ဘူးကွာ . . . ငါသူ့ကို သိပ်ချစ်သွားပြီ"

လင်းဘုန်းထွဋ်ရဲ့ ခံစားချက်ကို နှစ်ယောက်စလုံး နားလည်ကြ၍ ငြိမ်နေလိုက်ကြသည်။ လင်းဘုန်းထွဋ်ကလည်း ဘာမှဆက်မပြောတော့ပေ။ ချထားတဲ့ ဘီယာဂျားထဲက တစ်ခွက်ထပ်ငှဲ့ကာ သောက်လိုက်၏။

ထွန်းကိုက ဝင်၍ . . .

"သူ့ကို တွေ့ချင်ရင် ကျောင်းကိုသွားတွေ့ပေါ့ကွ"

"ဟာ အဲဒီကိစ္စကတော့ မဖြစ်နိုင်တော့ဘူး . . . ငါသူ့အတန်းရှေ့ကို ဘယ်လိုမျက်နှာနဲ့ သွားရမှာလဲ"

အဲဒါကလည်း ဟုတ်နေ၍ ထွန်းကိုပါးစပ်ပိတ်ကာသွား





သည်။ ဂျော်ဖြိုးက မေးစေ့ကိုလက်နဲ့ပွတ်၍ တစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားနေ၏။ တော်တော်လေးကြာမှ လက်ခုပ်တစ်ချက်တီးလိုက်ကာ . . .

"ဟုတ်ပြီ . . . ငါတစ်ခုစဉ်းစားမိတယ်"

"ဘာလဲ"

"မိန်းမဆိုတာ သနားတဲ့စိတ်ကို သူများတွေထက်ပိုထားတတ်ကြတယ်ကွ"

"ဟာ . . . သူ မသနားတတ်လို့ ငါ့ကို ဒီလိုလုပ်လွှတ်လိုက်ပါတယ်ဆိုမှ"

"ငါပြောတာအဲဒါမဟုတ်ဘူးလေ . . ငါ့စကားကို ဆုံးအောင်နားထောင်ပါဦး . . . ဒီလိုကွ"

ဟု အစချီကာ သူ့အကြံကိုပြောပြသည်။ သူပြောသည့် ဇာတ်လမ်းသည် ရှုပ်ရှင်အန်သည်။

ဂဂ်ီဖြူးရဲ့ အိမ်အဝင်အထွက်ကိုလေ့လာရမည်။ ဒါ့ဘာလုပြေးဖို့မဟုတ်ပါ။ သူမ ကျောင်းအားချိန်များတွင် ဘယ်အချိန်အိမ်ထဲကအိမ်ပြင်ထွက်တတ်သနည်းဆိုတာကိုဖြစ်သည်။

ထိုအချိန်တွေကို လေ့လာပြီးဘာလုပ်ဖို့လဲ အကြံရှိသည်။

လူနှစ်ယောက်က လူပြတ်ချိန်တွင် ဂဂ်ီဖြူးကို ဝင်ရောက်နှောင့်ယှက်ရမည်။ အခြေအနေပေးလျှင် ဆွဲလားရမ်းလားလုပ်ပစ်ရမည်။ ထိုအချိန် လင်းဘုန်းထွဋ်က ရောက်လာမည်။ ဘိုလူဆိုးသုံးယောက်လောက်နဲ့ လင်းဘုန်းထွဋ်နဲ့ အပြန်အလှန်ထိုးကြကြိတ်ကြရင်း ရှုန်းရင်းဆန်ခတ်ဖြစ်သွားရမည်။

ထိုသို့ ရှုန်းရင်းဆန်ခတ်ဖြစ်နေစဉ် တစ်ယောက်က လမ်းဘေးမှာကျနေသည့် တုတ်တစ်ချောင်းနှင့် လင်းဘုန်းထွဋ်ကို ရိုက်ပစ်လိုက်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လင်းဘုန်းထွဋ်လဲကျသွားပြီး ကုန်းရုန်းပြန်ထကာ ဘာပ်ချမည်။

နောက်ဆုံးတော့ ဇာတ်လမ်းသဘောအရ ရွှေဘကသာ နိုင်သွားလေသည်။ သို့သော် ဇာတ်ရိုက်လေးနာအောင် လင်းဘုန်းထွဋ်က ဂင်္ဂါအန္တရာယ်ကင်းရှင်းသွားပြီလည်းသိရော စိတ်ချသွားသည့် အမူအရာနှင့် စိတ်လျှော့လိုက်စဉ် တစ်ခါတည်း ပုံလျက်မေ့လဲသွားရမည်။

ထိုအချိန် ဝေဖြိုးတို့က အံကိုက်ရောက်လာကာ လင်းဘုန်းထွဋ်ကို အိမ်ခေါ်သွား၊ အိမ်ရောက်တော့ လင်းဘုန်းထွဋ်က သတိရလာကာ အိပ်ရာထဲက မထနိုင်။

အဲဒီတော့ ဂင်္ဂါက သနားသွားပြီး လာပြုစုပေးရင်းအရင်က ဖြစ်ပျက်ခဲ့တာတွေကို လင်းဘုန်းထွဋ်က တောင်းပန်၊ ဂင်္ဂါကလည်း သူမှားသွားကြောင်းဝန်ခံ၍ ဇာတ်လမ်းက အဲဒီမှာထွင် ပြတ်ပြီ။

နောက်ဆုံး လင်းဘုန်းထွဋ်နဲ့ ဂင်္ဂါတို့ချစ်ကြလေသတည်း။

ဝေဖြိုးစကားဆုံးတော့ လင်းဘုန်းထွဋ်က ဖြစ်ပါ့မလားကွာ ဟုဆို၏။ ထွန်းကိုကတော့ ဘာမှမပြော၊ ဆိတ်ဆိတ်နေသည်။

နောက်ဆုံးတော့ ဝေဖြိုးက သူဒီကိစ္စကို အားလုံးစီစဉ်မည်၊ မီးစဉ်ကြည့်ကရန်သာ လင်းဘုန်းထွဋ်အား ပြောလိုက်သောကြောင့် လက်ခံလိုက်လေသည်။

ထွန်းကိုကတော့ ဒီလိုကိစ္စမျိုးတွေ သိပ်မကျွမ်း၍ အကူအညီ လိုရင်ပြောပါဟုသာ ဆိုလိုက်လေသည်။





ဦးမှာ ပထမ

ရုပ်ရှင်၊ ဗီဒီယိုနှင့်ပတ်သက်သည့် ဇာတ်ဝင်ခန်းများတွင် အသုံးပြုရန်ပစ္စည်းများ အတုလုပ်သည့်နေရာကိုစုံစမ်းရသည်။

ဥပမာ- ဖိုက်တင်ခန်းများတွင် အသုံးပြုရသည့် တုတ်အတု၊ အုတ်ခဲအတုများ ပြုလုပ်ခြင်းကိုဆိုလိုသည်။

ပထမတော့ အဆက်အသွယ်မရှိ၍ အခက်အခဲတွေ့နေရသည်။ နောက်တော့ ထွန်းကို သဘောက မိတ်ဆွေတစ်ယောက်ရဲ့ အစ်ကိုက ရှုတင်တစ်ခုမှာ မန်နေဂျာလုပ်နေ၍ ထိုကိစ္စအဆင်ပြေသွားသည်။

ထို့ကြောင့် လူရိုက်လို့ကောင်းသည့်အရွယ်လောက် တုတ်တစ်ချောင်းကို အော်ဒါမှာလိုက်သည်။ သပ်သပ်ရပ်ရပ်နှင့် တကယ့်တုတ်အစစ်နှင့် တူသည့်တုတ်ကို ပြုလုပ်ပေးပါရန်နှင့် ဘစ်ရက်နှစ်ရက်နှင့် အမြန်လိုချင်သောကြောင့် ပိုက်ဆံပိုပေးကာမှာလိုက်သည်။

နောက်တော့ လူကြမ်းကိစ္စ . . .

ထိုကိစ္စကလည်း ဝေဖြိုး အဖေ့ရဲ့အလုပ်ထဲက လူမိုက်ရုပ်ပေါက်နေသည့် ခပ်ကြမ်းကြမ်းဗလတောင့်တောင့် လူသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရွေးလိုက်၍ အဆင်ပြေတာသွားသည်။ အားလုံးပြီးသွားတော့ ဂင်္ဂါဖူ့ရဲ့ အိမ်အဝင်အထွက်ကိုလေ့လာသည်။

ဂင်္ဂါက ကျောင်းအားရက်များတွင် အပြင်သိပ်ထွက်တာ မတွေ့ရ။ အိမ်ထဲမှာပဲ အနေများသည်။ သူမတို့ နေထိုင်ရာ အိမ်ရာကလည်း လူရှင်း၍ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သည်။ ထို့ကြောင့် အနီးအနားမှာ လက်ဖက်ရည်ဆိုင်နှင့် ကားသောက်ဆိုင်တွေမရှိ၊ အိမ်သုံးပစ္စည်းလေးတွေရောင်းသော ဆိုင်တစ်ခုတလေသာ အနီးအနားမှာ တွေ့ရသည်။

ထို့ကြောင့် စာအုပ်တို့၊ ခွေတို့ ငှားချင်လျှင်လည်း လမ်းထိပ်ဘက်ထွက်ကာ ငှားရ၏။ ဂင်္ဂါကတော့ ညနေဘက်တစ်ချိန် အပြင်ထွက်တတ်တာကို သူတို့နောက်ယောင်ခံလိုက်ရင်း သိရှိရခြင်းပင်။

ထိုတစ်ချိန်သာ သူမအပြင်ကို တစ်ယောက်တည်းဖြစ်ဖြစ်၊ အိမ်က ကောင်မလေးနဲ့ဖြစ်ဖြစ် ထွက်တတ်သည်။ ကျန်တဲ့အချိန်မှာတော့ အိမ်မှာပဲ နေတာများသည်။ နေ့လယ်နေ့ခင်းထွက်ချင်ရင်လည်း ကားနဲ့ထွက်၏။

ထို့ကြောင့် သူတို့အကြံအစည်ကို အကောင်အထည်ဖော်ရန် ဂင်္ဂါ အခွေသွားငှားတဲ့အချိန်နှင့် စာအုပ်သွားအပ်တဲ့အချိန်တွေကိုသာ ရွေးချယ်လိုက်ပါတော့သည်။





# ဒီရက်ပိုင်း

အတွင်း လင်းဘုန်းထွဋ် ကျောင်းဘက်ဘာ(လ)ည်း မတွေ့ရသလို သူမဆီကိုလည်း အရင်ကလိုလာတာမတွေ့ရ၍ ဂင်္ဂါ စိတ်ထဲ တစ်မျိုးလေးဖြစ်နေသည်။ လင်းဘုန်းထွဋ် နေမှကောင်းရဲ့လားဟု တွေးမိခြင်း၊ အရှက်လွန်ပြီး ကိုယ့်ကိုယ်ကိုယ် တစ်ခုခုများ ကြံစည်လိုက်ပြီလားဟု တွေးမိခြင်း စသည့်အတွေးတို့ ခေါင်းထဲကို တစ်ခါတစ်ခါ ဝင်ရောက်လာသည်။

ထိုသို့တွေးမိတိုင်းလည်း စိတ်မကောင်းဖြစ်ရတာ အမှန်။ သို့သော် တစ်ခုခုကိုလုပ်ချင်လျှင် မဖြစ်ဖြစ်အောင် လုပ်လိုက်ရမှုဟု မွေးကတည်းက ပါလာသောသူ့ရဲ့ဉာဉ်ကြောင့် အရာအားလုံးပြီးသွားခဲ့ပြီ။ လင်းဘုန်းထွဋ်ကို မတွေ့မိတော့လည်း သတိရမိသား။

ထို့ကြောင့် ခင်မေဦးကတစ်ဆင့် စုံစမ်းကြည့်တော့. . .

“ငါလည်း ဘာမှမကြားရဘူး . . . ကိုထွန်းကိုပြောတော့ ကိုလင်းဘုန်းထွဋ်က သူတို့ကိုလည်း အတွေ့မခံဘူးပြောတယ် . . ပြီးတော့ ပြဿနာဖြစ်ပြီး နောက်တစ်ရက် အမြင်းဖျားပြီး သတိတွေဘာတွေတောင် လစ်သွားတယ်ဆိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



အမှန်လည်း ထွန်းကိုတို့ဘက်က ထိုသို့သတင်းလွှင့်ထားခြင်း ါ။ ဒါကို ခင်မေဦးကလည်း သူသိလောက် ဂဂီကိုပြန်ပြောပြ၏။

ဂဂီထိုသတင်းကိုကြားတော့ စိတ်မကောင်းတော်တော်ဖြစ် သွားသည်။ ထို့ကြောင့် တစ်နေ့လုံး ငူငူငေါင်ငေါင်ကြီး ဖြစ်နေမိ၏။ ခင်မေဦးက ဂဂီကိုကြည့်၍ . . .

"နင်က အခုမှ ဘာဖြစ်နေတာလဲ . . . နင်ပဲ မုန်းလို့လုပ် ပြီးမှ သူ့ဘာသာသူ သေပါစေပေါ့"

ခင်မေဦးပြောတော့ . . .

"ငါက သူ့ကိုမုန်းတော့ မမုန်းပါဘူးဟယ် . . . ငါ့တုန်းကလို ပြန်ခံစားစေချင်လို့ လုပ်လိုက်တာပါ . . . အခုလိုဖြစ်သွားမယ် မ ထင်ဘူး . . . ဘာလို့လဲဆိုတော့ ငါ့တုန်းကလည်း အဲဒီလိုမှမဖြစ် ခဲ့တာ . . . သူ့ကို စိတ်နာကြည်းသွားတာပဲရှိတာ"

"ဟဲ့ အခြေအနေချင်းက တူမလားဟဲ့ . . . နင်နဲ့ဖြစ်တုန်းက နားလည်မှုတွေလွဲပြီး ဖြစ်သွားတဲ့ကိစ္စလေ . . . ဒါက အတည်ဖြစ် သွားတဲ့ကိစ္စ . . ရင်ထဲမှာဖြစ်ပေါ်လာတဲ့ ခံစားချက်ချင်းက တခြား ပဲ"

ခင်မေဦးပြောတာမှန်သည်။ လင်းဘုန်းထွဋ် တကယ်ခံစား သွားရတာသေချာသည်။ သူလည်း စိတ်မကောင်းဖြစ်မိသည်။ အ ဘယ်၍သာ ကျောင်းတွေဘာတွေ ဆက်မတက်တော့ရင် ဘယ်လိုလုပ် ခလဲ

ဂဂီသက်ပြင်းချမိ၏။ တစ်ရက်ရက်တော့ ကိုဝေဖြိုးဆီ သေ ချာသွားပြီး သတင်းမေးဦးမှဟု စိတ်ထဲတွေးထားလိုက်တော့၏။





ဒီရက်ပိုင်း

အတွင်း သူတို့ပြုလုပ်မည့် အကြံအစည်များ အကောင် အထည်ဖော်နေရ၍ သူတို့ကျောင်းသို့ မရောက်ဖြစ်ကြခြင်း ဖြစ်သည်။ ထွန်းကိုထံမှတစ်ဆင့်တော့ လင်းဘုန်းထွဋ်အကြောင်းကို စုံစမ်းတာ တော့ သိသည်။ ထို့ကြောင့် ထွန်းကိုက ခင်မေဦးကို လင်းဘုန်းထွဋ် အကြောင်း ပိုပိုသာသာလျှောက်ပြောထားခြင်းဖြစ်သည်။

ဒီနေ့ကျောင်းအားရက်ဖြစ်၍ သူတို့ ဂဂီနေထိုင်သည် အိမ် ရာဘက်ထွက်လာခဲ့သည်။ လူကြမ်းနေရာတွင် သရုပ်ဆောင်ရမည့် လူကြမ်းသုံးယောက်ကလည်း ပါလာ၏။

ထိုသူတွေက လူမိုက်ရုပ်တွေသာ ပေါက်နေကြသော်လည်း စိတ်သဘောကောင်းသူများဖြစ်သည်။ ဝေဖြိုးတို့အဖေလုပ်ငန်းတွင် အရင်ကတည်းက သစ္စာရှိစွာ တာဝန်ထမ်းဆောင်လာကြသူများဖြစ် ၏။ ထို့ကြောင့် ဒီကိစ္စမှာ ဝေဖြိုးအကူအညီတောင်းမှုကြောင့် ဝင် ရောက်ကူညီပေးကြခြင်းပါ။ ဒါတောင် စိတ်ကတစ်ရွံ့ရွံ့နှင့် . . .

"ဖြစ်ပါ့မလားကွာ . . . တော်ကြာ မင်းတို့ရောက်မလာခင် ရှယ်ကွက်ကတွေ့ပြီး ဆွမ်းကြီးဝိုင်းလောင်းလိုက်လို့ ငါတို့ဒုက္ခရောက် နေပါဦးမယ်"

www.burmeseclassic.com



"စိတ်ချပါ အစ်ကိုတို့ရာဖြစ်ပါတယ် . . . ကျွန်တော်တို့ ပတ်ဝန်းကျင်ကို လေ့လာထားမှာပါ . . . ပြီးမှ အစ်ကိုတို့နောက်မှာ ကျွန်တော်တို့ရှိမှာပါဗျ"

ထို့နောက်ပါလာတဲ့ တုတ်ကိုမေးသည်။ မနေ့က ညနေက တည်းက တုတ်အတုလုပ်သည့်နေရာမှာ သွားယူလာခဲ့သော သူက တုတ်ကို ထုတ်ပေးသည်။

တုတ်ကို ဝေဖြိုးက ကိုင်ကြည့်လိုက်ပြီး . . .

"အားပါးပါး တယ်တူပါလား . . အစစ်နဲ့ တစ်ထပ်ထည်းပဲ"

"ဒါကြောင့်လည်း ရုပ်ရှင်တွေထဲမှာ ရိုက်တဲ့၊ ပုတ်တဲ့ အခန်းတွေ ပီပြင်တာပေါ့ကွ"

ဝေဖြိုးက . . .

"ဟုတ်မယ်"

ဆိုပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"အစ်ကိုတို့ ရိုက်ရင် တကယ်ပီပြင်အောင် အားနဲ့ လွှဲရိုက်ပစ်သိလား . . . ဒီတုတ်က အားနဲ့ရိုက်ရင် ဖြောင်းခနဲ ကျိုးသွားရောလို့ လုပ်တဲ့ လူကပြောတယ် . . . လူလည်း မနာဘူးတဲ့ . . . ပြီးတော့ အဲဒီလိုကျိုးသွားတော့ ပိုပြီး ပီပြင်တာပေါ့"

လင်းဘုန်းထွဋ်ကတော့ တုတ်ကိုကြည့်ကာ ကံတွေးကို တစ်ချက်မျှချလိုက်သည်။

ဒီလိုတုတ်မျိုးအစစ်နဲ့သာ ရိုက်ခံလိုက်ရရင်ဆိုပြီး တွေးလိုက်မိ၍ဖြစ်၏။

ထို့နောက် သူတို့စီစဉ်ထားသည့်အတိုင်း တုတ်ကို အခင်းဖြစ်ပွားမည့်နေရာလောက်က ဓာတ်တိုင်တစ်ခုတွင် ဝေဖြိုးက သွားထောင်ထားလိုက်သည်။ ပြီးတော့ သူနဲ့ ထွန်းကိုက ကိုယ်ယောင်ဖျောက်ထားလိုက်ကြ၏။ လင်းဘုန်းထွဋ်ကတော့ အကွယ်တစ်ခုမှာ





ချောင်း၍ ကြည့်နေလိုက်မိသည်။ လူကြမ်းသုံးယောက်ကလည်း အဆင်သင့်။

သိပ်မကြာလိုက်ပါ ဂဂီဖူး သူမ အိမ်မှ ထွက်လာ၏။ သူတို့ပဲ ကံကောင်းတာလား၊ ဂဂီဖူးကပဲ ကံဆိုးတာလားတော့မသိ ဒီနေ့မှ အိမ်ကကောင်မလေးပါမလာပေ။ ပါမလာလည်းကိစ္စမရှိ ထိုကောင်မလေးက ကလေးသာသာရှိသေးသည်။

လင်းဘုန်းထွဋ်က လူကြမ်းသုံးယောက်ကို မျက်စပစ်ပြလိုက်သည်နှင့် ထိုလူသုံးယောက်က ခပ်တည်တည်နှင့် ခါးထောက်ကာ ထွက်သွား၏။

ဂဂီဖူးအနားကို ရောက်တော့ ကြိုတင်ကြံစည်ထားသည့်အတိုင်း ရုပ်ရှင်တွေထဲကလို ဘာမှမဆိုင်ဘဲ ထရယ်ပစ်လိုက်သည်။

သူမရှေ့မှာ ရုတ်တရက်ကြီးလာရယ်ပြနေသော လူသုံးယောက်ကြောင့် သူမ ကြောင်တောင်တောင်ဖြစ်ကာသွား၏။ နောက်မှ လူပေါ်တွေဟု သဘောထားကာ ဆက်သွားမလို့လုပ်သည်။ ထိုအချိန်မှာ တစ်ယောက်က . . .

"ဒီမှာမိန်းကလေး ခဏရပ်လိုက်ပါ"

အသံက ပြတ်သားကာ မာန်ပါသည်။ ဗိုလ်အောင်ဒင်က မမြဝင်းကိုပြောသည့် လေသံနှင့်တစ်ထပ်တည်း၊ ဂဂီက တစ်ချက်လှည့်ကြည့်ကာ . . .

"ဘာလဲ"

ဂဂီဖူး၏ တင်းမာနေသောမျက်နှာနှင့် အသံကြောင့် ဟိုလူနည်းနည်းတွန့်ကာသွားသည်။ ဘာဆက်ပြောရမှန်းမသိဘဲ တစ်ငေါ့ထစ်ငေါ့ဖြစ်နေ၍ နောက်တစ်ယောက်က ဝင်လိုက်ကာ . . .

"မင်းတစ်ယောက်တည်း ဒီလိုလျှောက်သွားနေလို့ ကိုကြီးတို့က စိတ်မချလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား . . . ဟား"

ထိုလူစကားအဆုံးမှာ နောက်တစ်ယောက်က အသားလွတ်ကြီး ထရယ်၍ ထိုလူက ကြောင်တောင်တောင်ကြီးဖြစ်သွားကာ ရယ်တဲ့လူကိုလှည့်ကာကြည့်သည်။ ရယ်တဲ့သူက သူ့ကို ဘုရှုံးလှည့်ရှုံးတာတွေ့ရ၍ ရယ်နေရာမှ ရုတ်တရက်ကြီး ရပ်ပစ်လိုက်ကာ ငေါင်ငေါင်ကြီးပြန်ဖြစ်သွား၏။ သူ့ခမျာ လူမိုက်ဆိုတာ ဘာမှမဟုတ်ဘဲ အသားလွတ်ရယ်ပေးနေမှရမည်ဟု တွေးထားပုံလည်းရသည်။

ထိုလူက စကားဆက်မလို့လုပ်စဉ် ဂဂ်ီဖူးက . . .

"ကျွန်မ ခြေထောက်နဲ့ ကျွန်မသွားတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ . . . ဒီလမ်း၊ ဒီနေရာကို ကျွန်မမွေးကတည်းက သွားနေကျ"

"ဒါပေမဲ့ မင်းလေးကို ငါ့ိုယ်တို့ဒီနေ့သွားခွင့်မပြုနိုင်ဘူး"

"ဘာရှင့်"

ခုနရယ်တဲ့ လူက ထပ်ရယ်မလို့လုပ်ပြီးမှ ဂဂ်ီဖူး၏ ဒေါသသံကြောင့် မရယ်ဖြစ်တော့ဘဲ တန်းလန်းကြီးဖြစ်သွားသည်။ ဂဂ်ီဖူးကလည်း ဒီလူသုံးယောက် သူမကို လာနှောင့်ယှက်နေပြီဆိုတာ သိလိုက်၍ ဒေါသထောင်းခနဲ ထွက်သွားကာ. . .

"ဩော် . . . ရှင်တို့က ဒီလိုကိုး . . . ရပာပ်လေ . . . ဒါရှင်တို့လုပ်ချင်တိုင်း လုပ်လို့ရမယ်ထင်လား . . . ကျွန်မတစ်ချက်အော်လိုက်တာနဲ့ ဘာဖြစ်သွားမယ်ထင်လဲ"

ထိုသို့ပြောလည်းပြော၊ အော်မလို့ပြင်ပြီးမှ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်စဉ် သုံးယောက်ထဲက တစ်ယောက်က သူမဟန်အမူအရာကိုကြည့်၍ လန့်သွားကာ . . .

"ခ . . . ခဏလေး . . . အော်ပါနဲ့ဦး"

အော်တော့မယ့်လူကို မအော်နဲ့လို့ တားတာလည်း မဟုတ်မအော်ပါနဲ့ဦးဆိုတော့ သူမ ရုတ်တရက်ကြောင်သွား၏။

ဇော်ဝင်းမြို့မ စာအုပ်တိုက်



ထိုလူက သူ့စကားကို ချက်ချင်းပြင်လိုက်ကာ . . .

"ဟို . . . ဟိုဟာ အော်ရင် ဘာဖြစ်သွားမယ်ထင်လဲလို့ပြောတာပါ"

သူမကလည်း . . .

"ဘာဖြစ်သွားမလဲ"

ထိုအချိန်တွင် အောင်မြင်ခံ့ညားသော အသံတစ်သံ ထွက်လာပါတော့သည်။

"ကောင်မလေးကို လွှတ်လိုက်"

တို့ရွှေဘတော့ လာချေပြီ . . သူကတော့ လင်းဘုန်းထွဋ် . .



www.burmeseclassic.com

www.burmeseclassic.com



## ဂင်္ဂါ

လင်းဘုန်းထွဋ်ကို ရုတ်တရက်တွေ့လိုက်ရတော့ ပထမအံ့သြကာသွားသည်။ နောက်တော့ ဝမ်းသာကာသွား၏။

ဝမ်းသာရခြင်းမှာ နှစ်ချက်ရှိသည်။ ပထမတစ်ချက်က . . . ဒီလိုအခက်အခဲဖြစ်နေတဲ့ အချိန်မှာ တွေ့လိုက်ရ၍ ဖြစ်ပြီး ဒုတိယတစ်ချက်က သူမစိတ်ထဲမှာလည်း လင်းဘုန်းထွဋ်ကို တွေ့ချင်နေသောကြောင့်ဖြစ်၏။

လင်းဘုန်းထွဋ်က ခပ်တည်တည်နှင့် ဝင်လာ၍ ဂင်္ဂါကိုတွေ့တော့မှ အခုမှတွေ့သလိုနှင့် . . .

“ဩော် ဂင်္ဂါဘာဖြစ်တာလဲ”

ဂင်္ဂါက . . . .

“ဒီလူတွေ ကျွန်မကို”

ဂင်္ဂါစကားမဆုံးလိုက် လင်းဘုန်းထွဋ်က လက်ကာပြကာ . .

“ကိုယ်သဘောပေါက်တယ် . . . ကိုယ်အစောကြီးကတည်းက လှမ်းမြင်လို့ဝင်လာတာ . . . ကဲ ခင်ဗျားတို့က ဘယ်ကလဲ”

ထိုလူသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်





လိုက်သည်။ ပြီးတော့ လင်းဘုန်းထွဋ်ကိုပြန်ကြည့်ကာ . . .

“ဒီမယ်မောင်ရင် . . . ကိုယ်နဲ့မဆိုင်ရင် ဝင်မပါနဲ့ . . . ကိုယ့်လက်သီးက လူမရွေးဘူး”

လင်းဘုန်းထွဋ်က ဇာတ်တိုက်ထားသည့်အတိုင်း အရင်စထိုး၏။ လက်သီးက မျက်နှာနားမရောက်ခင်မှာပင် ထိုလူက အလိုက်သင့် လှဲချပေးလိုက်သည်။ နောက်တစ်ယောက်က လင်းဘုန်းထွဋ်ကို ဝင်ထိုးသည်။ လင်းဘုန်းထွဋ် ရှောင်ကာပေးလိုက်သည်။

ဒီလိုနဲ့ တစ်ယောက်တစ်ပြန် ထိုးကြရင်း တစ်ယောက်က ဓာတ်တိုင်အောက်မှာ ကြိုတင်စီစဉ်ကာ ထောင်ထားသောတုတ်ကို ပြေးဆွဲကာ လင်းဘုန်းထွဋ်ကို ပြေးရိုက်တော့သည်။

“ဒေါင်”

လင်းဘုန်းထွဋ် ရုတ်တရက်ဆိုတော့ ညာဘက်ခေါင်းတစ်ခြမ်းလုံး ပူခနဲဖြစ်သွား၏။ ထို့နောက် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားကာ မျက်စိနှစ်လုံး ရုတ်တရက်ပြူးထွက်သွားသည်။

အစစ်။ တုတ်က တကယ့်တုတ်အစစ်၊ ရေဘောင်မရော။ လင်းဘုန်းထွဋ်ရိုက်တဲ့လူကိုလှည့်ပြီး အသိပေးမလို့လုပ်စဉ် ထိုသူက သူ့လက်ထဲကတုတ်က မကျိုး၍ ခပ်ပြင်းပြင်း နောက်တစ်ချက် ထပ်တီးပေးလိုက်သည်။

“ဖြောင်း”

“အင့်”

ဒီတစ်ချက်က အားပါသည်။ ရိုက်ချက်ပြင်း၏။ တုတ်က ဖွာခနဲဖြစ်သွားကာ ဖျောင်းခနဲကျိုးသွားတော့သည်။ ထိုအချိန်ကျမှ ရိုက်လိုက်တဲ့လူက သူ့တာဝန်ကို သူကျေပွန်စွာ ထမ်းဆောင်နိုင်သူလို ကျိုးသွားသောတုတ်ကိုကြည့်၍ ကျေနပ်စွာပြုံးလျက် . . .

လင်းဘုန်းထွဋ်ကတော့ မြေပြင်မှာ မှောက်လျက်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတော့ ကြိုတင်စီစဉ်ထားသည့်အတိုင်း ပြန်ထလာ ချည်ထင်၍ အသင့်အနေအထားပြင်ဆင်ထားသည်။ သို့သော် လင်းဘုန်းထွဋ်ခမျာ တုတ်တုတ်မျှမလှုပ်တော့ပေ။ ခဏကြာတော့ ချုံစောင်းမှာ သွေးတွေစီးကျလာတာကိုကြည့်၍ . . .

"ဟင်"

သုံးယောက်လုံး မျက်လုံးပြူးသွားသည်။ ရိုက်လိုက်တဲ့လူက သူလက်ထဲကိုင်ထားသည့် တုတ်အပိုင်းကို မယုံသင်္ကာကြည့်၍ ကိုယ့်ခေါင်းကိုရိုက်ကြည့်၏။

"ဟာ . . . ဒါ . . . ဒါ . . . အ . . . အစစ်"

"ဟော"

ထိုလူပြောစကားကြားတော့ ကျန်တဲ့နှစ်ယောက် ပြာသွားသည်။ ရိုက်လိုက်တဲ့လူက တုတ်ကိုပစ်ချလိုက်သည်။ သူတို့ခမျာထွက်ပြေးရနိုးနိုး၊ လင်းဘုန်းထွဋ်ကိုပဲ ပြေးပွေ့ရနိုးနိုး၊ ဗျာတွေများသွားသည်။

ထွက်ပြေးရအောင်လည်း တကယ်ဖြစ်ကြတာမဟုတ်၍ လင်းဘုန်းထွဋ်ကို ဒီအတိုင်းမထားခဲ့နိုင်။ ဆက်နေရအောင်လည်း ပြဿနာက ပေါ့သေးသေးမဟုတ်။

ဂဂ်ီဖူးကတော့ အရာအားလုံးကို ကြောင်တက်တက်လေး ကြည့်နေရင်းမှာ မြေပြင်ပေါ် မှောက်လျက်ကြီး ပြုတ်ကျသွားသော လင်းဘုန်းထွဋ်ကိုကြည့်၍ အသိဝင်လာကာ . . .

"လာကြပါဦးရှင့် . . . ဒီမှာ လူသတ်နေလို့ပါ . . . လာကြပါဦး"

ဟု ထအော်သည်။

"ဟာ မအော်ပါနဲ့ မမလေးရယ် . . ကျွန်တော်တို့ကတကယ့်လူဆိုးတွေ မဟုတ်ပါဘူးဗျာ . . . ဒီက အစ်ကိုလေးနဲ့ သိပါတယ်"





"ဘာရှင့် သူနဲ့သိရင် သူ့ကိုရိုက်ရစရာလား"

"ဟုတ်ပါတယ် အစ်မလေးရယ် ရိုက်ရတာကလည်း သူက ရိုက်ခိုင်းလို့ပါ"

ဂဂ်ီက ခေါင်းကိုချာခနဲ ခါလိုက်ကာ . . .

"လူတစ်ယောက်လုံးကိုရိုက်ပြီးမှ သွေးရူးသွေးတန်း လျှောက်ပြောမနေနဲ့ ရှင်တို့ကို တရားစွဲမယ်"

ဂဂ်ီက ပြောလည်းပြော၊ ထပ်အော်မလို့ဟန်ပြင်ရင်း လဲကျသွားသော လင်းဘုန်းထွဋ်ကို ပြေးပွေ့သည်။

ထိုအချိန်မှာ ဝေဖြိုးနှင့် ထွန်းကိုက ပုန်းနေရာမှ ပြေးထွက်လာကြသည်။ ထိုနေရာရောက်တော့မှ အခြေအနေကို ရိပ်မိသွားကာ . . .

"ဘယ်လိုဖြစ်တာလဲ"

ဟိုသုံးယောက်ကလည်း မျက်နှာငယ်လေးတွေနှင့် . . .

"ကျွန်တော်တို့လည်း မပြောတတ်တော့ပါဘူး . . . ညီလေးရယ် . . . တကယ်ရိုက်လိုက်တော့ အစစ်ကြီးဖြစ်နေတယ်"

ဝေဖြိုးနဲ့ ထွန်းကိုက လင်းဘုန်းထွဋ်ကို ပွေ့ကာ နှိုးကြည့်သည်။ လင်းဘုန်းထွဋ်က တုတ်ဝ,ဝ,မျှမလှုပ် . . . ဂဂ်ီက လူဆိုးတွေနှင့် ဝေဖြိုးတို့ အပြန်အလှန်ပြောနေကြတာတွေကို နားမလည်နိုင်စွာ ကြည့်နေ၍ ထွန်းကိုက . . .

"ဂဂ်ီ အခုနားလည်မှာမဟုတ်သေးဘူး . . . နောက်မှ အစ်ကိုတို့ရှင်းပြပါရစေ . . . အခုလောလောဆယ် လင်းဘုန်းထွဋ်ကို ဆေးခန်း အမြန်ပို့ဖို့လိုတယ်"

ဟုဆိုကာ လင်းဘုန်းထွဋ်ကို အားလုံးဝိုင်း,မ၍ ကားပေါ် တင်လိုက်ကြတော့သည်။

ဂဂ်ီလည်း လင်းဘုန်းထွဋ်အတွက် စိတ်ပူပန်စွာ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါလာတော့၏။ သို့သော် ဂဏီအခုထိဘာကိုမှ သဘောမပေါက်သေး။ ခုန လူဆိုးသုံးယောက်က အခုတော့ သေတော့မလို မျက်နှာလေးတွေနှင့် လင်းဘုန်းထွဋ်အတွက် စိုးရိမ်နေကြသည်။

ပြီးတော့ ထွန်းကိုနှင့် ဝေဖြိုးတို့ကိုလည်း အသိအကျွမ်းတွေလို စကားတွေပြောနေသေး၏။

ဘာတွေလဲ . . . .





## သတိရခြင်း

အရင်ဆုံး ရှုရှိုက်မိတာ အရက်ပြန်နံ့ဖြစ်သည်။ ပြီးတော့ ခေါင်းတစ်ခြမ်းက ထူထူကြီးဖြစ်နေသည်။ မျက်လုံးကို အသာဆွဲဖွင့်ကြည့်လိုက်တော့ သူ့ကို စိုးရိမ်သည့် မျက်နှာလေးတွေနှင့် ဝိုင်းကြည့်နေသော သူငယ်ချင်းတွေနှင့် လူကြမ်းသုံးယောက်ကို တွေ့ရ၏။ သူ ထမလို့လုပ်လိုက်စဉ် ခေါင်းထဲက စစ်ခနဲဖြစ်သွား၍ လှမ်းကိုင်လိုက်ရာ ပတ်တီးကို တွေ့လိုက်ရလေသည်။

"မထနဲ့ဦး လင်းဘုန်းထွဋ် . . . မင်းခေါင်းက ချုပ်ရိုးက နာနေမှာပေါ့"

"ချုပ်ရိုးဟုတ်လား"

"အေး . . . ဟုတ်တယ် . . . ခြောက်ချက်တောင်ချုပ်ရတယ်"

"ဟင်"

ထိုအချိန်ကျမှ လွန်ခဲ့တဲ့ဖြစ်ရပ်တွေကို မှတ်မိသွားကာ . . .

"ငါမသိလို့တစ်ခုမေးပါဦးမယ် . . . အဲဒီတုတ်က ဘယ်လိုဖြစ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ လူကြမ်းသုံးယောက်ထဲက တစ်ယောက်က ရှေ့သို့ရှိုရှိုလေးထွက်လာကာ . . .

"ကို့အပြစ်တွေပါ ညီလေးရာ . . . အစ်ကိုက အဲဒီတုတ်ကို သွားယူပြီးတော့ အိမ်က တံခါးကြားထဲမှာ ထားထားတာ . . . ညကလည်း ဘော်ဒါတွေနဲ့တွေ့ . . . တွေ့ပြီးသောက်တာ နည်းနည်းများသွားလို့ မနက်နိုးတော့ နည်းနည်းခေါင်းနောက်နေတယ် . . . အဲဒါနဲ့ ဒီကိုလာကာနီး တံခါးသိုးတဲ့ မင်းတုန်းတုတ်နဲ့မှားပြီး ယူလာခဲ့တာပါ . . . ရုတ်တရက်ဆိုတော့ ကိုယ်လည်း မခွဲတတ်ဘူးဖြစ်သွားတယ်"

လင်းဘုန်းထွဋ် သက်ပြင်းကိုချရင်း . . .

"သေလိုက်ပါတော့ကွာ"

"ဟုတ်ပါတယ်ညီလေးရယ် . . . ကို သေသင့်ပါတယ်"

ဘယ်သူ့ကိုမှ အပြစ်မတင်တော့ပါ။ ဘယ်သူမပြု မိမိမှုသာဖြစ်သည်။ ဒီကိစ္စတွေစခဲ့တာက ကိုယ်တွေပဲလေ ခံပေါ့။ တွေးရင်း တစ်ခုသွားသတိရ၍ . . .

"ဂဂီ . . . ဂဂီရောဟင်"

သူ့ရဲ့ အမေးစကားကြောင့် ဝေဖြိုးနဲ့ ထွန်းကို တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးစိစိဖြစ်သွားကြသည်။

"ဟော့ကောင်တွေ ဘာပြုံးတာလဲ ဂဂီရောလို့ မေးနေတယ်လေ"

"ငါတို့ အဖြစ်မှန်တွေကို ရှင်းပြလိုက်လို့ ဂဂီအားလုံးသိသွားပြီ"

"ဟော . . . သူ . . . သူငါ့ကို ဘာပြောသေးလဲ"

"သေတာတောင် နည်းသေးတယ်တဲ့"

လင်းဘုန်းထွဋ် မျက်နှာချက်ချင်းညှိုးသွားသည်။ လင်းဘုန်းကို ကြည့်ပြီး ထွန်းကိုနဲ့ ဝေဖြိုးက . . .





"အဲဒီလောက်လည်း ဖြစ်မသွားပါနဲ့ကွာ ငါတို့က အလကားစတာပါ . . . အဲဒီအကြောင်းတွေလည်း သိသွားရော . . . ဂဂီမျက်နှာငယ်လေးဖြစ်သွားတယ်ကွ သိလား . . . ပြီးတော့ ငါတို့ကလည်း ပိုင်ပြီဆိုပြီး ဆက်တွန်းတာပါ . . . မင်းက သူ့ကိုဘယ်လောက်ချစ်ကြောင်း အခုလိုလုပ်ရတာကလည်း သူ့ရဲ့အချစ်ကို ရယူဖို့ ကြိုးစားရင်း ဖြစ်သွားတဲ့အကြောင်းပေါ့"

"အဲ အဲ တော့ သူက ဘာပြောလဲ"

"အင်း . . ဘာပြောလဲဆိုတော့ . . . ပထမတော့ မျက်နှာငယ်လေးကွ၊ ပြီးတော့ ဘာကိုတွေးမိသွားလဲ မသိဘူး . . . ငပေါတွေပဲဆိုပြီး ပြန်သွားတာပဲ"

"ဟင် သူပြန်သွားပြီဟုတ်လား"

"ဟဲ . . . ဟဲ မင်းသတိရလာရင်စားဖို့တဲ့ ကြက်စွပ်ပြုတ်သွားလုပ်တာပါ"

လင်းဘုန်းထွဋ်မျက်နှာကြီး ရုတ်တရက်ဖြီးသွားသည်။

"ဟုတ် . . . ဟုတ်လို့လားကွာ"

"အမယ် . . . ရုပ်ကိုက"

လင်းဘုန်းထွဋ်က ရှက်ရယ်ကြီးရယ်သည်။ ထွန်းကိုက ဝင်၍

"အခုဆို ငါတို့လေ့လာရသလောက် ဂဂီက မင်းကို သနားသွားပုံပဲကွ သိလား . . . အဲ . . . ဗီလိုလုပ်ပါလား . . . ဒီတစ်ခါ ငါရိုက်ပေးမယ်လေ"

အားလုံးရယ်ဖြစ်ကြသည်။ ထိုအချိန်မှာ ဂဂီနဲ့ ခင်မေဦးတို့ အခန်းထဲဝင်လာကြသည်။ ဂဂီလက်ထဲမှာ စတီးချိုင့်လေးနဲ့။ ခင်မေဦးက . . .

"ဒီလောက်ဖြစ်နေတာတောင် ရယ်နိုင်သေးတယ်နော်"

ထွန်းကိုတဝင်၍ . . . .



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်အဖြစ်ကိုက ရယ်စရာဖြစ်နေတာကိုး"

"ဟုတ်ပါ့ . . . တတ်လည်း တတ်နိုင်ကြတယ် . . . မတော် လို့သေသွားရင် ဒုက္ခ"

ဝေဖြိုးကဝင်၍ . . .

"သေသွားလည်း မြှုပ်ပေးလိုက်တာပေါ့ဗျာ"

ဒီတစ်ခါတော့ ဂဂ်ီတို့ပါ ပါလာ၍ ရယ်သံက တော်တော် ကျယ်သွားသည်။ ခဏကြာတော့ ထွန်းကိုနဲ့ ဝေဖြိုးက ခင်မေဦးကို မျက်ရိပ်ပြ၍ အခန်းအပြင်ကို ဟိုလိုလို ဒီလိုလိုနှင့် ထွက်သွားကြသည်။ ခင်မေဦးက ထွန်းကိုတို့ ထွက်သွားသည်နှင့် ခဏအကြာမှ . . .

"အဲ . . . ဟိုဟာ ခဏသွားဦးမယ်"

ဆိုပြီး မရေမရာနှင့် လစ်ထွက်၏။ ထို့ကြောင့်အခန်းထဲမှာ ဂဂ်ီနှင့် လူကြမ်းကြီးသုံးယောက်သာကျန်ခဲ့သည်။

လူကြမ်းကြီးတွေက ပထမတော့ ကြောင်တောင်တောင်ကြီး ရပ်နေသေး၏။ ပြီးတော့မှ သဘောပေါက်သွားကာ . . .

"ဒါဆို ငါတို့လည်း လစ်စို့"

ဆိုပြီး ပေါ်တင်ကြီး ရှောင်ထွက်လာကြတော့၏။

အားလုံးမရှိတော့ အခန်းထဲမှာ ဂဂ်ီနဲ့လင်းဘုန်းထွဋ်တို့ နှစ် ယောက်တည်း။

ဂဂ်ီက ချိုင့်ကလေးကို စားပွဲပေါ်တင်၍ အထဲက စွပ်ပြုတ် ရည်ကို ပန်းကန်ထဲပြောင်းထည့်နေသည်။ ပြီးတော့ လင်းဘုန်းထွဋ် ခုတင်ဘေးက စားပွဲပေါ်မှာတင်ရင်း . . .

"ကြက်စွပ်ပြုတ်လေး သောက်လိုက်ရအောင်နော် . . . အားရှိသွားတာပေါ့"

လင်းဘုန်းထွဋ်က . . .

"ဂဂ်ီကိုယ်တိုင် တိုက်မှာလား"





"အို ပေါက်သွားတာခေါင်းပဲ . . . လက်မှမဟုတ်တာ"

"ဒါဆိုမသောက်တော့ဘူး"

"ဟာ ကလေးလား"

"ကလေးဆို ဘယ်ချစ်တတ်ပါ့မလဲ . . . လူကြီးဖြစ်နေလို့ ချစ်တတ်နေတာပေါ့"

ဂဂ်ီက မျက်စောင်းလေးတစ်ချက်ထိုးပြီး . . .

"ဟွန်း . . . ဒါတောင်ခြောက်ချက်ချုပ်ထားရလို့ တော်သေး တယ်"

ဆိုပြီး ပန်းကန်ကိုယူလိုက်ကာ . . .

"ကဲ . . . ကဲ ထထိုင်ပြီး အနောက်ကိုမှီထား"

ဟုဆို၏။

လင်းဘုန်းထွဋ်ပျော်ပြီး ရုတ်တရက်ထထိုင်လိုက်စဉ် . . .

"အားလားလား"

ချုပ်ရိုးက နာသွား၍ အော်လိုက်၏။

ဂဂ်ီက စိတ်ပူသွားကာ စွပ်ပြုတ်ပန်းကန်ကို အလျင်အမြန် ချပြီး လင်းဘုန်းထွဋ်ကို ပြေးပွေ့လိုက်သည်။

လင်းဘုန်းထွဋ်က ဂဂ်ီကို အလိုက်သင့်မှီထားရင်း ကြည့် လိုက်ကာ . . .

"ဂဂ်ီ"

"ရှင်"

"ကျွန်တော် ဂဂ်ီကိုအရမ်းချစ်လို့ လုပ်လိုက်ရတာပါဗျာ"

"အို ကိုလင်းဘုန်းထွဋ်ကလည်း ဘာတွေ . . ."

ဂဂ်ီ စကားမဆက်ဘဲ ရပ်သွားသည်။ လင်းဘုန်းထွဋ်က ဂဂ်ီရဲ့လက်ကလေးကို ဆုပ်ကိုင်လိုက်သောကြောင့်ဖြစ်၏။ ဂဂ်ီ မရုန်း ပါ၊ ပြီးတော့ ရှက်ပြုံးလေးပြုံးပြီး ခေါင်းငုံ့ကာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂဂ်ီ"

"ဘာလဲ"

"ချစ်လားဟင်"

"သိဘူး . . . သွား"

"ဘယ်ကိုလဲ ဂဂ်ီအိမ်ကိုလား"

"ဟာ"

လင်းဘုန်းထွဋ်က အသည်းယားသွား၍ ဂဂ်ီကို သူ့ရင်ခွင်ထဲမှာ ထွေးပိုက်ထားလိုက်တော့၏။

"ဟောတော့"

ဒါကို အခန်းအပြင်ကနေ ခန်းဆီးလိုက်ကာလေးဟပြီး ချောင်းကြည့်နေတဲ့လူတွေ အားလုံးမြင်သည်။ အားလုံးကလည်း တခိခိနှင့် ကြိတ်ရယ်နေကြ၏။

အားလုံးထဲမှာ ထွန်းကိုတစ်ယောက် ဂဂ်ီနဲ့လင်းဘုန်းထွဋ်တို့ အဆင်ပြေသွားတာကိုကြည့်၍ ဘာစိတ်ကူးပေါက်သွားမှန်းမသိဘဲ ခင်မေဦးနားသို့ တိုးတိုးလေးသွား၍ . . .

"ခင်မေဦး"

ခင်မေဦးက လှည့်ကြည့်ပြီး တိုးတိုးလေးပဲ ပြန်ဖြေသည်။

"ရှင်"

"ဟို . . ဟိုဟာလေ ကျွန်တော့်အလှည့်ကျရင်တော့ ခြောက်ချက်အချုပ်မခံရခင် အဖြေပေးပါနော်"

"ဟောတော့"

ကြိုးစားလျက်
မိုးဆက်လင်းထက်

BURMESE CLASSIC
www.burmeseclassic.com